မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၉၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ ဒေသခံလူထုအပေါ် ထိခိုက်မှုရှိမည့် လုပ်ငန်းအမျိုးအစားများ ခွင့်ပြုမည်မဟုတ်

ရန်ကုန် ဇူလိုင် ၂၇

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီဥက္ကဋ္ဌ သူရဦးသောင်းလွင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့

စာမျက်နှာ ၃ ကော်လံ ၄ ✻

ယနေ့ မာတိကာ

ကမ္ဘာ့ခရီးသွားနှင့် အပန်းဖြေရန် အကောင်းဆုံးမြို့ဆု ဗန်ကောက်မြို့ရွေးချယ်ခံရ — စာ - ၄

ကော့ မှူး မြို့ နယ် ၌ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ဖွင့် — စာ - ၅

မြန်မာစကားမဟုတ်သော 'သူမ' (ဆောင်းပါး) — စာ - ၆

ကင်းတားရေလှောင်တမံ၏ အသုံးပြုရေပမာဏ တွက်ချက် ရေပေးမြောင်းများ အလိုက် ပျိုးထောင်ရေပေးဝေနိုင်ရေးဆောင်ရွက် — စာ - ၁၀

စာဖတ်များလေ စာရေးကောင်းလေ (ဆောင်းပါး) — စာ - ၁၅

မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် တပ်ဆင်ထားသော ကောင်းကင်ကြိုးရထားတစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-မလေးရှား တိုးရစ်ဇင်)

ပထမဆုံး တောင်တက်ကောင်းကင်ရထား (Cable Car) စီမံကိန်း ဇွဲကပင်တောင် ဆံတော်ရှင်၌ တည်ဆောက်ရန် စတင်စီစဉ်နေ

ကရင်ပြည်နယ် ဘားအံမြို့ရှိ ကျက်သရေဆောင် ဇွဲကပင်တောင် ဆံတော်ရှင်သို့ ဘုရားဖူးလာပြည်သူများ လွယ်လင့်တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရန် တောင်တက်ကောင်းကင်ရထား (Cable Car) တည်ဆောက်သွယ်တန်းရေးစီမံကိန်းနှင့် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က ဦးဆောင်ဆရာတော်တစ်ပါးဖြစ်သည့် မလေးရှားနိုင်ငံ ပီနန်ကျောင်းမှ ပီနန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညာဝံသအား ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာ

သတင်းနှင့်ဓာတ်ပုံ-ရီရီမြင့်၊ ဥမ္မာသန့်

သန္တိသုခကျောင်းတော်ကြီး၌ သွားရောက်မေးမြန်းလျှောက်ထားခဲ့သည်များကို တင်ပြလိုက်ပါသည်။

မေး ။ ။ ဒီစီမံကိန်းကိုဘယ်သူတွေ ဦးဆောင်ပြီးလုပ်မှာပါလဲ။

ဖြေ ။ ။ ဘုန်းကြီးရယ်၊ ဇွဲကပင်ဆရာတော်ရယ်၊ ဟိုဘက်က သာသနာ့ဗေဿမဏ်လာ(သုံးထပ်ကျောင်း)က ဆရာတော်ရယ်၊ အဲဒီ သုံးပါးဦးဆောင်ပြီး

စာမျက်နှာ ၇ ကော်လံ ၁ ▲

မြန်မာ့နယ်စပ် ကုန်သွယ်မှု တိုးတက်မြင့်မားလာ

မောင်သစ္စာ - ရေးသားသည်

နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးမြှင့်ဖွင့်လှစ်ခဲ့သဖြင့် နယ်စပ်ကုန်သွယ်မှုလည်း တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ထိုင်း စသည့် နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ စုစုပေါင်း ၁၆ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမသုံးလတာကာလဖြစ်သော ဧပြီမှ ဇွန်လအထိ စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၈၉၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

အပြန်အလှန်ကုန်သွယ်မှုပြုလုပ်

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှု အဓိကစခန်းဖြစ်သော မူဆယ်နှင့် မြန်မာ-ထိုင်းနယ်စပ်စခန်းဖြစ်သော မြဝတီတို့မှာ ကုန်သွယ်နိုင်မှု အများဆုံးဖြစ်သည်။ တစ်ဖန် တာချီလိတ်၊ ကော့သောင်းနှင့်မြိတ်တို့မှလည်း ထိုင်းနိုင်ငံနှင့် အပြန်အလှန်ကုန်သွယ်မှုများ ပြုလုပ်နိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုစခန်းများမှ ပြည်ပသို့တင်ပို့နိုင်မှု ပမာဏမှာ ၂၀၁၃-၂၀၁၄ ပထမသုံးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၄၅၂ သန်းရှိခဲ့သည်။ တစ်ဖန်ယင်းကာလအတွင်း နယ်စပ်ကုန်သွယ်မှုမှ မြန်မာနိုင်ငံသို့ တင်သွင်းသည့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၄၂ သန်းရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်စပ်ကုန်သွယ်မှုများအနက် အများဆုံးကုန်သွယ်နိုင်မှုမှာ မူဆယ်နယ်စပ်ကုန်သွယ်ရေး စခန်းဖြစ်ရာ ယင်းကာလအတွင်း နယ်စပ်ကုန်သွယ်မှု၏ သုံးပုံနှစ်ပုံခန့်ရှိခဲ့သည်။

(မြန်မာ့အလင်း)



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အိမ်နောက်ဖေးဈေးဆိုင်တည်

“အိမ်နောက်ဖေးဈေးဆိုင်တည်၊ ခေါင်းတစ်ရာသားကို စားပါ”ဆိုသောစာသားလေးကို ငယ်စဉ်က ကျောင်းသင်ခန်းစာအဖြစ် သင်ယူကျက်မှတ်ခဲ့ကြရပါသည်။ အထူးသဖြင့် အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုခြင်းမှာ မိမိတို့၏ နေအိမ်၊ ရုံး၊ ကျောင်းစသည်တို့၌ မြေလွတ် မြေကွက်လပ်များပေါ်တွင် ဟင်းသီးဟင်းရွက်များနှင့် သီးပင်စားပင်များ စိုက်ပျိုးထားကြရန် တိုက်တွန်းထားခြင်းပင် ဖြစ်ပါသည်။

မှန်ပါသည်။ ယခုကဲ့သို့ မိုးလရာသီ အခါသမယတွင် နိုင်ငံနှင့်အဝန်း ဒေသအသီးသီးတို့၌ မိုးဖြိုင်ဖြိုင် ရွာသွန်းဖြိုးပြီဖြစ်၍ စိုက်ပျိုးရေးလုပ်ကိုင်ရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ရွာသွန်းခဲ့သောမိုးကြောင့် စိုက်ပျိုးရန်မြေများ နူးနပ်နေပြီဖြစ်ပါသည်။မိမိတို့အိမ်ဘေး၊ ကျောင်းဘေး၊ ရုံးဘေး စသည်တို့၌ ဘူး၊ ဖရုံ၊ သခွား၊ ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်စသော ဟင်းသီးဟင်းရွက်များ စိုက်ပျိုးမည်ဆိုပါက အောင်မြင်ဖြစ်ထွန်းနိုင်သည့်အနေအထား ဖြစ်ပါသည်။

သို့သော်အများစုသည်မြေပို မြေလပ်များ မိမိတို့ ခြံဝင်းများအတွင်း၌ ရှိသော်လည်း စိုက်ပျိုးစားသုံးခြင်း နည်းပါးလျက်ရှိပါသည်။ ဟင်းရွက်ကန်စွန်းပဲ ငွေကျပ် ၅၀၊ ၁၀၀ ဖိုး ပေးဝယ်လိုက် ရတာပဲဆိုသူတွေက များ၏။ ထိုကဲ့သို့ ဝယ်စားမည်ဆိုသောသူများသာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရှိနေမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှု၏ရိုက်ခတ်ခြင်းကို မလွဲမသွေ ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ လုံးဝစိုက်ရန် မြေမရှိ၍ ဝယ်စားသည်က တော်သေး၏။ မြေရှိပါလျက်နှင့် မစိုက်မပျိုးဘဲ အမြဲတမ်းဝယ်စားနေကြမည်ဆိုလျှင် ရောင်းလိုအားနှင့် ဝယ်လိုအားကို မမျှတတော့ဘဲ ဝယ်လိုအားက များကာ ကုန်ဈေးနှုန်းသည် ကျစရာအကြောင်းမရှိတော့။ တက်လာဖွယ်ရာသာ ရှိပေ၏။

ယခုအခါ နေအိမ်၊ ရုံး၊ ကျောင်း စသည်တို့၌ မြေပို မြေလပ်တို့တွင် မစိုက်မပျိုးဘဲထားသည့်မြေ များစွာရှိနေသည်။ ယင်းမြေကွက်တို့၌ ဟင်းသီးဟင်းရွက်နှင့် သီးပင်စားပင်များကိုသာမက ကြက်၊ ဘဲ၊ ဝက်၊ ငါးစသည့် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်သွားကြမည်ဆိုလျှင် မိမိတို့စားသုံးမှု ဖူလုံရုံမက ပိုလျှံသည်များကို ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေစီးပွားတိုးပွားလာမည် ဖြစ်ပါသည်။ သို့ပါ၍ အိမ်နောက်ဖေး ဈေးဆိုင်များ တည်ကြပါစို့လား။ ။

အလယ်တန်းအဆင့် အခွန်ပညာပေးဟောပြော

ကျောက်မဲ ဇူလိုင် ၂၇

အခြေခံပညာအလယ်တန်းအဆင့် အခွန်ဆိုင်ရာပညာပေး ဟောပြောပွဲကို ကျောက်မဲမြို့ အထက(၁) သီရိရတနာခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာ သိကောင်းစရာများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်ပြီး ကျောက်မဲမြို့နယ် အခွန်ဦးစီးမှူး ဦးဆန်းလှိုင်က ပညာပေး ဟောပြောသည်။

ပညာပေး

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ခရိုင်ပညာရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်အခွန်ဦးစီးမှူး ဦးဆန်းလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ချိုစံနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အခွန်ဦးစီးဌာနက အခွန်ဆိုင်ရာပညာပေးစာစောင်များကို ကျောင်းသား ကျောင်းသူများကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

မောင်မောင်

ပြည်တွင်းသတင်း

သာသနာရေးဆိုင်ရာ ဥပဒေ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၇

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဆိုင်ရာ ဥပဒေ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန စုံညီခန်းမ၌ ဖွင့်လှစ်ရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က မိမိတို့ဝန်ကြီးဌာနမှ အငြိမ်းစားယူသွားသည့် ဆရာကြီးများထံမှ ပညာရပ်များ၊ အကြံဉာဏ်များ၊ အတွေ့အကြုံကောင်းများကို ယူရမည်ဖြစ်ကြောင်း၊ ပညာလို အိုသည်မရှိသည့်အတွက် လက်ဆင့်ကမ်း ပညာအမွေများကို ရယူရန်လိုကြောင်း၊ ပြီးလျှင်မိမိတို့ကလည်း ပြန်လည်၍ လက်ဆင့်ကမ်းပေးခဲ့ရမည်ဖြစ်ကြောင်း၊ ဤသင်တန်းမှ ယခင်ထက် သာသနာ့အကျိုးကို ပြောင်မြောက်စွာ ထမ်းဆောင်နိုင်သည်ဖြစ်ကြောင်း၊ ဥပဒေဆိုင်ရာ ဝိနိစ္ဆယကိစ္စရပ်၊ ဘာသာသာသနာဆိုင်ရာကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သင်တန်းသားများ၏ အရည်အသွေးများတိုးမြင့်အောင် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ အပြန်အလှန်ဆွေးနွေးပို့ချမှုများကို ပြုလုပ်ရာတွင်လည်း ဝိနိစ္ဆယကိစ္စရပ်များ၌ ဥပဒေ၊ Rule and Regulation များကို မှတည်ပြီး Problem များကို Solve လုပ်နိုင်စေရန်အတွက် နှိုက်နှိုက်ချွတ်ချွတ် ဆွေးနွေးကြရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းကိုင်တွယ်ရာတွင် လုပ်ထုံးလုပ်နည်းများအတိုင်း၊ ဝိနည်း ဓမ္မကံများအတိုင်း ဖြေရှင်းဆောင်ရွက်နိုင်ကြစေရန် ရည်မှန်းပြီး ယခုကဲ့သို့ အဆင့်မြှင့်မွမ်းမံသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်ကြားပို့ချ

သင်တန်းတွင် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးခိုင်အောင်နှင့် ဦးမိုးဇော်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးစန်းလွင်၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးညွန့်မောင်၊ ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးကိုကိုမြင့်တို့က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို အဆင့်မြှင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇူလိုင် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရတနာ့ဗိမာန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို အဆိုပါ ပညာရေးကျောင်းရှိရာ (၅) ရပ်ကွက် ဘုရင့်နောင်လမ်း မရမ်းကုန်းမြို့နယ်၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး လှူဒါန်းစဉ်။

မီးမီး(လှိုင်)

မိုးမရွာသော်လည်း ရေကြီးနေသည့် တောင်ဥက္ကလာပ

ထင်သာမြင်သာ ပြုပြင်စရာ

မိုးမရွာသော်လည်း ဒီရေတက်၍ ရေကြီးကာ တောင်ဥက္ကလာပ (၄)ရပ်ကွက်နှင့် (၅)ရပ်ကွက်တို့တွင် လမ်းများ၊ အိမ်များ၊ ဈေးဆိုင်များ ရေမြုပ်လျက်ရှိနေသည်ကို တွေ့ရသည်။

အဆိုပါ ရေနစ်မြုပ်ရခြင်းမှာ ရေတံခါးကျဉ်းခြင်း၊ ရေတက်လာသည့်အခါ ရေတံခါးပိတ်သော်လည်း ရေတံခါးနှင့်ကပ်လျက် ရေတံတားအုတ်တံတိုင်းပြိုပျက်နေခြင်းကြောင့် ရေလျှံကာ (၄)ရပ်ကွက်နှင့် (၅) ရပ်ကွက်များဆီသို့ ရေများဝင်ရောက်စဉ် ရပ်ကွက်များမှ ရေစီးမြောင်းများ ပိတ်နေခြင်းကြောင့်ဖြစ်ကြောင်း (၄) ရပ်ကွက် ပညာလမ်းနေ ဦးထွန်းရွှေက ပြောပြသည်။ ထို့အပြင် ကေတုမာလာလမ်းရှိ သီရဥက္ကလာကျောင်းတိုက်နှင့် သိမ်ကျောင်းတို့လည်း ရေနစ်မြုပ်လျက်ရှိရာရေကြီးမှုသက်သာစေရန် ကျောင်းတိုက်အနီး၌ရှိသော ရေကာနံရံပြိုပျက်နေသဖြင့် ပြုပြင်ရန်လိုအပ်နေကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။

သန်းမောင်(ရန်ကင်း)

ပူတာအိုမြို့၌ ၃၁၅ ကေဗွီအေထရန်စဖော်မာအသစ် တည်ဆောက်ဖွင့်လှစ်

ပူတာအို ဇူလိုင် ၂၇

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ပေါ် ရပ်ကွက်များ ဖြစ်ကြသော ဟိုခိုနှင့် ပန်းလှိုင်ရပ်ကွက်များရှိ ပြည်သူများလျှပ်စစ်ဓာတ်အား ပို့အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ဦးဆောင်မှုဖြင့် ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး၊ ၁၁ ကေဗွီဓာတ်အားလိုင်း တစ်မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ပြီးစီးသဖြင့် ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၅ ရက် ညနေ ၆ နာရီက ဟိုခိုရပ်ကွက် အောက်ချိုင့်လမ်းဆုံနှင့် နတ်ရေကန်ဆိုင်ရှေ့၌ ကျင်းပသည်။

စစ်ဆေး

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ၃၁၅ကေဗွီအေထရန်စဖော်မာအသစ်ကို မိန်းခလုတ်ဖွင့်ကာ ဓာတ်အား စတင်ပို့လွှတ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က အိမ်များတွင် ဓာတ်အားအပြည့်အဝရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဝမ်းမြောက်

ယခင်ကထက် ဓာတ်အား အပြည့်အဝရရှိသဖြင့် ဟိုခိုနှင့်ပန်းလှိုင်ရပ်ကွက်များမှပြည်သူများ ကျေးဇူးတင် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

Mercedes-Benz မော်တော်ယာဉ် တရားဝင်ဖြန့်ချိခွင့်ပြု

ရန်ကုန် ဇူလိုင် ၂၇

Automobile Alliance Co., Ltd. နှင့် Cycle & Carriage Automobile Myanmar Co., Ltd. တို့၏ တရားဝင်အသိအမှတ်ပြု အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတော်အနေဖြင့် ခေတ်နှင့်လျော်ညီသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့ကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ ကြီးပွားတိုးတက်ရေးတို့ကို ရည်မှန်း၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးမြို့တော် ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ များစွာတိုးတက်ကောင်းမွန်လာသည်ကို တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်လုပ်ငန်းများသည် ရန်ကုန်တွင် အများဆုံး အခြေစိုက်လုပ်ကိုင်နေကြကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေး GDP သည် တစ်နိုင်ငံလုံးစီးပွားရေး၏ ၂၃ ရာခိုင်နှုန်း ပါဝင်မှုရှိပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းရှင်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ဝိုင်းဝန်းအားပေးကူညီဆောင်ရွက်နေပါကြောင်း၊ စီးပွားရေးတိုးတက်လာမှုနှင့်အတူ လူနေမှုအဆင့်အတန်း မြင့်မားစွာနေထိုင်လာနိုင်မည်ဖြစ်ရာ ထင်ရှားကျော်ကြား အဆင့်အတန်း မြင့်မားသော Mercedes-Benz ကားများကို ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်၍ ခေတ်နှင့်လျော်ညီစွာ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် အဆင့်မြင့်တင်နေမှုများနှင့် ပဏာရနေမည်ဖြစ်ကြောင်း ပြောကြားပြီး Mercedes- Benz E-Class မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများ မြန်မာ့ငြိမ်းချမ်းရေးပွဲတော်- ၂၀၁၃ အထိမ်းအမှတ် ဂီတ၊ ရုပ်ရှင်၊ သဘင် ဖျော်ဖြေမှုအစီအစဉ်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❐ ***ကျောဖုံးမှ***

လူရွှင်တော် ဇော်၊ ကျော်ထူး၊ Five Star၊ D-Star၊ ရွှေဖလား ရာဇာ၊ ဟားငါးကောင်၊ ဟားတစ်သိုက်၊ စုဗူး၊ CJ နှင့် ရွှေညီအစ်ကိုတို့ကလည်း ကောင်း အနုပညာရသ မြောက်စွာဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မြန်မာ့ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြသည့် ရွှေပွဲလာပရိသတ်များ အထူးနှစ်ခြိုက်စွာ လာရောက် အားပေးခဲ့ကြသည်။

ဇူလိုင် ၂၈ ရက်တွင် မြန်မာ့ငြိမ်းချမ်းရေးပွဲတော်-၂၀၁၃ ဂီတဖျော်ဖြေမှုအဖြစ် Iron Cross တေးဂီတအဖွဲ့က ဆက်လက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မြန်မာ့ငြိမ်းချမ်းရေးပွဲတော်၂၀၁၃ ကို စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်တို့မှ အနုပညာရှင်များက အနုပညာကြေး လုံးဝမယူဘဲ ယနေ့ရရှိသော ရန်ပုံငွေများကို ငြိမ်းချမ်းရေးအတွက် လိုအပ်သော နေရာများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ငြိမ်းချမ်းရေးပွဲတော် -၂၀၁၃ အထိမ်းအမှတ် ဖျော်ဖြေတင်ဆက်မှုများကို အခါအားလျော်စွာ ဆက်လက်စီစဉ်တင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် မြန်မာ့ငြိမ်းချမ်းရေးပွဲတော်-၂၀၁၃ တွင် မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် ကုမ္ပဏီများနှင့် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ်သိန်းလေးထောင်ကျော် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ ***ကျောဖုံးမှ***

ပြည်တွင်းပြည်ပ ခရီးသွားတွေမန္တလေးကို ဝင်ရောက်မှုအပေါ်မှာ မူတည်နေပါတယ်။ နှစ်စဉ်နှစ်တိုင်းမှာတော့ ပြည်ပခရီးသွားတွေမန္တလေးကို အဝင်များတဲ့ ကိုးလပိုင်းကနေ နောက်နှစ် နှစ်လပိုင်းလောက်အထိကို မော်တော်ယာဉ်ပိုင်ရှင်တွေရော အငှားမောင်းသူတွေပါ ပြုံးရွှင်ကြတဲ့လတွေဖြစ်တယ်ဗျ။ လေယာဉ်လက်မှတ်ဝယ်တဲ့ နေရာမှာလည်း မော်တော်ယာဉ်လက်မှတ်တွေကို ကြိုတင်ဝယ်ယူလို့ရပါတယ်”ဟု အငှားယာဉ်မောင်းတစ်ဦးက ရှင်းပြခဲ့သည်။

မောင်မောင်မန်း

* ***ရှေ့ဖုံးမှ***

၂၀၀၈ ခုနှစ် မေ ၁၉ ရက်တွင် စင်ကာပူနိုင်ငံ၌ ကနဦး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံမှ အီတာလျံ-ထိုင်းကုမ္ပဏီတို့ နားလည်မှု စာချွန်လွှာကို ၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အလားတူ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မူဘောင်သဘောတူစာချုပ်ဖြစ်သော Framework Agreement ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး လုပ်ငန်းများကို စတင်အကောင်အထည် ဖော်ခဲ့ကြကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာဘက်မှ ဒုတိယသမ္မတ ဦးညဏ်ထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

ယင်းစီမံကိန်း လုပ်ငန်းများ၏ လုပ်ငန်းပမာဏအရ ဘဏ္ဍာငွေအရင်းအနှီး ကြီးမားသည့်အတွက် အီတာလျံ-ထိုင်းကုမ္ပဏီတစ်ခုတည်းအနေဖြင့် အချိန်မီ ရှာဖွေဖြည့်ဆည်းခြင်းမပြုနိုင်သည့်အတွက် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်လာရေးအတွက် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဝန်ကြီးများပူးတွဲလက်မှတ်ရေးထိုးထားသည့် ဖိတ်ကြားစာကို ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ ပေးပို့ထားကြောင်း၊ ထားဝယ်အထူးစီပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အဆင့်အလိုက် အကောင်အထည်ဖော် ပြီးစီးချိန်တွင် စုစုပေါင်းမြေအကျယ်အဝန်းမှာ ၄၄ ဒသမ ၈၅၀ ဧက ရှိမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ထိခိုက်မှုရှိမည့် လုပ်ငန်းအမျိုးအစားများကို ခွင့်ပြုသွားမည် မဟုတ်ကြောင်း၊ ယင်းစီမံကိန်းကြီးတွင် ပါဝင်ဆောင်ရွက်ကြမည့် လုပ်ငန်းကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံသူများကို International Tender စနစ်ဖြင့် စိစစ်ရွေးချယ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံခြားလုပ်ငန်းရှင်များ၊ ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်နိုင်မည်ဖြစ်သည့်အပြင် ယင်းစီမံကိန်းကြီးတွင် ပါဝင်မည့် လုပ်ငန်းအမျိုးအစားအလိုက် Investor များ၊ Developer များ ရွေးချယ်မှုကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီကသာ ရွေးချယ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဆက်အောင်က SPV (Special Purpose Vehicle) ထူထောင်ရန် နိုင်ငံများကို ရွေးချယ်ရာတွင် ထိုင်းနိုင်ငံကို ရွေးချယ်ရခြင်း၊ SPV ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် ချိတ်ဆက်ညှိနှိုင်းမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ သူရဦးသောင်းလွင်က ထားဝယ်ဒေသသည် မဟာမဲခေါင် ဒေသ၏ တောင်ဘက်စီးပွားရေးစင်္ကြံ ဖြစ်သဖြင့် အထူးစီးပွားရေးဇုန် ဖော်ဆောင်နိုင်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၇

၂၀၁၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် **၂၁ ရာစု စာတတ်မြောက်ရေးဆောင်ရွက်ဖို့ အကောင်းဆုံး တီထွင်ကြံဆဆောင်ရွက်စို့** ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက်မနည်း ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေးကြိုက်နှစ်သက်ရာဖြင့် A4 အရွယ်အစား စာမျက်နှာ တစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင်(မူရင်းနှင့် မိတ္တူ) ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (၁ လက်မခွဲ × ၂ လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဒေါက်တာမျိုးသိမ်းကြီး ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ရုံးအမှတ် (၅၂) နေပြည်တော်သို့ သြဂုတ်လ ၂၀ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၃၀၁၅၁၊ ၀၆၇-၄၃၀၁၆၁၊ ၀၆၇-၄၃၀၁၆၄၊ ၀၆၇-၄၃၀၁၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် သဲကုန်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှဆောင်ရွက်

ပြည် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် အင်းကုန်းချောင်း၊ မီးလောင်ချောင်း တူးဖော်ခြင်းလုပ်ငန်းများ၊ မြွေတွင်းတူးဆည် တူးဖော်ခြင်းလုပ်ငန်း၊ သဲဖြူချောင်း ရေထိန်းဆည်ပြုပြင်ခြင်းလုပ်ငန်း၊ ပြည်တော်သာချောင်း၊ ကင်းနက်ချောင်း ကျိုးပေါက်မှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် သဲကုန်းကြီးချောင်း တူးဖော်ခြင်းလုပ်ငန်းများအား သဲကုန်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းမြင့်နှင့်ဝန်ထမ်းများက စက်ယန္တရားကြီးများအသုံးပြု၍ ဆောင်ရွက်ပေးခဲ့ရာ **(ယာပုံ)** ဇူလိုင် ၇ ရက်တွင် ပြီးစီးခဲ့သည်။

ထိုသို့ ပြီးစီးဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် ဝမ်းသာကြည်နူးလျက်ရှိကြပြီး တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၏ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက ဆည်မြောင်းဦးစီးဌာနသို့ ကျေးဇူးတင်ဝမ်းမြောက်ကြောင်းစာများ ပေးပို့ခဲ့ကြောင်းသိရသည်။

(၁၀၅)

နိုင်ငံတကာသတင်း

ပါကစ္စတန်၌ဗုံးပေါက်ကွဲ ၅၇ ဦးခန့် သေဆုံး ၁၈၀ ကျော် ဒဏ်ရာရ

ပါရာချီနာ ဇူလိုင် ၂၇

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဈေးတစ်ဈေးအတွင်း ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ ၅၇ ဦးခန့်သေဆုံးပြီး လူ ၁၈၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ဗုံးများပေါက်ကွဲမှုဖြစ်ပွားရာ ဈေးမှာ အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံ ကာရမ်ဒေသရှိမြို့ကြီးတစ်မြို့ဖြစ်သော ပါရာချီနာမြို့ဈေး၌ဖြစ်ပြီး ဘာသာရေး အဆောက်အအုံနှစ်ခုအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဈေးမှာ ရာမာဒန်လအတွက် ဈေးဝယ်သူများနှင့် စည်ကားနေချိန်ဖြစ်ရာ ဈေးဝယ်သူများပြားနေချိန်၌ ဗုံးများပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူဦးရေများပြားသဖြင့် ဆေးရုံတွင်နေရာပေးစရာမရှိဖြစ်ရကြောင်း ဒေါက်တာဇာဟစ်ဟူစိန်က ပြောကြားသည်။ ဒဏ်ရာရရှိသူအများအပြားမှာ ဆေးရုံကြမ်းပြင်၌ပင် ထားရှိနေရသည်။

ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာတစ်ဝိုက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ရိုက်တာ)**

ပင်လယ်ရေကြောင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် ဖိလစ်ပိုင်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သဘောတူ

မနီလာ ဇူလိုင် ၂၇

ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရန် ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဖိလစ်ပိုင်သမ္မတအကွီနိုတို့ ဇူလိုင် ၂၇ ရက်က သဘောတူညီခဲ့ကြကြောင်း ဆင်ဟွာက သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ သမ္မတနန်းတော်၌ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အဆိုပါသဘောတူညီချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြုံတွေ့နေရသော ဖိလစ်ပိုင်နှင့်ဂျပန်နိုင်ငံတို့သည် မဟာဗျူဟာကျကျပူးပေါင်းဆောင်ရွက်ကြမည်ဟု ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်ကမ်းခြေစောင့် တပ်ဖွဲ့၏ စွမ်းရည်တိုးတက်မြင့်မားရေးအတွက် စစ်ရေယာဉ်များနှင့် ဆက်သွယ်ရေးစနစ်များ တိုးတက်ကောင်းမွန်ရန် ဂျပန်အစိုးရက အကူအညီများပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဖိလစ်ပိုင်သမ္မတက ပြောကြားသည်။

ဂျပန်နိုင်ငံက ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့အတွက် စစ်ရေယာဉ် ၁၀ စင်းရရှိစေရန် ငွေကြေးနှင့် အကူအညီများပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အတည်ပြုပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံက အကူအညီပေးမည် ဖြစ်သည်။ **(ဆင်ဟွာ)**

ပါကစ္စတန်သမ္မတရွေးကောက်ပွဲ အတိုက်အခံပါတီ သပိတ်မှောက်မည်

အစ္စလမ်မာဘတ် ဇူလိုင် ၂၇

ပါကစ္စတန်နိုင်ငံတွင် လာမည့် သီတင်းပတ်၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲကို မိမိတို့ သပိတ်မှောက်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအတွက် လုံလောက်သော ပြင်ဆင်ချိန်မရ၍ ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ၏ အဓိကအတိုက်အခံပါတီ ပီပီပီမှ တာဝန်ရှိသူများက ဇူလိုင် ၂၇ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပါကစ္စတန်သမ္မတရွေးကောက်ပွဲကို ယခင်က ဩဂုတ် ၆ ရက် သတ်မှတ်ထားရာမှ ဇူလိုင် ၃၀ ရက်သို့ ရွှေ့တိုးကာ ပြောင်းလဲသတ်မှတ်လိုက်ခြင်းကြောင့် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအတွက် အချိန်ရက်သတ္တပတ်ခန့်နည်းသွားခဲ့သည်။အာဏာရပါတီဖြစ်သော ပီအမ်အယ်လ်-အင်န်ပါတီကရာမာဒန်လနှင့် တိုက်ဆိုင်နေသဖြင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရန် မူလကသတ်မှတ်ထားခဲ့သော ဩဂုတ် ၆ရက်မှ ဇူလိုင် ၃၀ ရက်သို့ပြောင်းရွှေ့သတ်မှတ်ပေးရန် တိုက်တွန်းခဲ့သဖြင့် သမ္မတရွေးကောက်ပွဲကျင်းပမည့် ရက်ကို ရွှေ့တိုးသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး လေ့လာသုံးသပ်သူများက အာဏာရ ပီအမ်အယ်လ်-အင်န်ပါတီက အနိုင်ရရှိရန် သေချာလုနီးပါးဖြစ်နေရာ အဓိကအတိုက်အခံပါတီ၏ ရွေးကောက်ပွဲ သပိတ်မှောက်မှုသည် အကျိုးသက်ရောက်မှုအနည်းငယ်သာ ရှိနိုင်မည်ဟု ဆိုထားသည်။

မိမိတို့ အခြားရွေးချယ်ရန် နည်းလမ်းမရှိကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို သပိတ်မှောက်မည်ဖြစ်ကြောင်း၊ အတိုက်အခံပါတီ ပီပီပီ၏ သမ္မတလောင်းအဖြစ် အရွေးခံမည့် ရာဇာရက်ဘာနီက ထုတ်ဖော်ပြောကြားသည်။ **(ဆင်ဟွာ)**

အစ္စရေးသူလျှိုသိမ်းငှက် တူရကီပြန်လွှတ်

အန်ကာရာ ဇူလိုင် ၂၇

အစ္စရေးတို့ စေလွှတ်ထားသော လျှို့ဝှက်သူလျှိုသိမ်းငှက်ငယ်အမှတ်ဖြင့်ဖမ်းဆီးထားသောငှက်တစ်ကောင်ကို သူလျှိုမဟုတ်မှန်းသိ၍ တူရကီအာဏာပိုင်များ ပြန်လွှတ်ပေးလိုက်ရကြောင်း ဒေးလီးမေးသတင်းဌာန၏ ဇူလိုင် ၂၇ ရက် သတင်းတစ်ရပ်အရ သိရသည်။

တူရကီရှိ အယ်တီနေဗာကျေးရွာမှရွာသူရွာသားများက သတ္တုခြေမန်းကွင်းပါသိမ်းငှက်ကို ဖမ်းဆီးရမိခဲ့သည်။ သိမ်းငှက်၏ ခြေမန်းကွင်းတွင် "24311 Tel Avivunia Israel" ဟု စာထွင်းထားသည်ကိုတွေ့ရှိရပြီး သူလျှိုစပိုင်ငှက်ဟုသံသယဝင်ကာ ဒေသအုပ်ချုပ်ရေးအဖွဲ့သို့ လာရောက်အပ်နှံခဲ့သည်။

သို့သော်လည်း ထိုစပိုင်သိမ်းငှက်ကို X-ray ရိုက်ပြီးစစ်ဆေးရာ ထောက်လှမ်းရေးပစ္စည်းများ တစ်စုံတစ်ရာ တပ်ဆင်ထားခြင်းမရှိကြောင်း တွေ့ရမှ အစစ်အဆေးမရှိ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ ခြေမန်းကွင်းမှာ ငှက်များစားကျက်ပြောင်းရွှေ့မှုကို ခြေရာကောက်နိုင်ရန် သုတေသနပညာရှင်များက အမှတ်အသားပြုလုပ်လွှတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

တူရကီနှင့် အစ္စရေးနှစ်နိုင်ငံသည် ၂၀၁၀ ခုနှစ်ကတည်းက ဆက်ဆံရေးတင်းမာနေခဲ့သည်။ ဂါဇာကမ်းမြောင်တွင် ပိတ်ဆို့ထားမှုကို ကျော်လွှားချိုးဖောက်ရာတွင် အကူအညီပေးခဲ့ကြသော တူရကီတက်ကြွလှုပ်ရှားသူကိုးဦးကို အစ္စရေးကွန်မင်ဒိုများ ပစ်သတ်လိုက်ခြင်းမှစကာ နှစ်နိုင်ငံကြား တင်းမာလာခဲ့ခြင်းဖြစ်သည်။

ဒေးလီးမေး

ကမ္ဘာ့ခရီးသွားနှင့် အပန်းဖြေရန် အကောင်းဆုံးမြို့ဆု ဗန်ကောက်မြို့ရွေးချယ်ခံရ

ဗန်ကောက် ဇူလိုင် ၂၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့သည် ၂၀၁၃ ခုနှစ် ကမ္ဘာ့အကောင်းဆုံးမြို့အဖြစ် နယူးယောက်မြို့အခြေစိုက် Travel and Leisure မဂ္ဂဇင်းက ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ခရီးသွားလာမှုနှင့် အပန်းဖြေမှုဆိုင်ရာ ကမ္ဘာ့အကောင်းဆုံး ၁၀ နိုင်ငံအနက် အပန်းဖြေခရီးသွားရန် အကောင်းဆုံးမြို့အဖြစ် ကမ္ဘာလှည့်ခရီးသွားများကို စစ်တမ်းကောက်ယူခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့က မဲဆန္ဒ ၉၀ ဒသမ ၄၀ ရာခိုင်နှုန်း ရရှိခဲ့ခြင်းဖြစ်သည်။

ဗန်ကောက်မြို့ပြီးလျှင် အစ္စတန်ဘူမြို့က မဲဆန္ဒ ၈၉ ဒသမ ၉၆ ရာခိုင်နှုန်း၊ ဖလောရင့်မြို့က မဲဆန္ဒ ၈၉ ဒသမ ၈၄ ရာခိုင်နှုန်းရရှိခဲ့ကြသည်။ အဆိုပါဆုကို ဗန်ကောက်မြို့အုပ်ချုပ်ရေးမှူး ဆူခန်ဖန်ပရီဘက်တရာက ယင်းမဂ္ဂဇင်း အယ်ဒီတာများက နယူးယောက်မြို့တွင် အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည်။ထို့အပြင် ဗန်ကောက်မြို့သည် "Best city in Asia" ဆုကိုလည်း ၂၀၀၉ ခုနှစ်မှ လွဲပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ခုနှစ်ကြိမ်ရရှိခဲ့သောမြို့လည်းဖြစ်သည်။ ၎င်းဆုကိုလည်း အဆိုပါ မဂ္ဂဇင်းကပင် ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

ကမ္ဘာ့ခရီးသွားလာမှုနှင့် အပန်းဖြေမှုမြို့များတွင် ပါရီ၊ ဘာစီလိုနာ၊ ရောမ၊ ကျိုတို စသည့်မြို့များလည်း ကမ္ဘာ့အကောင်းဆုံး ၁၀ မြို့ စာရင်း၌ ပါဝင်သည်။ **(အာရှနယူး)**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ် ၃ (၂၀၁၃-၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ကျောက်အမျိုးအစား	အရေအတွက်	ပေးသွင်းရမည့်နေရာ
၁။	ရွယ်စုံကျောက်	၁၃၈၅.၀၀ ကျင်း	ကြီးမိုင်ဆည်-ဇလွန်-နေမြို့-ဇလွန်လမ်း
၂။	မြစ်သဲ	၂၄၇.၀၀ ကျင်း	မိုင်(၂၁/၇ မှ ၃၅/၇ အတွင်း)

တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၈-၂၀၁၃ ရက်၊ ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟင်္သာတခရိုင်၊ တာဝါဆယ်မြောက်ရပ်၊ ဈေးပေးလမ်း၊ ဟင်္သာတမြို့
တင်ဒါဖွင့်မည့်ရက်/အချိန် - ၉-၈-၂၀၁၃ ရက်၊ ၁၄း၀၀ နာရီ
တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၉-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဟင်္သာတခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၄၄-၂၁၀၁၃

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၈၀၁၊ ခြေကွက်တည်နေရာအမှတ် ၈၀၁၊ သုဓမ္မာလမ်း၊ ၂၀၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးစည်သူ ၁၂/ဥကမ(နိုင်)၀၃၇၀၆၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစည်သူ ကွယ်လွန်သဖြင့် ဒေါ်ခင်စိန် ၁၂/ဥကမ(နိုင်)၀၃၄၅၂၄၇ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပိုင်ကူးပြောင်းလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးမှ တာဝန်ယူ ကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် လိုအပ်သည့်အောက်ဖော်ပြပါ ကတ္တရာများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်(တန်)	ပေးသွင်းရမည့်နေရာ
၁။	ကတ္တရာ(၈၀/၁၀၀)	၃၀၆.၆၆၀	အမ်းမြို့
၂။	"	၃၁၈.၂၉၀	တောင်ကုတ်မြို့
၃။	"	၄၀၁.၀၆၀	ကျောက်ဖြူမြို့
၄။	"	၁၃၁.၇၆၀	စစ်တွေမြို့
၅။	"	၆၈၇.၂၂၀	သံတွဲမြို့
၆။	"	၁၅၂.၅၆၀	ဘူးသီးတောင်မြို့
	စုစုပေါင်း	၂၅၀၁.၂၅၀ တန်	

၂။ တင်ဒါတင်သွင်းရမည့်ရက် -၁-၈-၂၀၁၃ ရက်မှ ၁၅-၈-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် -၁၆-၈-၂၀၁၃ရက် နံနက် ၉း၀၀ နာရီအချိန်
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ -ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၃၃၄၅၊ ၀၄-၅၁၈၀၁၆၇
၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၃၀-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကျေးဇူးဆပ်ပါမည်
ကျွန်တော်မောင်ယိုကြီး၏ မြန်မာနိုင်ငံကူးလက်မှတ် နံပါတ် M -၃၄၇၆၈၁ မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၈၁၃၀၆

မိဘအမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်းက တက္ကသိုလ်ဝင်တန်း (င)မှ မောင်ဝင်းကျော်သူ၏ မိဘအမည်မှန်မှာ ဦးစန်းဝင်း-ဒေါ်နီနိုဝင်းဖြစ်ပါကြောင်း။ ဦးစန်းဝင်း ၅/ခဥတ(နိုင်)၀၆၇၇၈၁

ကော့မှူးမြို့နယ်၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၂၇

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားကာ ရွေ့လျားစာကြည့်တိုက်ဖြစ်မြောက်ရေး ပံ့ပိုးကူညီပေးသော Ms.Natsuo Myashita **က ဂျပန်အလှူရှင်များကိုယ်စား ရွေ့လျားစာကြည့်တိုက်ဘတ်စ်ကားလှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**

ယင်းနောက် Global Techn-olgy Co., Ltd. မှ ဦးမင်းဆွေလှိုင်က TCT နည်းပညာဖြင့် Mobile Library လုပ်ငန်းများ ပံ့ပိုးပေးနိုင်မှုကို ရှင်းလင်းတင်ပြကာ Mobile Library, Project Director ဒေါက်တာ သန့်သော်ကောင်းက ကော့မှူးမြို့နယ်၌ အကောင်အထည်ဖော်မည့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးအေးကြွယ်တို့က ကော့မှူးမြို့နယ် ဗဟိုစာကြည့်တိုက်နှင့် ရွေ့လျားစာကြည့်တိုက်ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရွေ့လျားစာကြည့်တိုက် ဘတ်စ်ကားနှင့် ငှားရမ်းမည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များ၊ စာအုပ်ဂိုဒေါင်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကော့မှူးမြို့နယ် ဗဟိုစာကြည့်တိုက်။



ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျား စာကြည့်တိုက်တွင် ထားရှိသည့် ငှားရမ်းမည့် ဘာသာရပ်ဆိုင်ရာစာအုပ်များကို တွေ့ရစဉ်။

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့အတွက်ဟု စိတ်တွင်စွဲစွဲထင်ထင်ထားရှိကာဆောင်ရွက်

ပြည် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့နံနက်ပိုင်းက မော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ သာယာဝတီမြို့နယ်တို့တွင်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ပေါင်းတည်မြို့နယ်နှင့် ညနေပိုင်းတွင် ပြည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို သွားရောက်၍ ပြည်သူကို အခြေပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ (အောက်ပုံ)

ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ၎င်းတို့ဆောင်ရွက်ထားရှိသည့် စာပေရေချမ်းစင်များ၊ Mini Book Corner များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့ရှိ ပညာရှာစာဖတ်ခန်းသို့ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းက လက်ခံရယူခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ် ရုံးဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူလူထုအတွက် အဓိကထားပြီး အကောင်းဆုံးဝန်ဆောင်မှုပေးရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ပြည်သူ့အတွက်ဟု စိတ်တွင် စွဲစွဲထင်ထင်ထားရှိကာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူသည် ဝန်ထမ်းများ၏ ကျေးဇူးရှင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ မိမိတို့၏ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအား ပံ့ပိုးကူညီနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများသည် စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် ပြည်သူများပါ စာပေဖတ်ရှုနိုင်အောင် စာအုပ်စာပေများကို ပြည်သူ့ထံအရောက် စာပေရေချမ်းစင်များ၊ Mini Book Corner များ၊ Mobile စာကြည့်တိုက်များဖြင့် သွားရောက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်နိုင်ရန်လည်း ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်/သံ ထပ်ဆင့်လွှင့်ဝန်ထမ်းများသည် ရုပ်သံထုတ်လွှင့်မှုများ ကြည်လင်ပြတ်သားစွာ ပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် စက်များကြံ့ခိုင်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်မြို့ အဝေးပြေးကားဝင်းတွင် ဖွင့်လှစ် ထားရှိသည့် Mini Book Corner နှင့် စာပေရေချမ်းစင်ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ပြည်မြို့ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ကံမမြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

တွမ်ခရုစ် သမီးငယ်လုံခြုံရေး တစ်ပတ်ဒေါ်လာ ၅၀၀၀၀ ကုန်



ရွှယ်လူး - ရေးသည်

ဟောလီးဝုဒ်အကျော်အမော် ငွေကြယ်ပွင့် တွမ်ခရုစ်သည် သမီးငယ်ဆူရီ ဘေးမသီရန် မခလုံခြုံရေး စိတ်အေးလက်အေးဖြစ်စေရန် သက်တော်စောင့်ကိုယ်ရံတော်များကို တစ်ပတ် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးကာ ငှားရမ်းသုံးစွဲသည်ဟု သတင်းရင်းမြစ်တစ်ခုမှ သိရသည်။

ဇနီးဟောင်း ကေတီဟုမ်း ရှိရာ နယူးယောက်သို့ ခုနစ်နှစ်အရွယ် သမီးငယ်ဆူရီ သွားရောက်နေထိုင်စဉ် လုံခြုံရေးအပြည့်အဝရှိစေရန် ယခု ငွေပမာဏကို အကုန်အကျခံရသည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာပင်ရှိကြောင်း အသက် ၅၀ ရှိနေပြီဖြစ်သော မင်းသားတွမ်ခရုစ်က ဆိုသည်။

ကေတီဟုမ်းက သမီးလေးဆူရီ လုံခြုံရေးအတွက်ဆိုလျှင် ပိုက်ဆံငွေကြေးက အရာမဟုတ်ကြောင်း၊ တွမ်ရှိ၍သာ ယခုကိစ္စများကို ဖြေရှင်းပေးနိုင်ခြင်းဖြစ်ကြောင်း၊ အကယ်၍ မိမိသာ ယခုလောက်ငွေပမာဏကို ပေးရမည်ဆိုလျှင် ကသီလင်တများစွာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး အိန္ဒိယသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာဗ် မူခါဂျီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

○ *ကျောဖုံးမှ*

ယင်းဥက္ကာခဲသည် ဇူလိုင် ၃၀ ရက် နံနက် ၀၀း၃၇ နာရီခန့်တွင် ကမ္ဘာဂြိုဟ်အနီးမှ ဖြတ်သန်းမည်ဖြစ်သော်လည်း မိုင်ပေါင်း ၃ ဒသမ ၅ သန်းခန့်အကွာမှ ဖြတ်သန်းမည်ဖြစ်သည်။ ထိုသို့ ဥက္ကာခဲ ဖြတ်သန်းမှုကြောင့် ကမ္ဘာကို မည်သည့်အကျိုးသက်ရောက်မှုမှ မရှိနိုင်ကြောင်း ဖော်ပြထားသည်။

သို့သော် အာကာသသုတေသနပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုအရ အဆိုပါဥက္ကာခဲဖြတ်သန်းမှုသည် ဇူလိုင် ၂၉ ရက် ညသန်းခေါင်အချိန်၌လည်း ဖြစ်နိုင်ကြောင်း၊ အာကာသကြည့်မှန်ပြောင်းဖြင့် မပြတ်တမ်းလေ့လာ ထောက်လှမ်းလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာဂြိုဟ်အနီးဥက္ကာခဲများဖြတ်သန်းလျက်ရှိရာ မကြာမီက ဥက္ကာခဲတစ်ခုကမ္ဘာဂြိုဟ်အနီးမှ ဖြတ်သန်းသွားခဲ့သေးသည်။

နေပြည်တော် သပြေကုန်းအဝိုင်းဘက်မှ မြို့မဈေးဘက်သို့ မောင်းနှင်လာသော ၄ခ/----CANTER အဖြူရောင်ယာဉ်သည် သပြေအေးလမ်းဆုံအရောက် လက်ဝဲဘက်လမ်းမှားဘက်သို့ ရောက်ရှိကာ အရှိန်လွန်၍ ပလက်ဖောင်းပေါ်ရောက်ရှိ တိမ်းမှောက်နေသည်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မင်ဒဲလားရုပ်ရှင် မကြာမီပြမည်

တောင်အာဖရိက သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကို မကြာမီထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၆ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ သမ္မတဟောင်း မင်ဒဲလားသည် အဆုတ်ရောဂါခံစားရပြီးနောက် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည်မှာ ၄၉ ရက်ပင် ရှိသွားပြီဖြစ်သည်။ ၎င်းသည် စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေဆဲဖြစ်သည်။ အဆိုပါ ရုပ်ရှင် ဇာတ်ကားကို The World Premiere of Mandela; Long Walk to Freedom ဟုအမည်ပေးထားပြီး စက်တင်ဘာလ ၃၈ ကြိမ်မြောက် တိုရွန်တိုရုပ်ရှင်ပွဲတော်တွင် ပြသရန်စီစဉ်ထားသည်။ နိုဝင်ဘာ ၂၈ ရက်တွင် တောင်အာဖရိကနိုင်ငံ၌ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းဇာတ်ကားတွင် မင်ဒဲလားအဖြစ် သရုပ်ဆောင်သုံးဦးက အသက်အရွယ်အလိုက် သရုပ်ဆောင်ထားသည်။

ထောင် လ ၇၀ ကျသူ မကြာမီလွတ်မည်

မက္ကဆီကိုနိုင်ငံ၏ မူးယစ်ဆေးဝါးရောင်းဝယ်သူ ထိပ်တန်းအမျိုးသမီးဟုစွပ်စွဲခံရသူအား အမေရိကန်တရားရုံးက ကိုကင်းများ တရားမဝင်ရောင်းဝယ်မှုဖြင့် ထောင်လ ၇၀ ပြစ်ဒဏ်ချမှတ်လိုက်သည်။ စန္ဒရာအဗီလာဘယ်ထရန်သည် ပစိဖိတ် ဘုရင်မအဖြစ် လူသိများထင်ရှားသူဖြစ်သည်။သူမသည် ပစိဖိတ်ကမ်းရိုးတန်းမှကယ်လီဖိုးနီးယားနိုင်ငံအတွင်း မူးယစ်ဆေးဝါးများတရားမဝင်မှောင်ခိုတင်သွင်းသူအဖြစ် စွပ်စွဲခံရသူဖြစ်သည်။ သို့သော် သူမသည်ငါးနှစ်ကျော်ကြာ ထောင်ချထားခြင်းခံရပြီးဖြစ်၍ မကြာမီလွတ်မြောက်လာနိုင်သည်။ သူမသည် မက္ကဆီကို အကျဉ်းထောင်တွင်ငါးနှစ်နီးပါးနေခဲ့ရပြီး အမေရိကန်သို့ လွှဲပြောင်းပေးခဲ့သည်။

မြင့်မောင်စိုး - စုစည်းသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြန်မာစကားမဟုတ်သော 'သူမ'

မောင်ခင်မင်(ဓနုဖြူ)

ဤခေါင်းစဉ်ကိုကြည့်ပြီး ဘဝင်မကျသူများက-

"ဘာဖြစ်လို့ 'သူမ'က မြန်မာစကားမဟုတ်ရမှာလဲ။ မြန်မာစကားမို့လို့ စာတွေစကားတွေထဲမှာ 'သူမ' တွေကို မကြာခဏ ဖတ်နေ ကြားနေရတာပေါ့" ဟု ပြောချင်ကြမည် ထင်ပါသည်။ ကျွန်တော် နည်းနည်းရှင်းပြပါရစေ။

ပြန်စဉ်းစားကြည့်ပါ။ စာဖတ်သူတို့ ယခုအသက်အရွယ်အထိ နေ့တိုင်း ပုံမှန်ပြောသောစကားတွေထဲမှာ 'သူမ'ဆိုသောစကားကို ဘယ်နှခါများ ထည့်ပြောခဲ့ကြပါသလဲ။ (သဘာဝအတိုင်းပုံမှန်ပြောသော စကားကိုဆိုလိုပါသည်။ တမင်လုပ်ပြောသော စကားမျိုးကိုမဆိုလိုပါ။) သာဓကပြပါမည်။ 'ခင်ခင်' ဆိုသော မိန်းကလေးအကြောင်း ပြောကြသည်ဆိုပါစို့။

"ခင်ခင်ကသူ့မိသားစုမှာ သမီးအကြီးဆုံးလေ၊ သူ့မိသားစုကို သူပဲ လုပ်ကျွေးနေတာ၊ သူ့ခမျာ ခုလိုရုတ်တရက်ဆုံးသွားတော့ သနားစရာပါပဲကွယ်"

"ဟုတ်တယ် ဟိုနေ့ကပဲ သူ့မောင်လေးကိုကျောင်းလိုက်ပို့တာ တွေ့လိုက်သေးတယ်၊ သူ့မိဘတွေတော့ ရင်ကွဲမှာပဲ"

ဤစကားများကို သဘာဝအတိုင်း ပုံမှန်ပြောသော စကားများအဖြစ် နားလည်ကြပါသည်။ ဤသို့မပြောဘဲ-

"ခင်ခင်က သူမ မိသားစုမှာ သမီးအကြီးဆုံးလေ။ သူမ မိသားစုကို သူမပဲ လုပ်ကျွေးနေတာ၊ သူမခမျာ အခုလို ရုတ်တရက်ဆုံးသွားတော့ သနားစရာပါပဲကွယ်"

"ဟုတ်တယ် ဟိုနေ့ကပဲ သူမ မောင်လေးကို ကျောင်းလိုက်ပို့တာတွေ့လိုက်သေးတယ်။ သူမ မိဘတွေတော့ ရင်ကွဲမှာပဲ" ဟုပြောသည်ဆိုပါစို့။ ဘယ်လိုဖြစ်သွားမည်နည်း။ ကြားရသူအဖို့ ရယ်စရာဖြစ်သွားမှာ သေချာပါသည်။ တစ်ခါမျှ ပုံမှန်ထည့်ပြောလေ့မရှိသော 'သူမ'တွေ တမင်ထည့်ပြောသောကြောင့်ဖြစ်ကြောင်း ထင်ရှားပါသည်။ ဤသို့သော မြန်မာစကားမျိုး အပြင်မှာ ဘယ်သူမှ ပြောမည်မဟုတ်ပါ။ သို့သော်. . .

ဤသို့သော စကားမျိုးကို တီဗွီထုတ်လွှင့်ချက်တွေမှာ မကြာခဏ ကြားနေရပါသည်။ 'မော်ဒယ်' မိန်းကလေးတစ်ယောက်အကြောင်း၊ နိုင်ငံခြားရုပ်ရှင်မင်းသမီးတစ်ယောက်အကြောင်းပြောပြီဆိုလျှင် 'သူမဟာ. . ၊ သူမရဲ့ ဝါသနာကတော့. . သူမကိုချီးကျူးကြတာက' စသည်ဖြင့် 'သူမ'တွေ အဆက်မပြတ်ပါလာတတ်သည်။ သတင်းကြေညာချက်တွေမှာ အမျိုးသမီးခေါင်းဆောင်တွေအကြောင်း ပြောလျှင်ရေးလျှင်လည်း 'သူမ'တွေ ပါပါလာတတ်သည်။

ကျွန်တော်တို့ **မြန်မာစကားမှာ ယောကျ်ားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ၊ 'သူ' ဟူ၍သာ မြန်မာစကား စပေါ်ကတည်းက အစဉ်တစိုက်ရည်ညွှန်းခဲ့ပါသည်။ မြန်မာစာအရေးအသားပေါ်ပြီးတော့လည်း ရှေးစာပေ အစဉ်အဆက် ဤသို့ပင် သုံးခဲ့ကြပါသည်။** သာဓကပြပါဦးမည်။ ကုန်းဘောင်ခေတ်စာဆိုဦးတိုးက 'ရာမရကန်' တွင် မိန်းကလေးတစ်ယောက်၏ အမူအရာကို ဤသို့ဖွဲ့ထားပါသည်။ "အပျိုပျံ့သင်၊ ရွှေရင်သိမ်းသစ်ကယ်၊ သူချစ်သည့် သူ့မောင်ပါးမှာ၊ စကားရပ်ဖွဲ့၊ ချစ်စဖွယ်နွဲ့တဲ့ လို့" ဟူ၍ ဖြစ်သည်။ အပျံ့သင်စ မိန်းကလေးကို 'သူ'ဟုပင် ရည်ညွှန်းပါသည်။ 'သူမချစ်သည့် သူမ မောင်ပါးမှာ'ဟု မဖွဲ့ခဲ့ပါ။ ဆယ်တန်းကျောင်းသားများနှင့်ရင်းနှီးသော ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် သောနုတ္တရမုဆိုးက ဆင်မင်းကို လျှောက်ထားသောစကားကို ကြည့်ပါဦး။ စူဠသုဘဒ္ဒါက "ဆဒ္ဒန်ဘုန်းမော်၊ ဆင်မင်းကျော်၏ စွယ်တော်ကို မရလျှင်၊ စိတ်ချပေရော့၊ သူသေပါတော့မည်ဟု ရွှေနန်းကြော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍အသော့၊ ငိုပါတော့သည် ဘုရား"တဲ့။ စူဠသုဘဒ္ဒါမိဖုရားကို 'သူ' ဟုပင် ရည်ညွှန်းပါသည်။ ပြီးတော့ 'သူ့မယားငိုတည့်လျှင်၊ ဟိုလူကြီးက ပျာယီးပျာယာ' ဟူ၍ ဆက်ဖွဲ့သည်။ ထို 'သူ'ကတော့ ဗာရာဏသီမင်းကြီးကို ဆိုလိုပါသည်။ မုဆိုးက ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို သွားဖြတ်ပါတော့မည်ဟု လျှောက်ထားတော့ မိဖုရားကြီး သဘောကျသွားပြီး 'ကျေးဇူးရှင်မ၊ သူကိုယ်တိုင်လမ်းပြ၍ ညွှန်လိုက်ကြောင်း' ဖွဲ့သည်။ ထို'သူ' ကတော့ စူဠသုဘဒ္ဒါပါ။ ယောကျ်ားရော မိန်းမပါ 'သူ' ဟုပင် ရည်ညွှန်းကြောင်း သက်သေများဖြစ်ပါသည်။

သို့ဆိုလျှင် ' သူမ'က ဘယ်လိုပေါ်လာပါသလဲ။ သမိုင်းကြောင်းရှိပါသည်။ ကိုလိုနီခေတ်က ထင်ရှားသော ဂျေစီနက်စဖီး (J.C.Nesfield)၏ အင်္ဂလိပ်သဒ္ဒါကျမ်းကို မြန်မာဘာသာပြန်သော ပညာရှင်ဆရာကြီးက နာမ်စားအခန်းတွင် ' he' ကို သူဟု မြန်မာပြန်ပါသည်။ 'she'ကိုလည်း'သူ' ဟုပင် မြန်မာပြန်ပါသည်။ သို့သော် 'She' မှာ မိန်းမကို ရည်ညွှန်းကြောင်း သိသာစေရန် 'သူ (မ)'ဟု နောက်က ကွင်းနှင့်ပြခဲ့သည်။ ထိုသဘောကို သတိမမူမိသူများက 'သူမ'ဟု သုံးရာ၌ ထိုအသုံးပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

မြန်မာဘာသာစကား၏ သဘာဝအရကြည့်လျှင် နာမ်စားများသုံးရာတွင် ပြောသူကို ရည်ညွှန်းလျှင် 'ငါ'၊ နာသူကို ရည်ညွှန်းလျှင် 'နင်'၊ အခြားသူကိုရည်ညွှန်းလျှင် 'သူ' ဟူ၍ သုံးကြောင်းတွေ့ရပါသည်။ အရင်းခံအကျဆုံး နာမ်စားများဖြစ်သည်။ မြန်မာစာအစကတည်းက တွေ့ရသော နာမ်စားများဖြစ်သည်။ 'ကျွန်တော်၊ ကျွန်မ၊ တပည့်တော်'စသည့် နာမ်စားများသည် နောက်မှ ပေါ်လာသော နာမ်စားများဖြစ်သည်။ 'ငါ၊ နင်၊ သူ' ဟူသောအရင်းခံ နာမ်စားအားလုံး ယောကျ်ားရော မိန်းမပါ ရည်ညွှန်းကြောင်း မြန်မာစကားတတ်သူတိုင်း သိပါသည်။ 'ငါ' နှင့်၊ 'နင်'သည် ယောကျ်ားရော မိန်းမပါရည်ညွှန်းပါလျက် 'သူ' ကျမှ ယောကျ်ား၊ မိန်းမခွဲပြီး 'သူမ' ဟုသုံးစရာ ဘာအကြောင်းမှမရှိပါ။ 'ခင်ခင်က သူ့မိသားစုမှာ အကြီးဆုံး' ဟု 'သူ' သုံး၍ပြောရုံနှင့် ခင်ခင်သည် ယောကျ်ားကြီးဖြစ်မသွားပါ။ မိန်းမမှန်းသိပြီးသားဖြစ်ပါသည်။

မြန်မာဘာသာစကားကို စနစ်တကျလေ့လာသော အမေရိကန်သာသနာပြုဆရာ ဂျပ်ဆင်(ဆရာယုဒသန်)၏ မြန်မာသဒ္ဒါတွင် 'he' ကိုလည်း 'သူ'၊ 'she' ကိုလည်း 'သူ' ဟုပင် ဖော်ပြထားပါသည်။ နိုင်ငံခြားသားပညာရှင်ကပင်'she' ကို 'သူ'ဟု မှန်မှန်ကန်ကန်ဖော်ပြပါလျက် ကျွန်တော်တို့မြန်မာတွေက 'သူမ-သူမ' နှင့် တမတည်း မနေခြင်းမှာ သင့်မသင့် စဉ်းစားကြည့်နိုင်ပါသည်။

'သူမ' ကို မြန်မာစကားမဟုတ်ဟု ကျွန်တော်ဆိုခဲ့ပါသည်။ မြန်မာစကားမှန်လျှင် မြန်မာသတ်ပုံကျမ်း၊ မြန်မာအဘိဓာန်ကျမ်း၊ မြန်မာသဒ္ဒါကျမ်းတွေမှာ 'သူမ' ပါကို ပါရပါမည်။ ပါပါသလား။ ထိုစာအုပ်တွေကို ဖွင့်ကြည့်လျှင် ဘယ်စာအုပ်မှာမှ မပါကြောင်းတွေ့ရပါလိမ့်မည်။ မြန်မာစကားစစ်စစ်မဟုတ်စေကာမူ ဘာသာခြားမှ မွေးစားယူသောစကားများကိုလည်း မြန်မာအဘိဓာန်မှာထည့်ပါသည်။ ဒါန၊ သီလ၊ ကော်ဖီ၊ ကွန်ပျူတာတို့အထိ ပါပါသည်။ 'သူမ'တော့ မပါပါ။ သို့ဆိုလျှင် သူမသည် လက်ခံအသုံးပြုသော မွေးစားစကားလည်း မဟုတ်သည်မှာ သေချာပါသည်။ မြန်မာစကား၏ သဘာဝနှင့် ဆန့်ကျင်နေသော၊ ခွဲခြားသုံးဖို့မလိုအပ်သော စကားသာ ဖြစ်ပါသည်။

၁၉၆၀ ဝန်းကျင်က ဆရာကြီးဦးရန်အောင်နှင့် အခြားစာရေးဆရာတစ်ဦးတို့ ငွေတာရီမဂ္ဂဇင်းတွင် 'သူမ ပြဿနာ'ကို အချီအချ ဆွေးနွေးကြသည်။ သူမကိုကြိုက်သော ထိုစာရေးဆရာက မိမိကိုယ်မိမိ တီထွင်ဆန်းသစ်မှုကို လက်ခံသူအဖြစ် ကြေညာပြီး ဦးရန်အောင်ကို တရားသေဝါဒ ရှေးရိုးသမားအဖြစ် ရည်ညွှန်းသည်။ 'သူမ' မကြိုက်သူများတွင် 'ကျောင်းဆရာတစ်ပိုင်း စာရေးဆရာများ' အထူးသဖြင့်ပါဝင်ကြောင်း ထိုစာရေးဆရာက ဆိုလိုက်သေးသည်။ ဆရာကြီးဦးရန်အောင်က မိန်းမမှန်းသိအောင် 'သူမ' ဟု ခွဲပြောစတမ်းသာဆိုလျှင် ယောကျ်ားမှန်းသိအောင် 'သူထီး'ဟု ခွဲပြောရမလိုဖြစ်နေကြောင်း၊ 'ငါထီး-ငါမ၊ သင်ထီး-သင်မ' ဟုလည်း ခွဲပြောရမလိုဖြစ်နေကြောင်း ဟာသနှောပြီး ထိထိမိမိရေးထားသည်ကို တွေ့ရပါသည်။

တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်တစ်ခုနှင့် အဆုံးသတ်ပါရစေ။ စာတမ်းဖတ်ပွဲတစ်ခုတွင် သဘာပတိ ပါမောက္ခကြီးတစ်ယောက်က 'လွင်မော်စိုး' ဆိုသော စာတမ်းရှင်နာမည်ကို ကြည့်ပြီး အမျိုးသမီးဟုထင်ကာ 'သူမရဲ့စာတမ်းက' ဟု မိတ်ဆက်ပေးပြီး စာတမ်းဖတ်ဖို့ ဖိတ်ခေါ်လိုက်သောအခါ ထိုစာတမ်းရှင်သည် 'သူမ' မဟုတ်သော 'သူထီး'ကြီး ဖြစ်နေသည့်အတွက် ပရိသတ်ပြုံးစရာ ဖြစ်သွားရသည့်အကြောင်းပါ။ ။

မြန်မာ – ထိုင်းကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

တာချီလိတ် ဇူလိုင် ၂၇

မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အလွတ်သဘောဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ ဇန်မွန်းအာခါဟိုတယ်၌ ကျင်းပရာ **(အပေါ်ပုံ)** ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာချီလိတ် နယ်စပ်ကုန်သည်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ Chianrai Labour Office မှ Mr. Amnoay Sriyota ဦးဆောင်သော Chianrai, Phayao, phrae, Nam ခရိုင် လေးခရိုင်မှ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ရှေးဦးစွာ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့ခေါင်းဆောင်နှင့် တာချီလိတ် နယ်စပ်ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းစိုင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက တာချီလိတ်ခရိုင်အတွင်း ကုန်သွယ်မှုအခြေအနေနှင့် အခွင့်အရေးများကို ရှင်းလင်းတင်ပြကာ ထိုင်းနိုင်ငံကိုယ်စားလှယ်တစ်ဦးက ချင်းရိုင်ခရိုင်အတွင်း ကုန်သွယ်မှုအခြေအနေနှင့် အခွင့်အလမ်းများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်များက မဲခေါင်မြစ်ဝှမ်းဒေသကုန်သွယ်မှုဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

မောင်ယဉ်ကျေး

တရားမဝင်နယ်စပ်ဖြတ်သန်းသူများ လွှဲပြောင်းပေးအပ်

တာချီလိတ် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီက ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သော မကဖ(၈)မှ ဦးဝင်းအောင် ဦးစီးအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ နထဝပ်ဆန်ဒူအမ်း၊ မယ်ဆိုင်ခရိုင်လဝကမှူး ဖနော်ကျာလူဖက်၊ မယ်ဆိုင်ခရိုင် ဒုတိယလဝကမှူး ဆတ်ဒါးရန်စုကျမ်းတို့က လာရောက်လွှဲပြောင်းပေးသော မြန်မာအလုပ်သမား အမျိုးသား ၁၀ ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၆ ဦးကို လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၁၆ ဦးတို့ကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကျောင်းအတွင်း အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့သည် လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ၁၆ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး အစီအစဉ်ဖြင့် ၎င်းတို့၏မိဘဆွေမျိုးများထံ ညနေ ၃ နာရီတွင် ခံဝန်ဖြင့်အပ်နှံခဲ့ကြောင်း သိရသည်။ ၂၀၁၀ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၆ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား ၄၇၄၈ ဦး၊ အမျိုးသမီး ၁၆၁၂ဦးရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူးချွန်ကျောင်းသားများအားဂုဏ်ပြု

လေရှီး ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်းချယ်ရီဆောင်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးရှုစ်ကြူက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကီရှီးမှူးက အခြေခံပညာအထက်တန်းကျောင်း၏ အောင်မြင်တိုးတက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးရှုစ်ကြူက နှစ်ဘာသာဂုဏ်ထူးရှင် မခြူလစ်ရှီးအားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုးက နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအားလည်းကောင်း၊ ထူးချွန်ဆုရရှိအောင် သင်ကြားပေးသော ဘာသာရပ်သင်ဆရာ ဆရာမများအား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းက လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး နှစ်ဘာသာဂုဏ်ထူးရ မခြူလစ်ရှီးက ကျေးဇူးတင်စကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဖမ်းဆီးသိမ်းဆည်းရရှိသည့် တရားမဝင် ဆင်ဆာမဲ့ ဒီဗွီဒီ၊ ဗွီစီဒီအချပ်များ ပဉ္စမအကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ဇူလိုင် ၂၇ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးရှေ့ ကားလမ်းတွင် ကျင်းပသည်။

ယနေ့အခမ်းအနားတွင် ဖမ်းဆီးရသည့် တရားမဝင်ဆင်ဆာမဲ့ ဒီဗွီဒီ၊ ဗွီစီဒီအချပ်များကို လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့ကြောင်း**(ယာပုံ)**၊ ဆင်ဆာမဲ့ခွေများတွင် ညစ်ညမ်းခွေ ၁၉၉၉ချပ်၊ ဆင်ဆာမဲ့နိုင်ငံခြားဒီဗွီဒီနှင့် ဆင်ဆာမဲ့ ဗွီစီဒီ ၁၆၈၃၄ချပ်၊ တရားမဝင် ဆင်ဆာမဲ့စုစုပေါင်း ၁၇၀၃၃ချပ် ပါဝင်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖမ်းဆီးရမိ တရားမဝင် ဆင်ဆာမဲ့ခွေများ ပဉ္စမအကြိမ်မြောက်ဖျက်ဆီး

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

▲ ရှေ့ဖုံးမှ

ကရင်ပြည်နယ်အစိုးရအဖွဲ့ရော ဒကာ ဒကာမတွေရော ဦးစီးပြီးလုပ်မယ်၊ အားလုံးပူးပေါင်းပြီးတော့ လုပ်ကြမှာပါ။

မေး။ ။ Cable Car Project ကို ဘယ်အချိန်မှာ စတင်အကောင်အထည်ဖော်မှာပါလဲဘုရား။

ဖြေ။ ။ ဘုန်းကြီးတို့ကို Cable Car လုပ်မယ့် Project ကိုရှင်းပြပါတယ်။ အစီအစဉ်ရေးဆွဲနေတယ်။ နောက်နှစ်လကြာရင် စလုပ်တော့မယ်။ တစ်နှစ်ကျော်လောက်မှာ ပြီးသွားမယ်လို့ သိရပါတယ်။

မေး။ ။ ကုန်ကျစရိတ် ဘယ်အဖွဲ့အစည်းက အကုန်အကျခံမှာပါလဲဘုရား။

ဖြေ။ ။ အဖွဲ့အစည်းကကျခံမှာမဟုတ်ပါဘူး။ အဓိကကတော့ ဒီဇွဲကပင်တောင်ကရှိတဲ့ ဂေါပကလူကြီးတွေရဲ့ အကူအညီယူရမှာပေါ့။ သိတဲ့အတိုင်းပဲ ဘာသာရေးစီမံကိန်းဆိုတော့ ဒကာဒကာမတွေဆီက အလှူခံပြီးတော့ တည်ဆောက်ရမှာပေါ့။ တာဝန်ခံကတော့ ဇွဲကပင်တောင်ဂေါပကအဖွဲ့လူကြီးတွေတာဝန်ခံရမှာပေါ့။

မေး။ ။ ဒီ Project က အစိုးရနဲ့ပူးပေါင်းလုပ်တာလား။ ဘယ်အဖွဲ့အစည်းနဲ့ ပူးပေါင်းလုပ်တာပါလဲဘုရား။

ဖြေ။ ။ အခု အစိုးရအဖွဲ့လည်း ပါတာပေါ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့လည်း ပါပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်နဲ့လည်း ဘုန်းဘုန်းတွေ့ပြီးပြီ။ ဝန်ကြီးချုပ်ကလည်း သူတို့ဘက်က အတတ်နိုင်ဆုံး အားပေးကူညီပါမယ်လို့ ပြောပါတယ်။ ဘာပဲပြောပြော ကရင်ပြည်နယ်က တာဝန်ရှိသူတွေကတော့ ဦးစီးလုပ်ရမှာပေါ့၊ ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ဘုန်းဘုန်းတို့ကို ပြောပါတယ်။ ဝန်ကြီးချုပ်ရော၊ တိုင်းမှူးရော၊ ဝန်ကြီးတွေရော အကုန်လုံးလာကြပါတယ်။ အရင်လက ဘုန်းကြီးတို့သွားတော့ ဝန်ကြီးချုပ်နဲ့အကုန်လုံးက အားလုံးဝမ်းမြောက်ကြပါတယ်။ အစိုးရအနေနဲ့လည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးသွားမယ်လို့ ပြောပါတယ်။

ဘုန်းကြီးက မလေးရှားမှာနေတော့ ဒီဇွဲကပင်တောင်ဘုန်းကြီးကလည်း ဒါလုပ်ချင်တယ်ဆိုတော့ လူရှာပေးပါဆိုလို့ ဘုန်းကြီးက မလေးရှားမှာတော့ သူတို့က ကျွမ်းကျင်တဲ့သူတွေပေါ့၊ မလေးရှားမှာလည်း Cable Car တွေကို လုပ်နေတယ်။ သူတို့ကို ခေါ်လာတာ၊ သူတို့လုပ်ပေးတဲ့အခါမှာ ဒီက ပညာရှင်တွေနဲ့တွဲပြီး ပူးပေါင်းမယ်၊ ဖိတ်ကြားမယ်၊ များသောအားဖြင့် မြန်မာပြည်က အလုပ်သမားတွေကို အများဆုံးသုံးမယ်။ သူတို့ နိုင်ငံခြားက သိပ်မခေါ်ပါဘူး။ သူတို့က ကြီးကြပ်ဆောင်ရွက်ရုံပဲပေါ့။

မေး။ ။ Cable Car တည်ဆောက်မှု ကုန်ကျစရိတ်လေး သိပါရစေဘုရား။

ဖြေ။ ။ အကြမ်းအားဖြင့် သူတို့ပြောတာက အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ၂၂ သန်းလောက် ကုန်မယ်လို့ပြောတယ်။ ၂၂ သန်းဆိုတာက Cable Car ကို နိုင်ငံခြားက ဝယ်မယ်၊ အဆောက်အအုံတို့၊ တိုင်တို့ ဘုန်းဘုန်းတို့ ဒီမှာ

တောင်တက်ကောင်းကင် ရထား တည်ဆောက် သွယ်တန်းရေး စီမံကိန်း စီစဉ် ဆောင်ရွက်မှု ဦးဆောင် ဆရာတော် တစ်ပါး ဖြစ်သည့် မလေးရှားနိုင်ငံ ပီနန် ကျောင်းမှ ပီနန် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပညာဝံသ။

လုပ်မယ်။ Project တစ်ခုလုံးအတွက် ကုန်မှာကို ပြောတာမို့ ဟိုဘက်က ၁၀ သန်းကျော်လောက်ကုန်မယ်၊ ဘုန်းကြီးတို့ကလည်း ၁၀ သန်းလောက်ကုန်မယ် ဆိုပါတော့။

မေး။ ။ Cable Car ရဲ့ Project ပညာရှင်တွေနဲ့ ကုမ္ပဏီကို သိပါရစေ။

ဖြေ။ ။ မလေးရှားနိုင်ငံမှ Project Planning Director Mr.Alan Tan Swooi Heng နဲ့ Project Engineering Director Mr. Ir Soon Ek တို့ကဦးစီးပြီး Alan Lakawi Company (ပီနန်-မလေးရှား) က တည်ဆောက်သွားမှာပါ။

မေး။ ။ Cable Car Project တည်ဆောက်ပြီးရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်ပါသလဲဘုရား။

ဖြေ။ ။ Cable Car Project တည်ဆောက်ပြီးရင် ဘယ်လိုအကျိုးကျေးဇူးရမလဲဆိုတော့ မြန်မာပြည်တစ်ပြည်လုံးက ဘုရားလာဖူးကြမယ်။ ဘုရားကိုရောက်အောင် ပေ ၂၀၀၀၊ ၃၀၀၀လောက် ခြေကျင်တက်ရတယ်။ ခြေကျင်တက်တော့ အချိန်အားဖြင့် ၂ နာရီကျော် ၃ နာရီလောက် ကြာတယ်။ အဲဒီတော့ လူတိုင်းမရောက်နိုင်ဘူးပေါ့လေ၊ အဲဒီအပေါ်ရောက်သွားရင် ရောက်တဲ့သူတွေကပြောတယ်။ အင်မတန်လည်း သာယာတယ်၊ အင်မတန်လည်းမြင်ကွင်းကောင်းတယ်ပေါ့၊ ရွှေဆံတော်ဆိုတဲ့ ဘုရားလည်း ရှိတယ်ပေါ့၊ အဲဒီဘုရားကိုဖူးရတာလည်း သိပ်ပြီးဝမ်းမြောက်ပီတိဖြစ်ကြတယ်။

အဲဒါကြောင့် ဇွဲကပင်ဆရာတော်က လူတိုင်းဘုရားတက်ဖူးနိုင်အောင်ဆိုပြီးတော့ သူက Cable Car တပ်ဖို့ စိတ်ထဲမှာ စိတ်ကူးထားတာ၊ စိတ်ကူးကတော့ ၁၅ နှစ်လောက်ရှိပြီ၊ ဘုန်းကြီးကိုပြောတယ်၊ လုပ်ချင်တာပဲရှိတယ်။ ဘယ်လိုလုပ်ရမှန်းမသိဘူး။ ဘယ်လိုလူတွေကိုခေါ်ပြီးလုပ်ရမှန်းလည်း မသိဘူး။ ဘုန်းဘုန်းက နိုင်ငံခြားမှာနေတယ်ဆိုတော့ ဆရာတော်ဘုရား ဒါလေး ဦးဆောင်ပေးပါဆိုလို့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ဘုန်းကြီးသွားကြည့်တယ်။ သိပ်ပြီးတော့ လူတွေက မစည်ကားသေးတဲ့အခါကျတော့ မလုပ်နဲ့ဦး၊ လူစည်ကားမှ ဒါမျိုးလုပ်တာကောင်းတယ်လို့၊ အခုတော့ သူတို့ဘုရားတွေဘာတွေလုပ်ထားတာလည်း အများကြီးပါပဲ၊ ပြီးတော့ အင်ကြင်းတောတို့၊ ဘာတို့ အကျယ်ကြီးပဲ လုပ်ထားတာ၊ ဘုရားဖူးဌာနလည်းဖြစ်သွားတော့ ကဲ လုပ်ချင်လည်းလုပ်တော့ဆိုပြီးအကြောင်းပြန်လိုက်တာ၊ အခု Cable Car လုပ်လိုက်တဲ့အတွက် အကျိုးကျေးဇူးက ဒီကလူတွေ ဘာသာရေးမှာတင် မဟုတ်ဘူး။ စီးပွားရေးပါ လုပ်နိုင်လာမယ်။ လူတွေ သွားကြ လာကြတာ များလာလို့ရှိရင် ဒီနေရာကို ကမ္ဘာအရပ်ရပ်က လာရောက်တဲ့သူတွေများပြားလာမယ်။ မလေးရှားမှာလည်း ဒီနေရာကို ဒီလိုနေရာမျိုးတွေမှာ Cable Car တွေကြောင့် လူအရောက် များလာကြတာတွေရှိမယ်။

ဒါကြောင့်မြန်မာနိုင်ငံရဲ့ပထမဆုံးနဲ့ တစ်ခုတည်းသော Cable Car ဖြစ်တော့ နိုင်ငံတစ်ဝန်းက ဘုရားဖူးပြည်သူတွေ၊ ကမ္ဘာအရပ်ရပ်က နိုင်ငံခြားသားတွေ အများအပြားလာရောက်ကြမယ်။ ဒါဆိုရင် ရန်ကုန်-ဘားအံမော်တော်ယာဉ်လိုင်းတွေ၊ ဘားအံ လုမ္ဗိနီဥယျာဉ် မော်တော်ယာဉ်လိုင်းတွေ တိုးချဲ့ပြေးဆွဲနိုင်မယ်၊ ခရီးသွားပြည်သူတွေ လာရောက်မှု များပြားလာရင် အရောင်းအဝယ်တွေ တိုးတက်လာပြီး စီးပွားရေးအခွင့်အလမ်းတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

Tourism ဟာ သိပ်အရေးကြီးတယ်။ ခရီးသွားလုပ်ငန်းတိုးတက်လာတဲ့အတွက် တိုင်းပြည်ဝင်ငွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံခြားသားတွေ ဝင်ရောက်လာတဲ့အတွက် နိုင်ငံခြားဝင်ငွေ ရရှိမယ်။ ဘာသာရေးအတွက် ဘုရားလည်းဖူးနိုင်တယ်ပေါ့။ ပတ်ဝန်းကျင်က တော်တော်ကောင်းတဲ့အတွက် နိုင်ငံခြားသားများ စိတ်ဝင်စားစရာတွေ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူရေး နယ်လှည့်ဟောပြော

ကသာ ဇူလိုင် ၂၇

ကသာခရိုင် ကသာမြို့နယ် မင်းလယ်ဘုန်းတော်ကြီးကျောင်း၌ သန်းခေါင်စာရင်းကောက်ယူရေး နယ်လှည့်ဟောပြောပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပရာ မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အတွင်းရေးမှူး ဦးအေးလွင်၊ ကော်မတီဝင် ဦးအောင်နိုင်ဝင်း၊ နာယကဦးချစ်မြိုင်တို့က "ဉာဏ်ပညာဖြင့်ရှင်သန်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီမှ ယာဉ်ထိန်းတပ်ကြပ်ကြီး အောင်ဝင်းက "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းပညာပေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုရဲအုပ် ဇော်ထွန်းက မူခင်းကျဆင်းရေးအကြောင်း ဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးချိုမောင်က "သန်းခေါင်စာရင်းကောက်ယူရေး"အကြောင်း ဟောပြောကြသည်။

ခရိုင်(ပြန်/ဆက်)

အသက်ဘနှစ်မပြည့်ပါက တပ်မတော်က လက်မခံပါကြောင်း ရေးသား ဖော်ပြထားသည့် ဆိုင်းဘုတ်ကြီးတစ်ခုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် ဆေးရုံလမ်းထောင့်တွင် အများမြင်သာရန် စိုက်ထူထားသည်ကို ဇူလိုင် ၂၆ရက်က တွေ့မြင်ရစဉ်။ (၁၂၁)

စာပေမြင့်မှ လူမျိုးတင့်မည်

အင်္ဂလိပ်ဘာသာ သင်ကြားရေး နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

အင်္ဂလိပ်စာ ဆရာ ဆရာမများအတွက် ၁၄ကြိမ်မြောက် နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၎င်းပွဲတွင် အလုပ်ရုံဆွေးနွေးပွဲ ၅၀ ခန့် ပါဝင်မည်ဖြစ်ပြီး မြန်မာပြည်တွင်းနှင့် နိုင်ငံတကာမှ အင်္ဂလိပ်ဆရာ ဆရာမများ teacher trainer များနှင့် ဘာသာရပ်ကျွမ်းကျင်သူများ ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများမှ အင်္ဂလိပ်စာ ဆရာ ဆရာမများ၊ ထိုင်း၊ တရုတ်၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆူဒန်နှင့် ဗီယက်နမ်နိုင်ငံများရှိ ဗြိတိသျှကောင်စီများမှ အင်္ဂလိပ်စာ ဆရာ ဆရာမများလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ နှီးနှောဖလှယ်ပွဲ၏ အဓိက အကြောင်းအရာမှာ 'From Inspiration to Implementation; Emerging Opportunities in the ELT Classroom' ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို ဗြိတိသျှကောင်စီက စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဩဂုတ် ၂၄၊ ၂၅ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ငွေသွင်းနိုင်

စာရင်းပေးရန် www.myanmar-network.net တွင် download ရယူနိုင်ပြီး ဩဂုတ် ၁၊ ၂၅ နှင့် ၆ ရက်များတွင် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအတွင်း ရန်ကုန်မြို့ အမှတ် (၇၈) ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီရုံးသို့ အဆိုပါ registration form အားဖြည့်ကာ လာရောက်ငွေသွင်းနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးဆောင်သောအဖွဲ့ ဇူလိုင် ၂၅ ရက်က တပ်ကုန်းမြို့နယ်ရှိ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးသည့်နယ်မြေများဖြစ်သော အလယ်ကျွန်းကျေးရွာနှင့် အင်ပင်ကျေးရွာများရှိ ဝါသီးနှံနှင့် ကြံသီးနှံစိုက် တောင်သူများနှင့် တွေ့ဆုံပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းများ အသိပညာပေးရှင်းလင်းဆွေးနွေးစဉ်။ (၀၂၁)

၈၁ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းမိ

နောင်ချို ဇူလိုင် ၂၇

လားရှိုးမူးယစ်အထူးအဖွဲ့မှ နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် ၇၈/၅ ၌ သတင်းအရ ရှောင်တခင်စစ်ဆေးစဉ် လားရှိုးမှ မန္တလေးသို့ ယာဉ်မောင်းမျိုးမင်းမောင်းနှင်လာသည့် စိန်နန်းစိုး ခရီးသည်တင် ယာဉ်ငယ်အသင်းမှ HIACE ကားပေါ်ပါခရီးသည် ဖိုးလှ၏ ခရီးဆောင်အိတ်အတွင်း အဝတ်များနှင့် ရောနှောလျက် ရောင်စုံပလတ်စတစ်ဆပ်ပြာခွက် ၃၃ခွက်အတွင်း ပါဝင်သည့် ဘိန်းဖြူမှုန့် အလေးချိန် ၄၂၉ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်စစ်ဆေးရာ ဖိုးလှက လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာမှ ဘိန်းဖြူများအားဝယ်ယူ၍ ဗန်းမောက်မြို့နယ် မကျီးကုန်းကျေးရွာတွင် ရောင်းချမည်ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဖိုးလှ (၃၉ နှစ်)ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်ပထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၇

ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အတွင်းရေးမှူး ဦးအောင်နိုင်ဆွေ ခေါင်းဆောင်သော နည်းပြနှင့် အားကစားသမား ၁၉ ဦးပါဝင်သည့် မြန်မာဂျူဒို အားကစားအဖွဲ့သည် ဇူလိုင် ၂၅ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် Government to Government အစီအစဉ်အရ အမျိုးသမီး နပန်း အားကစားသမားများသည် ထိုင်းနိုင်ငံ Sisaket မြို့ရှိ Sisaket Sports School တွင် ထိုင်းလက်ရွေးစင် နပန်းအားကစားအသင်းများနှင့်ပူးတွဲလေ့ကျင့်မှုများကို တစ်လကြာ လေ့ကျင့်ခဲ့ပြီး အားကစားသမားများသည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ အဆိုပါ အမျိုးသမီးအားကစားသမားများသည် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းများနှင့် နေ့စဉ် သုံးကြိမ် ပူးတွဲလေ့ကျင့်ရပြီး ထိုင်းနည်းပြဆရာ Mr.Chainat Chankar နှင့် ဆီွဒင်နည်းပြဆရာ Javad Gholompor တို့က သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်းသတင်း

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

၂၀၁၃ ခုနှစ်မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအလိုက် ဂုဏ်ထူးအများဆုံး ရရှိအောင် သင်ကြားပို့ချခဲ့သည့် ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားအတွက် ငွေကျပ်သိန်း ၅၀ လှူဒါန်းသည့် အလှူရှင် ဦးဇော်မင်းမိသားစုနှင့် ကွန်ပျူတာ လှူဒါန်းသည့် အလှူရှင် ငါးဦးကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးအများဆုံးရရှိအောင် သင်ကြားပို့ချပေးခဲ့ကြသည့် ဆရာမ ၁၁ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၆ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၀၀ တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နွေရာသီကျောင်းပိတ်ရက်အတွင်း အင်္ဂလိပ်ဘာသာ ထူးချွန်ကျောင်းသားကျောင်းသူ ၂၂ ဦးကို အင်္ဂလိပ်ဘာသာ အထူးသင်တန်း SDEC (Skills Developing Education Center) ၌ Four Skills သင်တန်းတက်ရောက်စေခဲ့ပြီး British Council မှ ကျင်းပသည့် PET(Preliminary English Test) စာမေးပွဲကို ဝင်ရောက်ဖြေဆိုစေခဲ့ရာ ၂၂ ဦးစလုံး အောင်မြင်သောကြောင့် ကမ်းဘရစ်ချ်တက္ကသိုလ်မှ အသိအမှတ်ပြု အောင်လက်မှတ်များကို ချီးမြှင့်သည်။

ယင်းနောက် ဆုရကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မအိမ့်ချူးမိုးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဂုဏ်ထူးရရှိသည့် အင်္ဂလိပ်ဘာသာ ထူးချွန်ကျောင်းသား ကျောင်းသူများအား ကမ်းဘရစ်ချ်တက္ကသိုလ်မှ အသိအမှတ်ပြုအောင်လက်မှတ်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တွင်းထွက်သယံဇာ... ပွင့်လင်းမြင်သာမှုဖော်ဆေ...

နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ (၂/၂၀၁၃) အစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ **(ယာပုံ)** ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် သယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းသယံ...

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ပညာရည်ချွန်ဆု ပေးအပ်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့အား ဆုတံဆိပ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ရေမှော်ပင်များ တိုးတက်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၇

ငါးဖမ်းရေယာဉ်ငယ်များအတွက် ပင်လယ်ပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စွမ်းအင်ထိရောက်စွာ အသုံးချရေး လက်တွေ့လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မြိတ်မြို့ မြိတ်ဟိုတယ်၌ကျင်းပရာ **(အပေါ်ပုံ)** မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး တက်ရောက်အမှာစကားပြောကြားရာတွင် မြန်မာ့ပင်လယ်ကမ်းရိုးတန်းရှိ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်စေရန်၊ နိုင်ငံသားများအတွက် လိုအပ်သော အသားဓာတ်အပြည့်အဝရရှိရန်နှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးဖမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကကျသော ငါးဖမ်းရေယာဉ်တည်ဆောက်မှု၊ ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သုံးစွဲသည့် အင်ဂျင်စက်ကိရိယာများ စွမ်းအင်ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (SEAFDEC) မှ Mr. Tadahiro Kawataနှင့် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်တို့က အမှာစကား ပြောကြားကြသည်။

အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ (SEAFDEC)မှ တာဝန်ရှိသူများ၊ သင်္ဘောလွှန်းကျင်းနှင့် ပတ်သက်သော လုပ်ငန်းရှင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် အဖွဲ့သည် ကျွန်းစုမြို့နယ်အတွင်း Myanmar MSC Co.,Ltd. မှ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ထုတ်ကုန်အမယ်သစ် ပင်လယ်ရေမှော်စိုက်ပျိုးသည့် နေရာများကို သွားရောက်ကြည့်ရှုခဲ့ပြီး ကျွန်းစုမြို့နယ် ဒိုးပုလဲအော်ကျေးရွာ၌ ပင်လယ်ရေမှော်စိုက်ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ ဝင်ငွေတိုးတက်ရေးတို့အတွက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲများ လုပ်ငန်းများအောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် MSC Co,Ltd. မှ တာဝန်ရှိသူများနှင့်အတူ ဆွေးနွေးမှာကြားသည်။

MSC Co,Ltd. အနေဖြင့် မြိတ်ကျွန်းစု ဒေသတစ်ဝိုက်တွင် ဒေသဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် Contract Farming System ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသည်တင်လိုင်းကား လမ်းဘေးပလက်ဖောင်းကျော်လွန် တိမ်းမှောက်

ရန်ကုန် ဇူလိုင် ၂၇

ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း စတားလီယံဟိုတယ်အနီး လမ်းဘေးပလက်ဖောင်းကို ကျော်လွန်ကာ မြောင်းထဲ ထိုးကျနေသော လိုင်းအမှတ်(၈၁)၁က/--- ခရီးသည်တင် ဒိုင်နာမော်တော်ယာဉ်ကို တွေ့မြင်ရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး နယ်မြေ(၁) ယာဉ်မှုစစ် ဒုရဲအုပ် စောဇော်မင်းဦးနှင့်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းနိုင်တို့အဖွဲ့ရောက်ရှိစစ်ဆေးရာ မင်္ဂလာဒုံမြို့နယ် (၈)ရပ်ကွက် ဥဇနဲ(၄)လမ်း အမှတ်(၈/၃၃)နေ ယာဉ်မောင်း ဦးအောင်မြသန်း (၅၂နှစ်)သည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာသော ရွှေပေါက်ကံမှ သမိုင်း-ဘုရင့်နောင်ပြေးဆွဲနေသည့် လိုင်းအမှတ်(၈၁) ခရီးသည်တင် ၁က/--- အစိမ်းရောင်ဒိုင်နာမော်တော်ယာဉ်သည် ရဲဘော်ဟောင်းမှတ်တိုင်ရောက်လုနီး (စတားလီယံ) ဟိုတယ်ရှေ့အရောက်၌ အလယ်ပလက်ဖောင်းအဖြတ်ကို ကွေ့ဝိုက်ဖြတ်သန်းနေကြသော လူ၊ ကား၊ အနှေးယာဉ်၊ ဆိုက်ကား၊ ဂါလီ၊ စက်ဘီးများအား ရှောင်တိမ်းရင်း အရှိန်မထိန်းနိုင်၍ ယာလမ်းဘေးပလက်ဖောင်းကို ကျော်လွန်တိမ်းမှောက်ကျသွားခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်ရာတွင် ယာဉ်နောက်လိုက် ကိုချက်ကြီးမှာ ယာဘက်ခြေကျိုးသွားကြောင်းနှင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာနတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။ **(၀၁၅)**

၂၀၁၃ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ၌ မကြာမီကာလတွင် ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ဆီးဂိမ်းပြိုင်ပွဲကြီးတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ တစ်ကြိမ်မျှထည့်သွင်းကျင်းပနိုင်ခြင်းမရှိခဲ့သည့် မြန်မာ့ရိုးရာခြင်းလုံး အားကစားကို ပြိုင်ပွဲတစ်ရပ်အဖြစ်ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အရပ်အခေါ် ဝိုင်းခြင်း ဟုခေါ်ဆိုကြသည့် မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်းမှာ တစ်နိုင်ငံလုံးနှင့်ရင်းနှီးကျွမ်းဝင်ပြီးသား ကစားနည်းတစ်ရပ်ဖြစ်သည်။ မြန်မာအမျိုးသားတိုင်း ဝိုင်းခြင်းမခတ်ဖူးသူ မရှိသလောက်ရှားသည်။ အနယ်နယ်အရပ်ရပ်၌ ခြင်းအလှခတ်ပြိုင်ပွဲများကိုလည်း ကျင်းပလေ့ရှိသည်။ သို့သော် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင်မူ ထည့်သွင်းကျင်းပနိုင်ခဲ့ခြင်း မရှိပေ။ နိုင်ငံတကာပြိုင်ပွဲတွင် ထည့်သွင်းကျင်းပနိုင်မှသာ မိမိရိုးရာအားကစားကို အခြားနိုင်ငံများကပါ သိရှိလာပြီး နိုင်ငံတကာအားကစားနည်းတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်လာပေမည်။ တရုတ်နိုင်ငံမှ ဝူရှူး၊ ထိုင်းနိုင်ငံမှမွေထိုင်းအားကစားတို့မှာ နိုင်ငံတကာပြိုင်ပွဲများမှတစ်ဆင့် ကမ္ဘာ့အားကစားနည်းတစ်ရပ်အဖြစ် ထင်ရှားလာသည့် ၎င်းတို့၏ရိုးရာအားကစားနည်းများဖြစ်သည်။

သို့ဖြစ်ရာ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကိုထည့်သွင်းကျင်းပနိုင်ခြင်းသည် နိုင်ငံတကာပြိုင်ပွဲများသို့ တက်လှမ်းကျင်းပခွင့်ရတော့မည့် ပထမဆုံးသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ယင်းသို့ကျင်းပခွင့်ရရှိအောင် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရဦးစိုးနိုင်နှင့် တွေ့ဆုံဆွေးနွေးဖြစ်ခဲ့သည်။

မေး ။ ပထမဦးဆုံး မြန်မာ့ရိုးရာခြင်းလုံး သို့မဟုတ် ဝိုင်းခြင်းခတ်တဲ့ အလေ့အထကို ဘယ်တုံးကများ စတင်ခဲ့တယ်ဆိုတာ ပြောပြပါဦး။

ဖြေ ။ ခြင်းလုံးကစားတာဟာ ပျူခေတ်ကစခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ပြည်မြို့နားက မှော်ဇာရွာအနီးမှာ ဘုရားကုန်းတစ်ကုန်းကိုတူးဖော်ခဲ့တုန်းက ရွှေခြင်းလုံး၊ ငွေခြင်းလုံးတွေတွေ့ခဲ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ခြင်းလုံးကစားတာကို ပျူခေတ်ကစတယ်လို့ ပြောခြင်းဖြစ်ပါတယ်။ သမိုင်းပညာရှင်တော်တော်များများက ဒီလိုပဲကောက်ချက်ချကြပါတယ်။

မေး ။ ပျူခေတ်ဆိုတော့ ဘီစီ(၂)ရာစုလောက်ကာလပေါ့။ အဲဒီအချိန်တုန်းက ပြည်နားက သရေခေတ္တရာ၊ တောင်တွင်းကြီးနားက ဗိဿနိုးနဲ့ ရွှေဘိုဘက်က ဟန်လင်းဆိုတဲ့မြို့သုံးမြို့ဟာ ပျူခေတ်မှာ ထင်ရှားတဲ့မြို့ကြီးသုံးမြို့လို့ဆိုကြတယ်ဗျ။

ဖြေ ။ ဟုတ်ပါတယ်။ အဲဒီမြန်မာ့သမိုင်းဦးခေတ်က စတယ်လို့ဆိုရမှာပေါ့။ နောက်တစ်ခါ ပုဂံခေတ်မှာလည်း မြန်မာတွေဟာ ထိုးကွင်း

…တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ …ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ စည်းဝေး

…ဇူလိုင် ၂၇
…တွင်းထွက်သယံ
… တူးဖော်ရေး
…ပွင့်လင်းမြင်သာ
…ဆောင်ကော်မတီ
…အဝေးကို ဇူလိုင်
… ၉ နာရီခွဲက
… အစည်းအဝေး
…(ယာပုံ) ဦးဆောင်
…ထောင်စုဝန်ကြီး
…ကားပြောကြား
…ည် သယံဇာတ
…ပါကြွယ်ဝသည့်
… ယင်းသယံ

ဇာတအရင်းအမြစ်များအား ပွင့်လင်းမြင်သာပြီး တာဝန်ခံထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ EITI အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်လာနောက်သား တိုင်းရင်းသားပြည်သူများအတွက် ရေရှည်အကျိုးကျေးဇူး ခံစားစေနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီကိုလည်း ယခုနှစ်ဧပြီလက ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ EITI အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်ချိန်အမီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုနှစ်မေလတွင် ကျင်းပခဲ့သည့် EITI Global Conference မှ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများဖြင့် လုပ်ငန်းနှင့် ဆက်စပ်သူများအားလုံးပါဝင်သော ညွှန့်ပေါင်းအဖွဲ့ (Multi-stakeholder Group-MSG) ဖွဲ့စည်းတည်ထောင်ပြီး ယခုနှစ်မကုန်မီ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ရေးအတွက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် EITI လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အစိုးရ၊ ပုဂ္ဂလိကနှင့် လူထုအခြေပြု အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဇော်ဦးက EITI လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးဆောင်ရွက်ချက်များ၊ ဒေသတွင်းနိုင်ငံများ EITI လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အားသာချက်၊ အားနည်းချက်များကို စိစစ်သုံးသပ်တင်ပြပြီး အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

…တော်

…ရားရုံးများနှင့်
…လ်ဝင်စာမေးပွဲ
… ကျောင်းသား
…ညနေ ၃ နာရီခွဲ
…ခန်းမ၌ ကျင်းပ
…မှာစကားပြော
…ထူးရှင်တစ်ဦး၊
…ခြာက်ဦးတို့အား
…။ (သတင်းစဉ်)

တရားစီရင်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၇

ဂျာမနီနိုင်ငံအခြေစိုက် Friedrich -Naumann -Foundation for Freedom ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့လာရောက်သည့် ဂျာမနီနိုင်ငံမှ တရားသူကြီး Torsten Frank Koschinka နှင့်အဖွဲ့သည် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာဥပဒေများကို စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တရားရေးအရာရှိများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၃၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သီရိဖောင်ဒေးရှင်း ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ၊ ပညာသင်ဆုများပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

အောင်သီရိ ဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ၊ ပညာသင်ဆုများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ် (၂၀) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အောင်သီရိဖောင်ဒေးရှင်းနာယက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများအနက် တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံးရရှိသည့် အထက(၃)အား ငွေကျပ်သိန်း ၂၀၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တစ်ဘာသာလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဦးလျှင် ငွေကျပ် လေးသောင်းနှုန်းဖြင့် ပညာသင်ဆု ဆက်လက်ချီးမြှင့်ခံရသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၃၀၊ နဝမတန်း ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ပညာသင်ဆု ဆက်လက်ချီးမြှင့်ခံခဲ့ရသည့် သတ္တမတန်း ကျောင်းသားကျောင်းသူ ၁၆၆ ဦး၊ ဆဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၁၁၅ ဦး၊ ပဥ္စမတန်းကျောင်းသား ကျောင်းသူ ၁၃၀၊ ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ အမှတ်(၁) ဆေးရုံသို့ ဆေးပဒေသာပင် ငွေကျပ်သိန်း ၂၀၊ အမှတ်(၂) ဆေးရုံသို့ ဆေးပဒေသာပင် ငွေကျပ်သိန်း ၂၀၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၊ ကျေးလက်ဆေးပေးခန်းများသို့ ဆေးဝါးငွေကျပ် သိန်း ၄၀ ဖိုး၊ အထက (၂၀)အတွက် ကျောင်းရန်ပုံငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် BMX စက်ဘီးစီး အားကစားသမားများ အပြင်းအထန် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

…အားကစားပြိုင်ပွဲ
…မည်ဖြစ်သည်။
…များ၌ တစ်ကြိမ်
… အားကစားကို
…ရှိရသည်။
…ရာခြင်းလုံးခတ်
…းနည်းတစ်ရပ်
…သလောက်ရှား
…လည်း ကျင်းပ
…ပြိုင်ပွဲများတွင်မူ
…ည့်သွင်းကျင်းပ
… ရှိလာပြီး နိုင်ငံ
… ပါဝင်ယှဉ်ပြိုင်
…အားကစားတို့မှာ
…းတစ်ရပ်အဖြစ်
…သည်။
…ပွဲကိုထည့်သွင်း
…ျင်းပခွင့်ရတော့
…ယင်းသို့ကျင်းပ
…ခြင်းလုံးအဖွဲ့ချုပ်
…ဆွေးနွေးဖြစ်ခဲ့

…ိုင်းခြင်းခတ်တဲ့ …တာ ပြောပြပါ

…ဆိုနိုင်ပါတယ်။
…ကုန်းကိုတူးဖော်
…ဒါကိုကြည့်ခြင်း
…ပြောခြင်းဖြစ်ပါ
…က်ချက်ချကြပါ

…အဲဒီအချိန်တုန်း …းက ဗိသနိုးနဲ့ …င်ရှားတဲ့မြို့ကြီး

…တယ်လို့ဆိုရမှာ
…ဥ္စာ ထိုးကွင်း

နိုင်ငံတကာအားကစားစင်မြင့်သို့ တက်လှမ်းလာတော့မည့် မြန်မာ့ခြင်းလုံး

မေးမြန်းဆွေးနွေးသူ ရန်ကြီးအောင်

မင်ကြောင်တွေနဲ့ခါးတောင်းကျိုက်ပြီး ကြိမ်တွေကို အလုံးသဏ္ဌာန်လုပ်ပြီး ခတ်ကစားကြတယ်လို့ အဲဒီခေတ်ကပုဂံကိုရောက်ဖူးတဲ့ အီတလီခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက မှတ်တမ်းရေးခဲ့ပါတယ်။

နောက်ပြီး ပုဂံ၊ ပင်းယ၊အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်မှာလည်း ဘုရင်တွေရဲ့ဖျော်ဖြေပွဲတွေမှာ ခြင်းလုံးနဲ့ ဖျော်ဖြေတာပါခဲ့ပါတယ်။ ဒီလိုကစားလာရင်းနဲ့ တစ်နိုင်ငံလုံးက အနယ်နယ်အရပ်ရပ်မှာ အပျော်ခတ်အနေနဲ့ဝိုင်းဖွဲ့ပြီးကစားလာခဲ့တာဟာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ ။

ရှေးကဗျာတစ်ပုဒ်ထဲမှာတောင် "ပျိုလေးတွေရေခပ်ဆင်းကို ခြင်းခတ်လို့ချောင်း"ဆိုပြီး ရေးဖွဲ့ထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ ခြင်းလုံးမကစားဖူးသူမရှိသလောက်ပါ။ အနည်းဆုံး ကိုယ်တိုင်မခတ်ဖူးတောင်မှ သူများခတ်တာကိုတော့မြင်ဖူးတွေ့ဖူးကြပါတယ်။ ဒေသအလိုက် ကျင်းပတဲ့ဘုရားပွဲတွေမှာလည်း ခြင်းအလှခတ်ပြိုင်ပွဲတွေ ကျင်းပနေပါတယ်။ ဒါကြောင့် ဒီခြင်းလုံးခတ်ကစားနည်းဟာ မြန်မာ့ရိုးရာအားကစားနည်းစစ်စစ်လို့ပြောချင်ပါတယ် ။

ခြင်းလုံးခတ်ကစားတာဟာ အကြောအခြင်တွေပြေ၊ အညောင်းအညာတွေပြေပြီး ကျန်းမာရေးကောင်းစေတဲ့အပြင် ခြင်းလုံးကို မြေမကျအောင် ဝိုင်းဖွဲ့ပြီးခတ်ပြရတာဟာလည်း တကယ်ကို ရသမြောက်တဲ့မြင်ကွင်းပါ။ ဟိုတုန်းက နိုင်ငံခြားရုပ်သံလိုင်းတွေမှာ ဘရာဇီးက ရော်နယ်ဒိုကြီးတို့၊ ရိုနယ်ဒင်ဟိုတို့၊ ပြင်သစ်က ဇီဒန်းတို့စတဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတွေ ဘောလုံးကို 'တော့' ကစားပြတာကို မကြာခဏမြင်ဖူးပါတယ်။ လူတိုင်းလည်း သူတို့ရဲ့ဘောလုံးစွမ်းရည်ကိုသဘောကျကြပါတယ်။ ဒါပေမယ့် ဒါဟာ ကျွန်တော်တို့မြန်မာတွေ ခြင်းလုံး'တော့'ကစားနိုင်မှုကိုတော့ မီမယ်မထင်ပါဘူး။ ကျွန်တော်တို့ခြင်းလုံးခတ်ကစားနည်းကို ကမ္ဘာက မသိသေးလို့ တိမ်မြုပ်နေသေးတဲ့သဘောပါ။

မေး ။ ဟုတ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ကစားနည်းကို ကမ္ဘာသိအောင် ကြိုးစားကြရမှာပေါ့။ အရင်ဆုံး ခြင်းလုံးအဖွဲ့ချုပ်တည်ထောင်ပုံလေးနဲ့လာမယ့်ဆီးဂိမ်းမှာ ခြင်းလုံးပြိုင်ပွဲထည့်သွင်းကျင်းပဖို့ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ပြောပြပေးပါဦး ။

ဖြေ ။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကို ၁၉၅၃ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ ခုဆို နှစ်ပေါင်း (၆၀)ရှိပြီပေါ့။ စတင်တည်ထောင်တဲ့နှစ်မှာပဲ ရန်ကုန်မြို့က အောင်ဆန်းအားကစားပြိုင်ကွင်းမှာ ခရိုင်အလိုက်ပြိုင်ပွဲတွေ ကျင်းပခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ မြင်းခြံခရိုင်အသင်းကပထမဆုရခဲ့ပါတယ်။ အဲဒီနောက် တိုင်းနဲ့ ပြည်နယ်ပွဲတွေကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ခတ်ကစားနည်းကတော့ ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀ မျိုးနဲ့ ခေတ်ဆန်း ၁၀ မျိုးဆိုပြီး အမျိုးအစားအလိုက် ကျင်းပခဲ့ပါတယ်။ တပ်မတော်မှာလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားခြင်းလုံးခတ်ပြိုင်ပွဲတွေကျင်းပခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့ခြင်းလုံးကို စနစ်တကျခတ်ကစားနိုင်ဖို့အတွက် အခုဆိုရင် မန္တလေးမှာ ခြင်းလုံးသင်တန်းကျောင်းဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပါတယ် ။

အဲဒီလို ပြည်တွင်းမှာ ပြိုင်ပွဲတွေကျင်းပပေးနေရာကနေ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း(၄၀) ကျော်ကြာမှ ပြန်လည်ကျင်းပခွင့်ရတဲ့ လာမယ့်ဆီးဂိမ်းမှာ ထည့်သွင်းကျင်းပနိုင်ဖို့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေနဲ့ တစ်နှစ်ကျော်လောက်အချိန်ယူကြိုတင်ပြင်ဆင်ခဲ့ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ရိုးရာအားကစားနည်းတစ်ခုကို ဆီးဂိမ်းပြိုင်ပွဲမှာ ထည့်သွင်းကျင်းပမယ်ဆိုရင် ဒီပြိုင်ပွဲကို (၅)နိုင်ငံပါဝင်ယှဉ်ပြိုင်မှ ဒီအားကစားနည်းကို ထည့်သွင်းကျင်းပခွင့်ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊လာအိုစတဲ့ အာဆီယံနိုင်ငံတွေကို လှည့်လည်ပြီးတော့ စည်းရုံးရ၊ သရုပ်ပြရပါတယ်။ ပြိုင်ပွဲမှာ ကျွန်တော်တို့ရဲ့ ရိုးရာခြင်းလုံးခတ်ကစားနည်းကို ထည့်သွင်းချင်ပါတယ်။ ပါဝင်ကစားပါ။ ဒီကစားနည်းဟာ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းထောင်ချီပြီးခိုင်မာစွာတည်တံ့နေတဲ့ ရိုးရာအားကစားနည်းဖြစ်ပါတယ်။ လူခြောက်ဦးနဲ့ ပါဝင်ခတ်ကစားရပါတယ်။ တခြားအားကစားနည်းတွေလို တစ်ဦးနဲ့တစ်ဦး၊ တစ်သင်းနဲ့တစ်သင်း အားနည်းချက်ကိုရှာပြီး အနိုင်ယူကစားရတဲ့ ကစားနည်းမဟုတ်ပါဘူး။ တွန်းတွန်းတိုက်တိုက်၊ အင်နဲ့အားနဲ့ကစားရလို့ ထိခိုက်ဒဏ်ရာရရှိနိုင်တဲ့ အားကစားနည်းလည်းမဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး ဖေးမကူညီပြီးတော့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ကစားရတဲ့ ကစားနည်းဖြစ်ပါတယ်ဆိုပြီး လှည့်လည်စည်းရုံးရပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တာကြောင့် အခုဆိုရင် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့က ပါဝင်ကစားဖို့အဆိုပြုထားပြီဖြစ်ပါတယ်။ အကြောင်းကြားစာလည်း ရောက်ပါပြီ။ ဒီလထဲမှာတင် ဖိလစ်ပိုင်နိုင်ငံကို သွားရောက်စည်းရုံးသရုပ်ပြဖို့ ကျွန်တော်တို့ပြင်ဆင်ထားပါတယ်။ တီမောကိုလည်း သွားဦးမှာပါ။

အခုလိုအာဆီယံနိုင်ငံတွေကို လှည့်လည်စည်းရုံးတဲ့အခါမှာ နိုင်ငံတော်ကလည်း ထောက်ပံ့ကူညီသလို ကျွန်တော်တို့အဖွဲ့ချုပ်ကလည်း ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့တာပါ။ ကိုယ့်နိုင်ငံရဲ့အားကစား၊ ကိုယ့်နိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်ချင်လို့ ဒီလိုဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလိုပဲ၊ ကိုယ့်နိုင်ငံက အားကစားကို ကိုယ့်နိုင်ငံမှာပဲ ကျင်းပခွင့်ရတဲ့အချိန်မှာ ကိုယ့်နိုင်ငံအတွက် ရွှေတံဆိပ်ဆုတွေရယူပေးချင်ပါတယ်။ ဒီလိုရရှိဖို့အတွက် ၉၀ ရာခိုင်နှုန်းလောက် သေချာပါတယ်။ ရရှိအောင်လည်း ကျွန်တော်တို့အစွမ်းကုန်ကြိုးစားသွားမှာပါ။ သို့သော် ဆုရဖို့ထက် ဒီဆီးဂိမ်းပြိုင်ပွဲကတစ်ဆင့် ကျွန်တော်တို့ရိုးရာအားကစားကို ကမ္ဘာကသိရှိသွားဖို့၊ ဒီပြိုင်ပွဲကတစ်ဆင့် အာရှပြိုင်ပွဲ၊ ကမ္ဘာ့ပြိုင်ပွဲတွေမှာ ထည့်သွင်းကျင်းပခွင့်ရအောင်အစပျိုးနိုင်ဖို့ အဓိကရည်ရွယ်ပါတယ်။

မေး ။ ပြိုင်ပွဲကို အမျိုးအစားဘယ်နှမျိုးနဲ့ ကျင်းပမှာပါလဲခင်ဗျ။

ဖြေ ။ ကစားနည်းရှစ်မျိုးနဲ့ကျင်းပမှာပါ။ အမျိုးသားပြိုင်ပွဲမှာလေးမျိုးနဲ့ အမျိုးသမီးပြိုင်ပွဲမှာလည်း လေးမျိုးပေါ့။ အမျိုးသား၊အမျိုးသမီး မူလအဆင့်မျိုးကွဲပြိုင်ပွဲ၊ မူလအဆင့်မျိုးတူပြိုင်ပွဲ၊ မူလအဆင့်အတွဲပြိုင်ပွဲနဲ့ ဒုတိယအဆင့်မျိုးကွဲပြိုင်ပွဲတို့ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ တခြားနိုင်ငံတွေက ပါဝင်ခတ်ကစားနိုင်အောင် ကစားနည်းဥပဒေတွေ၊ စည်းမျဉ်း စည်းကမ်းတွေကို အနည်းငယ်ဖြေလျှော့ပေးထားပါတယ်။

ဆီးဂိမ်းပြိုင်ပွဲကြီးမတိုင်ခင် အကြိုပြိုင်ပွဲအဖြစ်နဲ့ မြန်မာ့ခြင်းလုံး နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲကိုလည်း လာမယ့်စက်တင်ဘာလမှာ ကျင်းပသွားမှာပါ။ ကိုယ့်ရဲ့အားကစားကို သူများတွေရင်းနှီးသွားအောင် စတင်မိတ်ဆက်ပေးတဲ့သဘောပေါ့ ။

မေး ။ လက်ရွေးစင်တွေကိုရော ရွေးချယ်ထားပြီးပြီလား။

ဖြေ ။ ကျွန်တော်တို့မှာ လက်ရွေးစင်ကစားသမားအဖြစ် အမျိုးသား ၁၃ ဦးနဲ့ အမျိုးသမီး ၁၃ ဦး ရွေးချယ်ထားပါတယ်။ အရန်ကစားသမားတွေလည်း ထားရှိပါတယ်။ ကိုယ့်နိုင်ငံရဲ့ ဂုဏ်တင့်တယ်ဖို့၊ ကိုယ့်နိုင်ငံအတွက် ဆုတံဆိပ်တွေရရှိဖို့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နဲ့ လက်ရွေးစင်အားကစားသမားတွေက မနားမနေကြိုးစားလျက်ရှိပါတယ်။

နောက်တစ်ခုက ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားရဲ့ သရုပ်ပြဖျော်ဖြေမှုအစီအစဉ်မှာ လူအင်အား ၂၂၂ ဦးနဲ့ ခြင်းလုံးအလှခတ်သရုပ်ပြမယ့် အစီအစဉ်ပါဝင်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ အနယ်နယ်အရပ်ရပ်က ခြင်းလုံးအားကစားသမားတွေကို ဖိတ်ခေါ်ပြီး ပြင်ဆင်နေပါတယ်။

မေး ။ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ ထည့်သွင်းကျင်းပနိုင်ဖို့ကိုရော ဘယ်လို စီစဉ်ဆောင်ရွက်နေပါသလဲ။

ဖြေ ။ ဒီဆီးဂိမ်းမှာ ထည့်သွင်းကျင်းပတာကတော့ ပထမအဆင့်ပါ။ ပြိုင်ပွဲတွေမှာ ထည့်သွင်းကျင်းပနိုင်ဖို့က အာရှအဖွဲ့ချုပ်ဖွဲ့စည်းနိုင်မှုဖြစ်မှာပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မြန်မာ့ရိုးရာခြင်းလုံး အာရှအဖွဲ့ချုပ်ဖွဲ့စည်းနိုင်ဖို့အတွက် အခြားနိုင်ငံတွေကိုလှည့်လည်စည်းရုံးနေပါတယ်။ အဲဒီလို ဖွဲ့စည်းတဲ့အခါ ကိုယ့်နိုင်ငံက အဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတာဝန်ယူရဖို့ရှိပါတယ်။ ဒါဆိုရင် နိုင်ငံတကာပြိုင်ပွဲတွေမှာပါ ထည့်သွင်းကျင်းပနိုင်မှာပါ။

အချုပ်အားဖြင့်တော့ ကိုယ့်ရိုးရာအားကစားကို ကိုယ့်နိုင်ငံမှာကျင်းပတဲ့ပြိုင်ပွဲမှာသာမကဘဲ နောင်ဆက်လက်ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲတွေမှာ ပါဝင်အောင်၊ အာရှပြိုင်ပွဲ၊ ကမ္ဘာ့ပြိုင်ပွဲတွေမှာလည်း ပါဝင်နိုင်အောင်၊ ကိုယ့်ရဲ့ ရိုးရာအားကစားကို ကမ္ဘာတစ်ဝန်းပျံ့နှံ့အောင်၊ မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားဖြစ်လာအောင် ကျွန်တော်တို့ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နေပါတယ်လို့ ပြောချင်ပါတယ်။ ။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အန္တရာယ်ကင်း ပရိတ်များရွတ်ဖတ်

ပုသိမ်ကြီး ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်သုခရပ်ကွက်အပါအဝင် မြို့နယ်ရပ်ကွက်များအတွင်း မီးဘေး၊ ရေဘေး၊ လေဘေးအန္တရာယ်များ ကင်းဝေးစေရန်နှင့် မိုးခေါင်ခြင်းမှ ကင်းလွတ်စေရန်အတွက် ဇူလိုင် ၂၆ ရက် ညနေပိုင်းတွင် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်၊ ဝဋ္ဋသုတ်၊ သမန္တာမှစ၍ ရွတ်ဖတ်ပူဇော်ကြသည်။ ဆက်လက်၍ ဓမ္မစကြာ ဝိမာနကျောင်းတိုက်အတွင်း၌ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

မာရ်အောင်စေတီတော် ရွှေထီးတော်အသစ်တင်လှူ

ကန့်ဘလူ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်ကျေးရွာ မာရ်အောင်စေတီတော် ရွှေထီးတော်အသစ်တင်လှူပွဲကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ထိုစေတီတော်သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ငလျင်ဒဏ်ကြောင့် စေတီတော်၏ ထီးတော်ကျိုးပွဲခဲ့ပြီး စေတီတော်သည်လည်း အက်ကွဲခဲ့သဖြင့် မလယ်ကျေးရွာဒေသခံပြည်သူများ၏ ကုသိုလ်ကောင်းမှုဖြင့် ပြန်လည်ပြုပြင်ကာ ရွှေထီးတော်ကိုမြို့နယ်ဌာန ဆိုင်ရာများ၏ စုပေါင်းလှူဒါန်းမှုဖြင့် တင်လှူခဲ့ကြကြောင်း သိရသည်။

စေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲသို့ မလယ်ကျေးရွာနှင့်အနီးတစ်ဝိုက်ရှိ ဒေသများမှ ဒေသခံပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြရာ စေတီတော်ရင်ပြင်တစ်ဝန်းလုံး အထူးစည်ကားခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း

ကင်းတားရေလှောင်တမံ၏ အသုံးပြုရေပမာဏတွက်ချက် ရေပေးမြောင်းများအလိုက် ပျိုးထောင်ရေပေးဝေနိုင်ရေးဆောင်ရွက်

မန္တလေး ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်သန်း၊ ဦးသန်းစိုးမြင့်၊ ဒေါက်တာမြင့်ကြူနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၅ ရက်မွန်းလွဲပိုင်းက ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမြို့၏အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာ ကံဆွယ်ကျေးရွာအနီးရှိ ကင်းတားရေလှောင်တမံသို့ရောက်ရှိကြပြီး ရေလှောင်တမံ ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်အောင်တို့က နှစ်စဉ်လအလိုက် မိုးရွာသွန်းမှုအခြေအနေ၊ နှစ်စဉ်လအလိုက် ရေဝင်ရောက်မှုနှင့် သုံးစွဲမှုအခြေအနေ၊ ဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ယခုနှစ်မိုးရွာသွန်းမှု၊ ဆည်ရေဝင်ရောက်မှုတို့ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိအသုံးပြုနိုင်သော ရေပမာဏတွက်ချက်၍ ရေပေးမြောင်းများအလိုက် ပျိုးထောင်ရေပေးဝေနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် မှာကြားကာ ရေလှောင်တမံ ရေသိုလှောင်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကင်းတားရေလွှဲဆည်နှင့် မြစ်သားမြို့နယ် မိုင်းမောကျေးရွာအနီးရှိ မြနဒီစိုက်ပျိုးရေးခြံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ် မိုင်းမောကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဓမ္မာရုံ၌ မိုင်းမောကျေးရွာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဦး

မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းဟောပြော

မန္တလေး ဇူလိုင် ၂၇

အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းနှင့် ဆက်နွှယ်သောရောဂါများ ဥပဒေပြစ်ဒဏ်များအကြောင်း ပိုမိုသိရှိနားလည်စေရန်နှင့် သတိထားရှောင်ကြဉ်တတ်စေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနအမှတ်(၂) အခြေခံပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA မန္တလေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၃၃×၃၄ လမ်းကြားရှိ အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ MANA မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ရဲမှူးကြီး လှမြင့်(ငြိမ်း)က MANA ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ MANA မန္တလေးတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများက ဆေးလိပ်အန္တရာယ်၊ ဘဝတွက်တာကျွမ်းကျင်စရာ (Life Skills)၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သောရောဂါများအကြောင်း၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း ဖြစ်ပေါ်လာပုံနှင့် ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း ဟောပြောကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်သီတာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဟောပြော

အဆိုပါ MANA အနေဖြင့် မန္တလေးမြို့ပေါ်ရှိ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်း ၁၀ ကျောင်းသို့သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်အန္တရာယ်များအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ နယ်မြို့နယ်များသို့လည်း ဆက်လက်သွားရောက်ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မော်ထွန်း**

ရမည်းသင်းမြို့နယ် မြို့လှအုပ်စုတွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရမည်းသင်း ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာအုပ်စုအတွင်း၌ သွေးလွန်တုပ်ကွေးငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေး၊ ခြင်အန္တရာယ်နှိမ်နင်းရေး ကြိုတင်ကာကွယ် ခြင်ဆေးဖျန်းခြင်းကို ကျန်းမာရေးဌာနအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့ ရပ်မိရပ်ဖများ၊ အုပ်စုအတွင်း ရှိလူငယ်များ၊ လင်းလက်ကြယ် ကျန်းမာရေးစောင့်ရှောက်ကူညီရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ဇူလိုင် ၂၆ ရက်က မြို့လှကျေးရွာအတွင်းရှိ လူနေအိမ်များ၌ ချုံနွယ်များရှင်းလင်းခြင်း၊ ခြင်ပေါက်ပွားရာရေမြောင်းများတွင် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့လှကျေးရွာအုပ်စုတွင် သီးကုန်းကျေးရွာ၊ တံတားဦးကျေးရွာ၊ ငှက်ပျောတောကျေးရွာ (မြို့ဟောင်း)၊ မြို့လှကျေးရွာတို့ပါဝင်ပြီး အိမ်ခြေ ၉၀၀ ကျော်ရှိသော ကျေးရွာအုပ်စုကြီးဖြစ်သည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

နယ်သတင်းတိုများ

ဂန့်ဂေါမြို့၌ ပထမဆုံးတန်ဖိုးနည်းဖုန်း ယခုလချထားပေးပြီ

ဂန့်ဂေါ ဇူလိုင် ၂၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ပြည်သူများဆက်သွယ်မှုလွယ်ကူစေရေး ရည်ရွယ်ကာ ဇူလိုင်လတွင် တန်ဖိုးနည်းဖုန်းအရေအတွက် အလုံး ၄၀၀ ကို စတင်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။ တယ်လီဖုန်းများ ချထားပေးရာတွင် တပ်ရင်း၊ တပ်ဖွဲ့များအတွက် အလုံး ၂၀၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အလုံး ၁၂၀ နှင့် အများပြည်သူအတွက် အလုံး ၂၆၀ ကို ချထားပေးမည်ဖြစ်ကြောင်း သိရသည်။တန်ဖိုးနည်းဖုန်းများ ချထားပေးရာတွင် ပြည်သူတို့ အမြင်ကြည်လင်စေရေးအတွက် တာဝန်ရှိသူများက မဲစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

ကျောက်ပန်းတောင်း ဖုန်းကတ်ခွဲတမ်း ဂျီအက်စ်အမ်ကတ် ၁၀၀၀ ရရှိ

ကျောက်ပန်းတောင်း ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တန်ဖိုးနည်းဆင်းကတ်များ စတုတ္ထအကြိမ် ဖြန့်ဝေရောင်းချသွားမည်ဖြစ်ပြီး ယခုရောင်းချမည့် တန်ဖိုးနည်းဖုန်းများမှာ GSM ဆင်းကတ်များဖြစ်ရာ ကျောက်ပန်းတောင်းမြို့နယ်တွင် ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်မှုအခြေအနေအရ ပထမအကြိမ်တွင် CDMA 800MHz ဖုန်း ၄၂၀၀၊ ဒုတိယအကြိမ် ၃၅၀၀ နှင့် တတိယအကြိမ် ၃၀၀၀ ခွဲဝေချထားပေးခဲ့ပြီးဖြစ်ရာ ယခုစတုတ္ထအကြိမ်တွင် GSM ဆင်းကတ်များသာ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်ခွဲတမ်းအဖြစ် ဆင်းကတ် ၁၀၀၀ ရရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရွေးချယ်

ကသာ ဇူလိုင် ၂၇

ကသာခရိုင် ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးရွေးချယ်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တစ်ဦးရွေးချယ်ရာတွင် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကား ပြောကြားသည်။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က မြို့နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ နည်းဥပဒေများကို ရှင်းလင်းသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် မြို့မိမြို့ဖများထဲမှ နည်းဥပဒေများနှင့်အညီရွေးချယ်ရာ ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးတင်ဌေး(ရပ်ကွက်-၃)၊ အဖွဲ့ဝင်အဖြစ် ဦးထွန်းဝင်း(ရပ်ကွက်-၆)တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထိုနည်းတူ အင်းတော်မြို့နယ် စည်ပင်သာယာရေးဥက္ကဋ္ဌအဖြစ် ဦးညွှန့်လှိုင်၊ အဖွဲ့ဝင်အဖြစ် ဦးတင်မောင်အေးတို့အားလည်းကောင်း၊ ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးအောင်စိုးမင်း၊ အဖွဲ့ဝင်အဖြစ် ဦးထွန်းရီတို့အားလည်းကောင်း ရွေးချယ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြနန္ဒာသောက်သုံးရေကန် ပြန်လည်ပြုပြင်မွမ်းမံ

ညောင်ဦး ဇူလိုင် ၂၇

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့နယ်ခွဲ အမှတ်(၂)ရပ်ကွက်ရှိ မြနန္ဒာသောက်သုံးရေကန်တွင် နုန်းတူးဖော်ခြင်း၊ သောက်သုံးရေကန်ကို ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇူလိုင် ၂၅ ရက်က ဆည်မြောင်းဦးစီးဌာနမှ ဦးဆောင်၍ မင်းအနော်ရထာအုပ်စုကုမ္ပဏီက မြေတူးစက်သုံးစီးဖြင့် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသောက်သုံးရေကန်တွင် တာကျင်းပေါင်းသုံးသောင်း တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငါ့သရောက်မြို့နယ်ခွဲ ကမ္မကျေးရွာအုပ်စု ကမ္မကျေးရွာ အခြေခံပညာမူလတန်းကျောင်းအနောက်ဘက် ပလပ်မြေ သုံးဧကခန့်ရှိမြေပေါ်မှ ကုန်းကမူများကို ကျောင်းမြေတိုးချဲ့နိုင်ရန်အတွက် ကျေးရွာမှ စက်သုံးဆီ ၁၅ ပီပါခန့် အကုန်ကျခံကာ ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက်များ အကူအညီရယူ၍ မြေညှိခြင်းလုပ်ငန်းကို ဩဂုတ် ၁ ရက်မှစတင်ပြီး ဆောင်ရွက်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ပထမဆုံးအရပ်ဘက်စည်ပင်သာယာဥက္ကဋ္ဌသစ်ရွေး

ဝန်းသို ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်မှုကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ စော်ဘွားကြီးရပ်ကွက်မှဦးခင်မောင်ဝင်းက ငါးမဲဖြင့် မဲအရေအတွက်အများဆုံးရရှိကာ ပထမဆုံး အရပ်ဘက်စည်ပင်သာယာဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

မဲပေးခွင့်ရှိသူဦးရေ ၂၀ တွင် ဦးကျော်ဝင်းက သုံးမဲဖြင့် ဒုတိယနေရာရရှိခဲ့သည်။ ဝန်းသိုမြို့ပေါ်ရှိ အရပ်ဘက်ဒေသခံများထဲမှ မဲစနစ်ဖြင့်ထင်သာမြင်သာရှိအောင်ရွေးချယ်တင်မြှောက်ခဲ့သည့်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဒေသခံပြည်သူများအတွက် အထူးကုဆရာဝန်များဖြည့်ဆည်းပေး၍ ကျေးဇူးတင်

သီပေါ ဇူလိုင် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါ မြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက် ကျေးရွာအုပ်စု ၆၇ အုပ်စု ကျေးရွာပေါင်း ၄၇၀ ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၁၃၃၇၄၅ ဦး နေထိုင်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အလျားပေ ၂၂၀၊ အနံပေ ၉၀ ရှိ သံကူကွန်ကရစ် အမျိုးအစား ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးကို ငွေကျပ် ၁၀၉၅ သိန်းကျော်အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည့်အပြင် အထွေထွေရောဂါကုသမားတော်၊ သားဖွားနှင့်မီးယပ်အထူးကု၊ ကလေးအထူးကု ဆရာဝန်ကြီးများကိုပါ ခန့်အပ်တာဝန်ပေးခဲ့သည်။

သို့သော်လည်း ဖော်ပြပါ အထူးကုသမားတော်ကြီးများသည် ခွင့်ယူပြီး ပြန်လည်ရောက်ရှိမလာခြင်း၊ ပြောင်းရွှေ့သွားသော်လည်း ပြန်လည်အစားထိုးခန့်အပ်မပေးခြင်းစသည့် အကြောင်းများကြောင့် ဒေသခံတိုင်းရင်းသားဝေဒနာရှင်များအနေဖြင့် ပြင်ဦးလွင်၊ မန္တလေး၊ ရန်ကုန်စသည့် မြို့ကြီးများသို့ အချိန်ကုန်လူပန်းသွားရောက်ရသကဲ့သို့ အချို့အရေးကြီးလူနာများ ခရီးပန်းဒဏ်ကို မခံနိုင်သဖြင့် လမ်းခရီးတွင် ရေတိမ်နစ်ရသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရင်ဆိုင်နေကြရသဖြင့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများကို ဒေသခံပြည်သူများက မျှော်လင့်လိုလားတောင့်တလျက်ရှိကြောင်းဖြင့် မေ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သည်။

ထို့ကြောင့် ယခုအခါ သီပေါမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် သမားတော်၊ ကလေးအထူးကုနှင့်သားဖွားမီးယပ်အထူးကုစသည့် ဆရာဝန်ကြီးများရောက်ရှိလာပြီဖြစ်သဖြင့် မြို့နယ်ပြည်သူများက နိုင်ငံတော်နှင့် မြန်မာ့အလင်းသတင်းစာကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

မိုဘိုင်းဖုန်းဆင်းကတ် ပင်းတယမြို့၌ ၂၀၀ ခွဲတမ်းရ

ပင်းတယ ဇူလိုင် ၂၇

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ဇူလိုင်လအတွက် GSM ဆင်းကတ်ခွဲတမ်းသည် အလုံး ၂၀၀ ဖြစ်ပြီး ဇူလိုင် ၂၇ ရက်တွင် မြို့ပေါ် ၁၂ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အများပြည်သူရှေ့မှောက်တွင် ထင်သာမြင်သာ ပွင့်လင်းစွာဖြင့် မဲဖောက်ပေးလျက်ရှိရာ မဲပေါက်သည့် လုပ်သားပြည်သူများသည် အလွန်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

အင်းစိန်ဆေးရုံကြီးသို့ ဓာတ်မှန်ဌာနသုံးစက်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဓာတ်မှန်ဌာနသုံးစက်ပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပရာ ဆေးရုံအုပ်ကြီးဒေါက်တာအောင်ဆန်းနှင့် ဆရာဝန်ကြီးများ၊ သူနာပြု ဆရာ ဆရာမကြီးများ၊ အလှူရှင်များတက်ရောက်ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ကျေးဇူးတင်အမှာစကားပြောကြားပြီးနောက် ဓာတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာရီရီငြေးနှင့် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာနိုင်ဦးတို့ကလည်း အလှူရှင်များအား လိုအပ်သည့်နေရာများကို လှူဒါန်းကြသည့်အတွက် ဂုဏ်ပြုကျေးဇူးတင်ကြောင်း ပြောကြားကြသည်။

မရမ်းကုန်းမြို့နယ် ဦးအောင်ကျော်မြင့်-ဒေါ်စန်းစန်းဝင်း (သံရည်ကျိုလုပ်ငန်း)မိသားစုက ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ Toshiba ဓာတ်မှန်စက်တစ်လုံး၊ အာရှတော်ဝင်ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ဒေါက်တာ ကျင်ကျင်စန်း (သားဖွားမီးယပ်အထူးကု) နှင့် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မျိုးထွေး မိသားစုတို့က ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ကိုရီးယားဓာတ်မှန်စက်တစ်လုံး၊ ဗိုလ်တထောင်မြို့နယ်နေ ဦးနေဝင်းနှင့်သမီး ဒေါ်အေးအေးခိုင်မိသားစုက ငွေကျပ် ၁၈၇ သိန်းတန်ဖိုးရှိ ဂျာမနီပုံရိပ်ဖော်စက်တစ်လုံး၊ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ ဆရာမဒေါ်အေးကြည်က ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ ဂျာမနီသွားဓာတ်မှန်စက်တစ်လုံးနှင့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ အလိုအလျောက်ဓာတ်မှန် ဖလင်ဆေးစက်တစ်လုံး၊ ဗဟန်းမြို့နယ် ဦးကျော်လင်း-ဒေါ်သန်းသန်းဆွေမိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အလှူရှင်လူနာများက ထည့်ဝင်ငွေကျပ်သိန်း ၄၀ တို့ကိုလည်းကောင်း လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက လက်ခံကြသည်။**(အပေါ်ပုံ)**

မြင့်ဦး(အင်းစိန်)

လမ်းပေါ်သို့ရောက်လာသော သစ်ပင်များနှင့် ယာဉ်အန္တရာယ်

မြို့ရန်ကုန်၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန်အတွက် မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဝန်ထမ်းများသည် မိုးလင်းမှ မိုးချုပ်သည့်တိုင် မိုးရွာရွာ နေပူပူ ရာသီဥတုကိုအန်တုကာဆောင်ရွက်နေကြသည်။ တကယ်လည်း ကျေးဇူးအထူးတင်မိပါသည်။ တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ် သံတစ်ပွင့်ပမာ ပါဝင်ဆောင်ရွက်နေမှု မြင်ကွင်းများပင် ဖြစ်ပါသည်။

ရန်ကုန်မြို့အနှံ့အပြားလမ်းဘေးပလက်ဖောင်းများကို ရသမျှချဲ့ထွင်နေကြသည်။ ဤသို့ဆောင်ရွက်ရာ၌ ယခင်က ပလက်ဖောင်းများပေါ်၌ စိုက်ပျိုးထားခဲ့သော သစ်ပင်များကို မူလအတိုင်း မပျက်မယွင်းစေဘဲထားရှိခဲ့သည်။ အပင်ခြေရင်း၌ အုတ်ပေါင်များဖြင့် သေသေသပ်သပ်ကာရံပေးခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက်ကောင်းသည်။ လမ်းမီးတိုင်များကလည်း သည်အတိုင်းပင်ကျန်ခဲ့ပါသည်။ လျှပ်စစ်ဌာနအနေဖြင့် ဘာမျှ ပြန်လည်စီစဉ်ပေးမှုများမရှိသေးသည်ကိုတော့ ယနေ့တိုင်တွေ့မြင်နေရသည်။

ထိုအထဲမှ ဖြတ်သွားမိတိုင်းမြင်တွေ့လိုက်ရသည့် မြင်ကွင်းက ကြုံမြင်တတ်သူတို့အဖို့ တွေးမိလေလေ၊ ကြောက်စရာကောင်းလေလေ ဖြစ်သည်။ အန္တရာယ်ကို ဖိတ်ခေါ်နေသော လမ်းပေါ်သို့ ရောက်လာသည့်သစ်ပင်များကြောင့်ဖြစ်ပါသည်။

နေရာမှာ လသာမြို့နယ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအပေါ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရှေ့ဘက်ခြမ်းတစ်လျှောက်လုံးပင် ဖြစ်သည်။

ကွန်ကရစ်လမ်းများချဲ့ထွင်နိုင်မှုမှာ အကျယ်အားဖြင့် ပေ ၂၀ အထက်ပင်ရှိနိုင်သည်။ ဆေးရုံကြီးအရှေ့ခြံဝင်းနှင့်ကပ်လျက်တွင် အကာအရံတန်းများဖြင့် လူသွားလမ်း ပလက်ဖောင်းပြန်လည်ပြုပြင်ထားသည်ကို တွေ့ရသည်။

ထိုပလက်ဖောင်း အစပ်မှသည် ကတ္တရာလမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်း ကွန်ကရစ်လမ်းအဖြစ် ချဲ့ခင်းလိုက်ခြင်းဖြစ်သည်။

ယင်းသို့ ခင်းထားခြင်းအားဖြင့် လမ်းမတော်ဘက်မှလာပါက ထိပ်ဆုံးမှ အမျိုးအမည်မသိသော၊ ပင်စည်သည် လူတစ်ဖက်မကသောအပင်ကြီးက လမ်းမကြီးပေါ်သို့ အလိုအလျောက် ရောက်ရှိလာသည့်နှယ် ထီးထီးမားမားဖြစ်လာခဲ့သည်။ အပင်ခြေရင်း၌လည်း ယခုထက်တိုင် ဘာမျှဝန်းရံထားခြင်းမရှိပေ။ ထို့အပြင် ထင်သာမြင်သာအမှတ်အသားအားဖြင့်လည်း ဘာတစ်ခုမျှကပ်ထား၊ ချိတ်ဆွဲထားခြင်းကို မတွေ့ရပေ။ ဆေးရုံကြီးရှေ့တစ်လျှောက်လုံးတွင် သစ်ပင်ပေါင်း ခုနစ်ပင်ရှိနေသည်ကို ရေတွက်မိခဲ့သည်။ အပင်အားလုံး ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

ဆေးရုံကြီးရှေ့မှ ဖြတ်သန်းလာသောယာဉ်များက ထိုအပင်များကို အလယ်ထားကာ ဘေးတစ်ဖက်တစ်ချက်စီမှ အပြိုင်မောင်းနှင်နေကြပြီ။

နံနက် ၈ နာရီကျော်ပြီဆို ကျောင်းသို့လာကြသည့် အချို့သောမိဘများနှင့် ကျောင်းသားကလေးများကလည်း သတ်မှတ်ထားသော လူသွားလမ်း ပလက်ဖောင်းပေါ်မှတက်၍မလျှောက်ကြပေ။ ထိုသစ်လွင်သော ကွန်ကရစ်လမ်းပေါ်မှ ရင်ပေါင်တန်းလျှောက်နေကြသည်။

ရှေ့မျက်နှာမှလာသည့် အချို့သော ကိုယ်ပိုင်ယာဉ်များနှင့် လိုင်းကားအချို့က ကတ္တရာလမ်းမကြီးပေါ်မှ ဖယ်ခွာကာ မျက်နှာပလက်ဖောင်းနှင့် သစ်ပင်များအကြား ခင်းထားသော ကွန်ကရစ်လမ်းပေါ်သို့ ဖျတ်ခနဲ ချိုးဝင်မောင်းနှင်လာသည့်အတွက် လမ်းလျှောက်လာသော ကျောင်းသားကလေးငယ်များအဖို့ ယာဉ်အန္တရာယ်ကို အချိန်မရွေး ရင်ဆိုင်တွေ့ကြုံရနိုင်သည့် အနေအထားတစ်ခုအဖြစ် တွေ့မြင်ရသည်။

နေ့အခါထင်သာမြင်သာရှိသော်လည်း ညအခါ၌ လမ်းများကလည်း ရှင်းရှင်း၊ "ကားသစ်များကလည်း အရှိန်ပြင်းပြင်း"၊ လမ်းမီးများကလည်း မလင်းတလင်းဖြင့် လမ်းပေါ်သို့ ရောက်လာသည့် အပင်များနှင့်သာ မိတ်ဆက် ရင်ဆိုင်တွေ့မိလိုက်ပါက မတွေးဝံ့စရာ အန္တရာယ်များဟုပင် အချို့သော ကိုယ်တွေ့မျက်မြင်ခရီးသည်များက တွေးပူနေကြပြီ။

တင်ပြ

သို့ပါ၍ သက်ဆိုင်ရာဌာနတို့အနေဖြင့် မည်သို့ဆက်လက်ဆောင်ရွက်ရန်ရှိသည်ကိုမူ မသိသော်ငြားလည်း စည်းကမ်းနှင့်အညီ မောင်းနှင်တတ်ကြသော ယာဉ်မောင်းများက ညအခါ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းမပေါ်သို့ ရောက်လာသော အပင်များနှင့် ဓာတ်တိုင်တို့တွင်ထင်သာမြင်သာရှိစေရန် ဖြူဖွေးသောဆေးများဖြင့် လည်းကောင်း ရောင်ပြန်များဖြင့် လည်းကောင်း လက်ရှိအခြေအနေ၌ တပ်ဆင်ပေးရန် ဆန္ဒများရှိနေမှုအပေါ် မြန်မာ့အလင်းမှ တင်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်း

နယ်သတင်းတိုများ

ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေးရက်တိုသင်တန်းဖွင့်

မောက်မယ် ဇူလိုင် ၂၇

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံရုံးခန်းမ၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ကျေးရွာရှိ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများအတွက် ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေးရက်တိုသင်တန်းကို ရှမ်းပြည်နယ် ငှက်ဖျားဌာနမှ လက်ထောက်ပိုးမွှားစုံစမ်းရေးမှူး ဦးစောခင်မောင်သန်း၊ ငှက်ဖျားကြီးကြပ်ဦးသန်းဇော်၊ UNOPS မှ ဒေါ်ငြိမ်းနန္ဒာတို့က ဇူလိုင် ၂၆ ရက်အထိ သုံးရက်ကြာပို့ချပေးမည်ဖြစ်ဖြစ်ပြီး မောက်မယ်မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်**

မုဒုံမြို့နယ်ပညာရေးဌာန မြတ်ဆရာပူဇော်

မုဒုံ ဇူလိုင် ၂၇

မုဒုံမြို့နယ်ပညာရေးဌာန မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အထက (၁) ရှင်အရဟံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား အထက (၁) ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လက်အုပ်ချီမိုးကန်တော့ကြကာ ဆရာဆရာမများကိုယ်စား သက်ကြီးအငြိမ်းစားဆရာသုံးဦးက ဩဝါဒစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ အငြိမ်းစားဆရာကြီး ဆရာမကြီးများ ၂၅၇ ဦး တက်ရောက်ကြပြီး အလှူငွေကျပ် ၇၄ သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘုတ်ပြင်းမြို့ရွှေသာလျောင်းဘုရားကြီး အမိုးတော်ပန္နက်တင်

ဘုတ်ပြင်း ဇူလိုင် ၂၇

ဘုတ်ပြင်းမြို့နယ် အတုလာဓိပတိ မဟာမုနိရွှေသာလျောင်းဘုရားကြီး အမိုးတော်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါ ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဓမ္မစကြာဝတ်ရွတ်အဖွဲ့များက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် မာရ်အောင်ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနိတ္တရနှင့် အမိုးတော်တည်ဆောက်ရေးတာဝန်ခံ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပင်မအမိုးတိုင်တော်ကို စတင်စိုက်ထူကြပြီး သက်ဆိုင်ရာ အမိုးတိုင်တော်အလိုက် တက်ရောက်လာကြသည့် အလှူရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပန္နက်တင်စိုက်ထူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခမောက်ကြီးမြို့နယ်ခွဲ တရားဥပဒေစိုးမိုးရေးဆွေးနွေး

ခမောက်ကြီး ဇူလိုင် ၂၇

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ တရားဥပဒေစိုးမိုးရေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခမောက်ကြီးမြို့နယ်ခွဲ ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ထွန်းအေးမောင်က တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပြည်သူများ ပါဝင်ကူညီဆောင်ရွက်ကြရမည့်အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲကျင်းပမည်

ညောင်ဦး ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မိုးရာသီအားကစားပြိုင်ပွဲအနေဖြင့် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့်ပြိုင်ပွဲကျင်းပရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ၌ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စုမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်အလှူရှင်များက စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်(ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီက မင်္ဂလာသိဒ္ဓိမ္ဗာရုံ၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တအရှင်ဉာဏသိရိထံမှ ငါးပါးသီလခံယူပြီး ဆရာတော်အမှူးပြုသော သံဃာတော်ငါးပါးထံ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည့်အခမ်းအနားသို့ မင်္ဂလာသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်နှင့် အလှူရှင်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ပြည်တွင်းသတင်း

ရေးနယ်ထွက်ဒူးရင်းသီး မုဒုံဈေးကွက်ဝင်ရောက်

မုဒုံ ဇူလိုင် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ မုဒုံမြို့နှင့်သံဖြူဇရပ်မြို့သီးနှံဈေးကွက်သို့ ရေးမြို့နယ်အနီးတစ်ဝိုက် အရုတောင်၊ ခေါဇာ၊ ကလော့၊ ဟံဂံ ကျေးရွာများမှ ဒူးရင်းသီးများထိုးဖောက်ဝင်ရောက်လျက်ရှိရာ ရေးမြို့၌ အလုံး ၁၀၀ လျှင် ငွေကျပ် ၉၀၀၀၀ ပေးရပြီး တစ်လုံးလျှင်ကားခ မုဒုံမြို့အထိငွေကျပ် ၇၀ ပေးရကာ ဒူးရင်းသီးများကို မုဒုံမြို့မှတစ်ဆင့် ကျေးရွာများသို့ လက်လီလက်ကားပြန်လည်ရောင်းချပြီး မော်လမြိုင်ဈေးကွက်များသို့ တစ်ဆင့်ပြန်လည်တင်ပို့ရောင်းချရသည်ဟု ဒူးရင်းရောင်းချသူပွဲစား ဦးအောင်လှိုင်က ပြောကြားသည်။

ဒူးရင်းသီးသယ်ဆောင်လာသော မော်တော်ယာဉ်များသည် သံဖြူဇရပ်မြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိကာ မုဒုံဈေးသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိပြီး သီးနှံကုန်သည်များက လာရောက်ဝယ်ယူလေ့ရှိသဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဒူးရင်းသီးများ၏ အရွယ်အစားနှင့်အရည်အသွေးပေါ်မူတည်၍ တစ်လုံးလျှင်ငွေကျပ် ၅၀၀ မှ ၁၂၀၀ အထိ၊ အလုံးကြီးမိချောင်းခေါင်းအမျိုးအစားဆိုလျှင် ငွေကျပ် ၂၅၀၀ အထိရောင်းချရပြီး ယခုနှစ်တွင် ရေးမြို့မှ ဒူးရင်းသီးများ ဇူလိုင်လကုန်အထိ တဖွဲဖွဲ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** (၁၀၈)

အဆောင်သို့ ခွင့်ပြုချက်မရှိဘဲဝင်ရောက်သူကို အရေးယူ

ရန်ကုန် ဇူလိုင် ၂၇

ဇူလိုင် ၂၂ ရက် ည ၁၀ နာရီခွဲက သင်္ဃန်းကျွန်းမြို့နယ်ရှိ ဧရာဝတီယူနိုက်တက် FC ဘောလုံးအသင်းနေထိုင်ရာ လေးထပ်အိပ်ဆောင်အပေါ်ဆုံးထပ်သို့ အားကစားသမားများ အပြင်သွားနေကြစဉ် မျိုးလွင်ဆိုသူက အခန်းတွင်းသို့ အကြောင်းမဲ့ဝင်ရောက်နေသည်ကို ဘောလုံးအသင်းအုပ်ချုပ်သူ ဦးဇော်မြင့်နှင့် ဘောလုံးအားကစားသမား နှစ်ဦးက တွေ့ရှိရသဖြင့် မေးမြန်းရာ မျိုးလွင်က မရေမရာဖြေကြားခဲ့သဖြင့် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ညဥ့်အချိန် အားကစားသမားများက နားနေဆောင်သို့ ဝင်ရောက်ခဲ့သူ မျိုးလွင်ကို အရေးယူပေးပါရန် ဦးဇော်မြင့်က ဇူလိုင် ၂၅ ရက်က တိုင်ကြားခဲ့သဖြင့် သုဝဏ္ဏနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပျောက်ဆုံးကြောင်း

ကျွန်တော်တို့၏ HNIN PWINT TRADING COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း ၁၀/၁၉၉၀-၁၉၉၁(၁၀-၄-၁၉၉၀)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၆၆၅၃၉၁

ပျောက်ဆုံးကြောင်း

ကျွန်မတို့၏ MYANMAR YAN HEE CO;LTD. ၏ ကုမ္ပဏီ မှတ်ပုံတင်ကတ်မူရင်း ၇၅၃/၁၀-၁၁(၁၀-၈-၂၀၁၀)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၃၈၈၁၅၈၊ ၀၁-၃၈၅၈၀၀**



ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၇-၇-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၀၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၉၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂ - ၉၈၂	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၅ - ၁၃၀၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၄ - ၇၇၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၁.၉ - ၃၂.၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆.၄၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ - ၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၀၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၁၇၀၀ - ၃၅၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၀၀၀ - ၂၅၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၂၈၀၀ - ၅၂၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ - ၁၉၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀ - ၁၂၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၄၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၀၀-၅၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၂၅-၉၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၅၀-၆၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၀၀၀-၂၀၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၃၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar က ကြီးမှူးကျင်းပသော 3rd Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတတိယပွဲစဉ်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပန်းလှိုင်ဂေါက်ကလပ်မှ အထွေထွေမန်နေဂျာ မရင်ရင်အေးက ရိုက်ချက် ၁၀၈ ချက်ဖြင့် တတိယရရှိသော ကျော်စိုးဟန်၊ ရိုက်ချက် ၉၉ ချက်ဖြင့် ဒုတိယရရှိသော ကောင်းမြတ်ကျော်နှင့် ရိုက်ချက် ၈၅ ချက်ဖြင့် ဗိုလ်စွဲသွားသော ဖြိုးဇံတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဗိုလ်စွဲသော ဖြိုးဇံသည် သုံးထပ်ကွမ်းချန်ပီယံဖြစ်သွားသည်။

ဆက်လက်၍ Junior Golf Myanmar မှ အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အသက် ၁၄ နှစ်အောက်ပြိုင်ပွဲတွင် ရိုက်ချက် ၇၉ ချက်ဖြင့် ပဥ္စမရရှိသော ဖူးပွင့်ရတီခိုင်၊ ရိုက်ချက်၇၇ ချက်ဖြင့် စတုတ္ထရရှိသော သန်းထွန်းအောင်၊ ရိုက်ချက် ၇၅ ချက်ဖြင့် တတိယရရှိသော ထွန်းအောင်ခိုင်၊ ရိုက်ချက် ၇၄ ချက်ဖြင့် ဒုတိယရရှိသော မင်းစစ်သွေး၊ ရိုက်ချက် ၇၂ ချက်ဖြင့် ဗိုလ်စွဲသွားသော ဘုန်းပြည့်ချမ်းဟန်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဗိုလ်စွဲသော ဘုန်းပြည့်ချမ်းဟန်သည်နှစ်ထပ်ကွမ်းချန်ပီယံဖြစ်သွားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ အမှုဆောင် ဦးမြတ်ခိုင်က အသက် ၂၄ နှစ်အောက်ပြိုင်ပွဲတွင် ရိုက်ချက် ၇၇ ချက်ဖြင့် ပဥ္စမဆုရရှိသော ကျော်ဇင်ထွန်း၊ ရိုက်ချက် ၇၇ ချက်ဖြင့် စတုတ္ထရရှိသော ဇင်မင်းသူ၊ ရိုက်ချက် ၇၆ ချက်ဖြင့် တတိယဆုရရှိသော ကျော်သက်ဦး၊ ရိုက်ချက် ၇၂ချက်ဖြင့် ဒုတိယရရှိသော ဥက္ကာဦး၊ ရိုက်ချက် ၇၁ချက်ဖြင့် ဗိုလ်စွဲသွားသော သီဟဌေးတို့အားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော လူငယ်ဂေါက်သီးရိုက်အားကစားသမားများ စိတ်ဓာတ်တက်တက်ကြွကြွနှင့်စိတ်ချမ်းမြေ့စွာ ပါဝင်ယှဉ်ပြိုင်ရေးအတွက် Double Eagle Golf Co.,Ltd.,Han Golf Masters Pte., KM Golf Centre, Sam Par Oo Purified Drinking Water, Premier Coffee, CEO Co.,Ltd., Golf Worldတို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစား အချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

အထူးကျေးဇူးတင်ရှိခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကမ်းနားလမ်းရှိ နန်းထိုက်သူ အဆင့်မြင့်ဟိုတယ်ကြီးအား ၂၁-၇-၂၀၁၃ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့်တက်ရောက်ဖွင့်လှစ်ပေးခဲ့သော မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တက်ရောက်ချီးမြှင့်ပေးခဲ့သော မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နန်းထိုက်သူကုမ္ပဏီလီမိတက်မိသားစု
ကမ်းနားလမ်း၊ မကွေးမြို့

သွန်နုတ္တသားဖြစ်ကြောင်းအများသိစေရန်ကြေညာချက်

မြင်းခြံမြို့၊ အမှတ်(၅)ရပ်ကွက်နေ (ဦးရေ)-ဒေါ်ညိုတို့၏သားအကြီးဆုံးဖြစ်သူ မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်နေ ဦးသန်းထွန်း(ခ)အားကူးသည် မိခင်အားစော်ကားခြင်း၊ရန်ပြုခြင်းများဖြင့် စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ညို ၉/မခန(နိုင်)၀၄၇၀၅၂
အမှတ် (၅)ရပ်ကွက်၊ မြင်းခြံမြို့



ပြည်တွင်းသတင်း

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ မြန်မာနိုင်ငံပြန်မည့်သူများအတွက် ဒဏ်ငွေများပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၇

မလေးရှားနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာနမှ အသစ်ထပ်မံပြောင်းလဲလိုက်သော ဒဏ်ငွေများ သတ်မှတ်နှုန်းထားများမြင့်မားနေ၍ နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများသည် ငွေကြေး အခက်အခဲပြဿနာများနှင့် ရင်ဆိုင်နေကြရကြောင်း မလေးရှားနိုင်ငံတွင် နေထိုင်ကြသော မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ယခင်က မြန်မာပြည်သို့ပြန်ရန် ဆောင်ရွက်ရာတွင် ပတ်စ်ပို့ရှိသူများ၊ ပတ်စ်ပို့မရှိ၍ CI လျှောက်ထားပြီး ပြန်သူများအားလုံးသည် ပူထရာဂျာရာ လူဝင်မှုကြီးကြပ်ရေးဌာနရုံးသို့သွားရောက်ပြီး Special Pass လျှောက်ထားရန်အတွက် တိုကင်ရယူကာ ချိန်းဆိုသောရက်တွင် ဒဏ်ငွေမလေးရှားငွေ ရင်းဂစ် ၄၀၀ ပေးဆောင်ပြီး ထပ်မံချိန်းဆိုသော နေ့တွင် လေယာဉ်လက်မှတ် ဝယ်ကာ ပြန်ရန်သာဖြစ်ကြောင်း သိရပြီး ယခု အသစ်ထပ်မံ ပြောင်းလဲလိုက်သော အစီအစဉ်အသစ်တွင်ယခင်ကကဲ့သို့ ဒဏ်ငွေဆောင် Special Pass ထုတ်ရန်အတွက် ရက်ချိန်း စောင့်စရာမလိုတော့ဘဲ တိုက်ရိုက်တစ်နေ့တည်း Special Pass ပေးကာ ဒဏ်ငွေ မလေးရှား ရင်းဂစ်၄၀၀အစား ပတ်စ်ပို့စာအုပ်ရှိသူများအား ဒဏ်ငွေ ရင်းဂစ် ၂၂၀၀ နှင့် ပတ်စ်ပို့မရှိသော CI သမားများအတွက် ဒဏ်ငွေ ရင်းဂစ် ၃၀၀၀ သတ်မှတ်ပြီး တစ်ရက်တည်း Special Pass ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ တရားဝင်ပြန်မည့်သူများသည် ပြီးခဲ့သောအပတ် တနင်္လာနေ့မှစတင်၍ ယခုကဲ့သို့ ဒဏ်ငွေ တောင်းခံလိုက်ခြင်း ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ ပြန်မည့်သူများသည် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ နေကြရကြောင်း မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများထံမှ ကြားသိရသည်။

(စိုးဝင်း-SP)

ပျဉ်းမနားမြို့၌ မူခင်းကျဆင်းရေးအတွက် ရပ်မိရပ်ဖများနှင့်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရဲတပ်ဖွဲ့စခန်း၌ ဇူလိုင် ၂၀ ရက် ညနေ ၅ နာရီက ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲကျင်းပရာ ပျဉ်းမနားမြို့နယ် (ယာယီ)ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်က အမှာစကားပြောကြားပြီး အဖျက်လုပ်ငန်းများ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် မူခင်းများကို တားဆီးနှိမ်နင်းနိုင်ရန် ပြည်သူများအနေဖြင့် မသင်္ကာသူများကို တွေ့ရှိပါက ကြိုတင်ဆက်သွယ် သတင်းပေးနိုင်ရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများနှင့် ပတ်သက်၍ ကျောင်းသား လူငယ်များအတွင်း ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရှိရသည့်အတွက် ထိထိရောက်ရောက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများပါ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများက တင်ပြသည့် လုံခြုံရေးကိစ္စများကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကိုကြီးကျော်

ထေးငှားလျားတန် သာယာလှပရေး ငွေကျပ်သိန်း ၄၈၀ အကုန်အကျခံမွမ်းမံ

လှိုင်ကော် ဇူလိုင် ၂၇

ကယားပြည်နယ် လွိုင်ကော်မြို့၏ ကျက်သရေဆောင် ထေးငှားလျားကန် သာယာလှပရေးအတွက် ငွေကျပ်သိန်း ၄၈၀ အကုန်အကျခံကာ ကယားပြည်နယ် အစိုးရအဖွဲ့က ပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မေ ၁၂ ရက်က စတင်ဆောင်ရွက်ပြီး ရေဝပ်ဧရိယာ ချဲ့ထွင်ခြင်း၊ သဲနုန်းများတူးဖော်ခြင်း၊ ချုံနွယ်နှင့် ရေမှော်များ ရှင်းလင်းဖယ်ရှားခြင်း၊ ကန်ပတ်လည်ရှိ မြေပြင်များ ညီညာစေရန် မြေဖို့မြင့်တင်ခြင်းလုပ်ငန်းများ ပါဝင်ကာ ကုန်ကျစရိတ်ငွေကျပ်သိန်း ၄၈၀ ခန့်မှန်းတွက်ချက်ထားကြောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။ ထေးငှားလျားကန်သည် လွိုင်ကော်မြို့မြောက်ဖျားရှိ ကန္တရဝတီ ဂေါက်ကွင်း၊ လွိုင်ကော်တက္ကသိုလ် ဧရိယာများနှင့် ထိစပ်လျက်ရှိပြီး လွိုင်ကော်မြို့မှ ပြည်သူများ အပန်းဖြေနားနေစရာ နေရာတစ်ခုဖြစ်သည့်အပြင် သောက်သုံးရေနှင့် လယ်မြေဧက ၂၀၀ နီးပါးကို ရေပေးဝေနေသော ကျက်သရေဆောင်ရေကန်ကြီးဖြစ်သည်။ ယင်းရေကန်ကို ၁၉၆၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ကယားပြည်နယ်ရှိ သဘာဝအရင်းအမြစ်များဖြစ်ကြသည့် လွိုင်ကော်မြို့နယ်မှ နောင်ယားကန်သာ၊ ထေးငှားလျားကန်သာ၊ ကျတ်ဂူတို့ကိုလည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်မှ ကန်ခုနစ်ဆင့်၊ ထီးပွင့်ကန်တို့ကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ၌ အပန်းဖြေလေ့လာစရာနေရာများအဖြစ် ကယားပြည်နယ်အစိုးရအဖွဲ့က ဖော်ထုတ်ပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည့်အပြင် ဒီးမော့ဆိုမြို့နယ်ရှိ ကယန်း(ပဒေါင်) ကျေးရွာ ပန်ပက်သို့ မော်တော်ကားလမ်း ဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

ဆန်စပါးအသင်းချုပ် ပညာသင်စရိတ်ထောက်ပံ့မည်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အနာဂတ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၃ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ ထူးချွန်သူများအနက် တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရန် အခက်အခဲ ရှိနေကြသူများအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်သူလယ်သမားမိသားစုများရဲ့ သား၊ သမီးတွေကို ထောက်ပံ့ပေးသွားမှာပါ။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ တောင်သူလယ်သမားများအသင်း၊ မြန်မာနိုင်ငံ မျိုးစေ့နဲ့ မြေဩဇာ စိုက်ပျိုးရေးဆေးများအသင်းဝင်များ၏ သားသမီးများကို အဓိက ဦးစားပေးမှာဖြစ်ပါတယ်၊ အပြင်လူတွေက ပညာသင်ထောက်ပံ့ကြေးလိုချင်တယ် ဆိုရင်တော့ ဒီအသင်းတွေထဲက တစ်ခုမှာ အသင်းဝင်ဖို့ လျှောက်ကြရပါမယ်။ ဒီလိုမျိုး ပုံစံနဲ့ အသင်းဝင်ပြီးပြီဆိုရင် ပညာသင်စရိတ်ကို ထောက်ပံ့ပေးသွားမှာပါ။ ဇူလိုင် ၃၀ ရက် နောက်ဆုံးထားပြီး ပေးပို့လျှောက်ထားရမှာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

လျှောက်ထားသူသည် အခြေခံပညာအထက်တန်း ဘာသာရပ်များတွင် တစ်ဘာသာလျှင် အနည်းဆုံး ပျမ်းမျှအမှတ် ၅၀ မှတ်နှင့် အထက်ရှိရမည်ဖြစ်ပြီး မိဘများနှင့် ဆရာဆရာမများ၏ ထောက်ခံချက်များနှင့် ညီနောင်အသင်းများ၌ အသင်းဝင်ထားသည့် အသင်းဝင်လက်မှတ် သို့မဟုတ် အသင်းဝင်ကတ်ပြား မိတ္တူများလည်းလိုအပ်ကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အဓိက အချက်အချာကျသော နေရာများ၌ လိုအပ်သလို ရုံးများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(စိုးဝင်း-SP)

ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုနှင့် ငမိုးရိပ်ချောင်းရေမြင့်တက်မှုတို့ကြောင့် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ရွှေအင်ကြင်းအိမ်ရာနှင့် မြန်မာ့ဂုဏ်ရောင်အိမ်ရာကြား အား/ကာ ဝင်းရှေ့ သံသုမာလမ်းမပေါ်သို့ မိုးရေနှင့်ချောင်းရေပေါင်းဆုံ လျှံတက်နေရာသို့ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နေကြစဉ်။ တင်ကြည်(သင်္ဃန်းကျွန်း)

စစ်တွေမြို့နယ်၌ မိုးသည်းထန်စွာရွာ မြေပြို၊ သစ်ပင်လဲ၊ ဖုန်းတိုင်ကျိုး

စစ်တွေ ဇူလိုင် ၂၇

စစ်တွေမြို့နှင့် ရခိုင်ပြည်နယ် အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ဇူလိုင် ၂၆ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က စစ်တွေမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဝင်းအတွင်း၌ မြေများပြိုကျကာ သစ်ပင်များလဲသဖြင့် အနီးရှိတယ်လီဖုန်းတိုင်လည်း ကျိုးကျသွားသည်။

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာပါက ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မယူမြစ်၊ နတ်မြစ်တို့တွင် တောင်ကျရေများကြောင့် မြစ်ရေတက်တတ်သည်။ ယင်းရေနှင့်အတူ သဲနုန်းများပါလာတတ်ပြီး မြစ်ကမ်းဝဲယာနှင့် အနီးအနားရှိ လယ်ယာများကို ဖုံးလွှမ်းတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများလည်း ရှိခဲ့သည်ကို ခံစားကြရသည်။ အချို့ဆိုလျှင် မြစ်ရေထဲသို့ အိမ်များ မျောပါသွားကာ အသက်အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးခဲ့ရဖူးသည်။

သို့ဖြစ်၍ ဤသို့ရက်ရှည်မိုးကြီးမှုများကို ရခိုင်လယ်သမားများနှင့် မြစ်ကမ်းနေသူများ စိုးရိမ်နေကြကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၅စီဂျီ၊ မြေကွက်အမှတ် ၁၀၇၈၊ မြေအကျယ်(အလျား ပေ၂၀×အနံပေ၄၀)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ထားသူ လင်ခပ်ပိန်(ခ)မောင်သိန်းထွန်း ၁၂/ပဘတ(နိုင်)၀၂၀၁၆၆ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးမြင့်နိုင်မှ ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိပိုင်ရှင်ဖြစ်သူ ဦးမြင့်နိုင် ၅/စကန(နိုင်)၀၂၅၃၅၆ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax -၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် ၃၂၉၊ ဧရိယာ၂ဒသမ၀၀ဧကရှိ ပါမစ်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ (၁) ဦးလှမြင့် ၁၂/သကတ(နိုင်)၀၉၀၃၀၇၊ (၂) ဦးအေးနိုင် ၁၂/မရက(နိုင်)၁၁၇၆၇၀၊ (၃) ဦးစန်းလွင် ၁၂/သဃက(နိုင်)၁၃၂၂၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax -၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

မက်စ်အင်နာဂျီကုမ္ပဏီလီမိတက်

အမှတ်(၁၂၃) အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၅၈၁၉-၃၈ (ပြည်တွင်း၌သာခန့်ထားရန်)

Position: Junior Accountant (ကျား၊ မ)

- တက္ကသိုလ်မှ B.Com ဘွဲ့ရရှိသူ(သို့မဟုတ်) LCCI (Level 3) အောင်မြင်ပြီး လက်မှတ်ရရှိထားသူ ဖြစ်ရမည်။
- အသက် ၂၅ နှစ်အောက် ငွေစာရင်းဆိုင်ရာအတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိသူဖြစ်ရမည်။

English ကျွမ်းကျင်၍ Computer ကောင်းမွန်စွာ အသုံးပြုတတ်သူ ဖြစ်ရမည်။

(လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ သက်တမ်းရှိလေဘာကတ်၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ အရည်အချင်း အထောက်အထားစာရွက်များနှင့် ၁၅-၈-၂၀၁၃ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထား နိုင်ပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အော်တိုတယ်လီဖုန်းလိုင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အများပြည်သူများအား ပိုမိုကောင်းမွန်သော အော်တိုတယ်လီဖုန်းလိုင်း ဝန်ဆောင်မှုများ ပေးနိုင်ရန်ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် အော်တိုတယ်လီဖုန်းလိုင်း Outside Plant (OSP) ကေဘယ်ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ရက် နံနက် ၉:၃၀ နာရီမှ ဩဂုတ် ၂ရက် ညနေ ၁၆:၀၀ နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား တစ်စုံလျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၂။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ရက် နံနက် ၀၉:၃၀နာရီမှ ညနေ ၁၅:၀၀ နာရီအတွင်း တင်ဒါတင်သွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန တယ်လီဖုန်းအမှတ် ၀၁-၃၈၀၃၃၃၊ ၀၁-၂၃၀၀၇၇၇ နှင့် ၀၉-၅၀၂၁၀၅၅၊ ၀၉-၅၀၂၁၀၇၈များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံတကာအားကစားသတင်း

ဆဲလ်တစ်တိုက်စစ်မှူး ဟူးပါး နော့ဝှစ်ရောက်

ဆဲလ်တစ်တိုက်စစ်မှူး ဂါရီဟူးပါးကို နော့ဝှစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ငါးသန်းဖြင့် စာချုပ်လိုက်ကြောင်း နော့ဝှစ်က အတည်ပြု ပြောကြားသည်။ အသက် (၂၅ နှစ်)ရှိ ဂါရီဟူးပါးကို နော့ဝှစ်က သုံးနှစ်စာချုပ်လိုက်ခြင်းဖြစ်သည်။ ဟူးပါးသည် ပြီးခဲ့သည့်နှစ်က စကော့တလန်ချန်ပီယံအတွက် ၃၁ဂိုး သွင်းယူပေးခဲ့သည်။ ၎င်းသည် ၂၀၁၀ ခုနှစ်က ပေါင် ၂ ဒသမ ၄ သန်းဖြင့် စကောင့်ဆိုဖီကလပ်မှ ဆဲလ်တစ်သို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

တွမ်တီးကစားသမားစပါးစာချုပ်

ဘယ်လ်ဂျီယံတောင်ပံကစားသမား နာဆာချတ်ဒီအား စပါးက အက်ဖ်စီတွမ်တီးမှ အပြီးသတ် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ စပါးက ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိသော်လည်း ပေါင် ခုနစ်သန်းဖြင့် စာချုပ်သည်ဟု မီဒီယာများကဖော်ပြသည်။ အသက် ၂၃ နှစ်ရှိ ချတ်ဒီသည် ဘယ်လ်ဂျီယံအသင်းနှင့်အတူ ၁၄ ပွဲအနိုင် ကစားပေးနိုင်ခဲ့သည်။ ချတ်ဒီသည် အာရှရာသီအကြိုလှည့်လည်ကစားပွဲအဖြစ် စပါးအသင်းနှင့်အတူ ပါဝင်ကစားမည်ဖြစ်သည်။ ဩဂုတ် ၃ ရက်တွင် မိုနာကိုအသင်းနှင့် ကစားမည့်ပွဲ၌ ပါဝင်လာနိုင်သည်။

အူစိန်ဘော့အကောင်းဆုံးစံချိန်တင်

ကမ္ဘာ့ကျော်တာတိုအပြေးသမား အူစိန်ဘော့သည် အိုလံပစ်အားကစားပွဲ နှစ်ပတ်လည်နေ့တွင် လန်ဒန်ပြေးခုန်ပစ်ပြိုင်ပွဲ၌ မီတာ ၁၀၀ပြေးပွဲ အကောင်းဆုံးစံချိန်ဖြင့် ဗိုလ်စွဲခဲ့သည်။ ဂျမေကာနိုင်ငံသား အပြေးသမားအူစိန်ဘော့သည် မီတာ ၁၀၀ပြေးပွဲတွင် စံချိန် ၉ ဒသမ ၈၅စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ယင်းစံချိန်သည် ယခုနှစ်အတွင်း အကောင်းဆုံး အမြန်ဆုံးစံချိန်ဖြစ်သည်။ အူစိန်ဘော့သည် လာမည့်လတွင် မော်စကို၌ ကျင်းပမည့် ပြေးခုန်ပစ်ပြိုင်ပွဲတွင်လည်း ကမ္ဘာ့ချန်ပီယံဆုများကို ပြန်လည်ရယူလိမ့်မည်ဟု ဆိုသည်။

ကောင်းမြတ်သူ-စုစည်းသည်

ယူအီးအက်ဖ်အေ ယူ-၁၉ ချန်ပီယံရှစ် ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ဆာဘီးယားတို့ ဆီမီးတက်ပြီ

ယူအီးအက်ဖ်အေ ယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲပွဲစဉ်တွေကို ဇူလိုင် ၂၆ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ စပိန်က နယ်သာလန်ကို အနိုင်ရပြီး ပေါ်တူဂီကလည်း လစ်သူယေးနီးယားကို အနိုင်ရရှိခဲ့လို့ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်က ဆာဘီးယားကို အနိုင်ယူခဲ့ပေမယ့် ဆာဘီးယားရော ပြင်သစ်ပါ အကြိုဗိုလ်လုပွဲကို မြိုင်မြိုင်ဆိုင်ဆိုင်တက်လှမ်းနိုင်ခဲ့ကြပါပြီ။

နယ်သာလန်နှင့် စပိန်

နည်းပြ ဖူအန်တီရဲ့ စပိန်လူငယ်အသင်းဟာ နယ်သာလန်အသင်းကို နိုင်ပွဲရအောင် ခက်ခဲစွာရုန်းကန်ခဲ့ရပါတယ်။ နယ်သာလန်အသင်းဟာ အပေးအယူမှန်မှန်နဲ့ မြန်မြန်ကစားနိုင်ခဲ့တာမို့ ပွဲချိန် ၃၆ မိနစ်မှာ တိုက်စစ်မှူး ကလင့်လီမန်းက အဖွင့်ဂိုးသွင်းယူခဲ့တာကြောင့် နယ်သာလန်တို့ ဦးဆောင်ဂိုးရရှိသွားခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲချိန် ၆၈ မိနစ်မှာ ရာမီးရက်ဇ်က ချေပဂိုးသွင်းယူခဲ့တာမို့ တစ်ဂိုးစီ ဖြစ်သွားခဲ့ပြီး ပွဲချိန် ၈၁ မိနစ်မှာ ကွင်းလယ်ကစားသမား ဗာဒီလိုက တစ်ဂိုးထပ်ပြီး သွင်းယူခဲ့တာမို့ စပိန်တို့ နှစ်ဂိုးရရှိသွားခဲ့ပါတယ်။ ဆက်လက်ပြီး ပွဲချိန် ၈၃ မိနစ်မှာ လူစားဝင်လာတဲ့ ဗီရိုက တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ စပိန်တို့ သုံးဂိုးရရှိခဲ့ပေမယ့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး လေလွင့်ချိန်ပေးတဲ့အတွင်းမှာ နယ်သာလန်မှ အချက်ဘာက ချေပဂိုးတစ်ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ စပိန်တို့ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ စပိန်ဟာ ပြင်သစ်အသင်းနဲ့ ဇူလိုင် ၂၉ ရက်မှာ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ပြင်သစ်နှင့် ဆာဘီးယား

ပြင်သစ်အသင်းဟာ ဆာဘီးယားကို သရေရလဒ်ဖြစ်အောင် ခက်ခဲစွာကစားခဲ့ရပါတယ်။ နည်းပြဖရန်စစ်ဆမာရက်ရဲ့ ပြင်သစ်အသင်းဟာ ဂဝ်တီ၊ ဂဘာမင်၊ မာတီရယ်တို့ တိုက်စစ်အားနဲ့ ဆာဘီးယားနောက်တန်းကို ထိုးဖောက်ခဲ့တာဟာ ပွဲချိန် မိနစ် ၃၀ မှာ ဟန်နူက တစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲချိန် ၇၇ မိနစ်မှာ ဆာဘီးယားအသင်းခေါင်းဆောင် ပက်လော့စကီးက ချေပဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ တစ်ဂိုးစီသရေပွဲဖြစ်ပြီး ဆာဘီးယားက အုပ်စု (B)မှာ ပထမရပြီး အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့သလို ပြင်သစ်က အုပ်စု (B) ဒုတိယနဲ့ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ပါတယ်။

ပေါ်တူဂီနှင့်လစ်သူယေးနီးယား

အုပ်စု (A)မှာ ပေါ်တူဂီတို့ အုပ်စု ဒုတိယနဲ့ အကြိုဗိုလ်လုပွဲတက်ခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအတွက် ဂိုးတွေကို ပွဲချိန်ရှစ်မိနစ်မှာ လိုပက်စ်က တစ်ဂိုး၊ ၄၅ မိနစ်မှာ လစ်သူယေးနီးယားရဲ့ ပက်ထရက်ကတ်စ်ရဲ့ လက်ဆောင်ဂိုးတစ်ဂိုး၊ ၅၁ မိနစ်မှာ ပေါ်တူဂီရဲ့ ဖီဂွီရီဒိုကတစ်ဂိုးနဲ့ ၆၅ မိနစ်မှာ ကာလို့မိန်းက တစ်ဂိုးသွင်းယူခဲ့လို့ လေးဂိုးရရှိခဲ့ပါတယ်။ လစ်သူယေးနီးယားတို့ကတော့ ချေပနှစ်ဂိုးကို ဆာဂိဒက်စ်တစ်ဦးတည်းကပဲ နှစ်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီဟာ အကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၂၉ ရက်မှာ ဆာဘီးယားနဲ့ ကစားရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အကြွေးပေးဆပ်ရန်ကျန်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ (၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ် ပထမ(၆)လ လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးချက်အရ ကြွေးကျန် ကျပ်သန်း (၄၂၃၅၆. ၉၉၂)ဖြစ်ပေါ်ခဲ့ကြောင်း၊ စာရင်းစစ်ကန့်ကွက်ချက်အရ စစ်ဆေးတွေ့ရှိရပြီး ၃၁-၃-၂၀၁၃ ရက်အထိ ကြွေးကျန်ကျပ်သန်း (၂၈၆၈၄. ၇၄၄)ဖြစ်ပါသည်။ ၃၀-၆-၂၀၁၃ ရက်အထိ ကြွေးကျန်ကျန်ရှိငွေမှာ ကျပ်သန်း(၂၈၆၀၄. ၉၉၉)ဖြစ်ပါသည်။

၂။ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါ ဘဏ္ဍာနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပေးဆပ်ရန်ဖြစ်သော်လည်း ပေးဆပ်ခြင်းမရှိသောကြောင့် ကျန်ရှိသူများအား အကြွေးပြန်လည်ရရှိရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် စုစည်း၍ (၆)ကြိမ် ခေါ်ယူရှင်းလင်းခဲ့ပြီး၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှလည်း တစ်လလျှင်တစ်ကြိမ် အကြွေးတောင်းခံသည့် Notice စာနှင့် ကြွေးပြန်လည်မပေးဆပ်ပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ၇၅ ဦးတို့အကြား ချုပ်ဆိုထားသော စာချုပ်များအရပေးဆပ်ရန် ကြွေးကျန်များကို သတ်မှတ်ရက်အတွင်းပေးဆပ်ရန်နှင့် ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် Legal Notice ပေးပို့ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်တောင်းခံပြီးဖြစ်၍ သတ်မှတ်ပုံစံများအတိုင်း ကြွေးပေးဆပ်ရန်ကျန်ရှိသည့် ပုဂ္ဂိုလ်များအနက် ၄၃ ဦးတို့အား ၁၇-၇-၂၀၁၃ ရက်တွင် Legal Notice စာများပေးပြီး ၁၈-၇-၂၀၁၃ ရက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ ထပ်မံစိစစ်ပြီးချက်အရ နိုင်ငံတော်သို့အကြွေးပေးဆပ်ရန်ကျန်ရှိသည့် လုပ်ငန်းရှင်နှင့် ကုမ္ပဏီ ၂၂ ဦးအား ၂၇-၇-၂၀၁၃ ရက်တွင် Legal Notice စာများ ထုတ်ပေးပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကြွေးပေးဆပ်ရန်ကျန်ရှိသည့် အောက်ဖော်ပြပါဇယားမှ ပုဂ္ဂိုလ် ၂၂ ဦးသည် ယခုကြော်ငြာချက်ထုတ်ပြန်သည့်ရက်မှစ၍ ၂၅-၈-၂၀၁၃ ရက်အတွင်း ပေးဆပ်ရန်ကျန်ရှိသည့် ကြွေးကျန်များအား လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ပါက စာချုပ်ပါ စည်းကမ်းများ ဖောက်ဖျက်သည့်အတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြော်ငြာအပ်ပါသည်။ ကျန်ရှိသောပုဂ္ဂိုလ်များအားဆက်လက်ကြော်ငြာချက် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အကြွေးပေးဆပ်ရန်ကျန်ရှိသည့် လုပ်ငန်းရှင်နှင့် ကုမ္ပဏီ(၂၂)ခု (ကျပ်သန်း)

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ကုမ္ပဏီအမည်	နေရပ်လိပ်စာ	ကြွေးယူသည့် စက်ရုံအမည်	ကြွေးအမျိုးအစား	၂၆-၇-၂၀၁၃ လက်ကျန်
၁	ဦးမင်းသိမ်း	[၁၃/ကမန(နိုင်)၀၀၁၅၉၃]	မွေးမြူရေးလုပ်ငန်းရှင်	အမှတ်(၈၉/၉၀)၊အခန်း(၃-B)၊ ဗဟိုစည်အိမ်ရာ	လှော်ကား	ငါးစာ	၇၀၇၀. ၈၇၇
၂	ဦးမင်းသိမ်း(အိမ်မဲ)	[၁၃/ကမန(နိုင်)၀၀၁၅၉၃]	မွေးမြူရေးလုပ်ငန်းရှင်	အမှတ်(၈၉/၉၀)၊အခန်း(၃-B)၊ ဗဟိုစည်အိမ်ရာ	လှော်ကား	ငါးစာ	၁၂၇၇. ၃၂၃
၃	ဦးသက်အောင်	[၁၂/လသန(နိုင်)၀၁၄၃၅၆]	ဝင်းနားဘရားသား	အမှတ်(၂၄/၂၆)၊ဝါးတန်းလမ်း၊ လမ်းမတော်	လှော်ကား	ငါးစာ	၆၂. ၇၁၆
၄	ဦးမြင့်စိုး	[၁၂/ထတပ(နိုင်)၀၁၆၆၄၈]	ဇာတိမာန်ကုမ္ပဏီ	တိုက်-၉၊ အခန်း(၀၀၄)၊ အောင်ဇေယျအိမ်ရာ	လှော်ကား	ငါးစာ	၁၃၆. ၇၆၉
၅	ဦးဗိုလ်ဝင်း	[၈/မကန(နိုင်)၀၀၈၃၀၀]	လုပ်ငန်းရှင်	အမှတ်(၄၄)၊ ၃လမ်း၊ ရန်မျိုးလုံရပ်၊ မကွေးမြို့	လှော်ကား	ကြိုတင်	၄၅. ၀၈၁
၆	ဦးသက်အောင်	[၁၂/လသန(နိုင်)၀၁၄၃၅၆]	ဝင်းနားဘရားသား	အမှတ်(၂၄/၂၆)၊ဝါးတန်းလမ်း၊ လမ်းမတော်	လှော်ကား	ကြိုတင်	၁၁၀. ၂၅၆
၇	ဦးကြည်ဝင်း	[၁၂/တတန(နိုင်)၀၁၅၀၃၂]	မွေးမြူရေးလုပ်ငန်းရှင်	အမှတ်(၃၈)၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း	ဒညင်းကုန်း	ငါးစာ	၁၄၆၄. ၄၈၃
၈	ဦးရဲကိုကိုအောင်	[၇/ပတန(နိုင်)၀၀၅၅၉၃]	လုပ်ငန်းရှင်	အမှတ်(၃၃)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း	ဒညင်းကုန်း	ကြိုတင်	၄၉. ၂၄၃
၉	ဦးသက်အောင်	[၁၂/လသန(နိုင်)၀၁၄၃၅၆	ဝင်းနားဘရားသား	အမှတ်(၂၄/၂၆)၊ ဝါးတန်းလမ်း၊ လမ်းမတော်	ဒညင်းကုန်း	ကြိုတင်	၁၁၀. ၂၅၇
၁၀	ဦးကျော်စွာဝင်း	[၁၂/တတန(နိုင်)၀၁၆၅၄၆]	မွေးမြူရေးလုပ်ငန်းရှင်	ခတ္တိယကျေးရွာ၊ တွံတေးမြို့နယ်	ဒညင်းကုန်း	ငါးစာ	၂၈. ၃၁၆
၁၁	ဦးရဲထွန်းနိုင်	[၅/စကန(နိုင်)၁၄၆၇၆၃]	ရွှေလမင်းဆန်ထွက်ပစ္စည်း	အမှတ်(၆)၊ ငွေကြာယံ(၁)လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာ	ဒညင်းကုန်း	ကြိုတင်	၃၃၂. ၄၈၇
၁၂	ဦးခင်မောင်သန်း	[၁၂/ထတပ(နိုင်)၀၆၉၀၃၉]	မွေးမြူရေးလုပ်ငန်းရှင်	ပန်းတိုင်ကျေးရွာ၊ ထန်းတပင်မြို့နယ်	ဒညင်းကုန်း	ငါးစာ	၁၁၈. ၆၁၇
၁၃	ဦးကျော်စိန်	[၁၄/ပတန(နိုင်)၀၁၅၉၇၁]	မွေးမြူရေးလုပ်ငန်းရှင်	ဂရတ်တာကျေးရွာ၊ ဇရပ်လှကြီးကျေးရွာအုပ်စု၊ ပန်းတနော်	ဒညင်းကုန်း	ငါးစာ	၁၅၃. ၄၈၈
၁၄	ဦးမြင့်ကျော်	[၁၄/ညတန(နိုင်)၀၁၅၆၀၁]	မွေးမြူရေးလုပ်ငန်းရှင်	တပေကုလားကျေးရွာ၊ ညောင်တုန်းမြို့နယ်	ဒညင်းကုန်း	ငါးစာ	၃၁. ၅၅၄
၁၅	ဦးမင်းဇော်ဦး	[၁၂/မရက(နိုင်)၁၂၈၀၆၁]	မွေးမြူရေးလုပ်ငန်းရှင်	အမှတ်(၅၅၆)၊ ၁ရပ်ကွက်၊ ၆လမ်း၊ မရမ်းကုန်းမြို့နယ်	ဒညင်းကုန်း	ငါးစာ	၂၂. ၄၄၂
၁၆	ဦးစန်းဝင်း	YDN-118888	မွေးမြူရေးလုပ်ငန်းရှင်	အမှတ်(L-8)၊ ငုဝါ(၅)လမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်	ဒညင်းကုန်း	ငါးစာ	၁၇၂. ၆၁၀
၁၇	ဦးစိုးထွန်းရှိန်	[၁၂/မဂဒ(နိုင်)၀၄၅၇၄၄]	အာရှကြီးပွားတိုးတက်ရေး	အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်	ဒညင်းကုန်း	ငါးစာ	၁၂၃. ၉၂၉
၁၈	ဦးဇော်ဇော်တိုး	[၁၄/ဒဒရ(နိုင်)၀၀၀၀၃၁]	ရွှေဘုံစံ ပွဲရုံ	အမှတ်(၄၀၂)၊ (၉)လမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်	ဒိုက်ဦး	အကျိုးတူ	၅၉၅. ၆၀၁
၁၉	ဦးဇော်ဇော်တိုး	[၁၄/ဒဒရ(နိုင်)၀၀၀၀၃၁]	ရွှေဘုံစံ ပွဲရုံ	အမှတ်(၄၀၂)၊ (၉)လမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်	ဒိုက်ဦး	မြေဩဇာ	၃၂၅. ၁၉၄
၂၀	ဦးကျော်ဝင်း	KYN-108082	လုပ်ငန်းရှင်	စက်စုပိုင်း(၉)ရပ်ကွက်၊ ခရမ်းမြို့နယ်	ရွာသာကြီး	ကြက်ပေါက်/အစာ	၇၇. ၅၆၄
၂၁	ဦးကျော်မြင့်ဦး	[၁၂/ဗတထ(နိုင်)၀၀၀၅၈၄]	PPA Co.,Ltd	အမှတ်(၂၄၁)၊ (၃၉)လမ်းအထက်၊ ကျောက်တံတားမြို့နယ်	ရွာသာကြီး	အကျိုးတူ	၃၉. ၇၀၀
၂၂	ဒေါ်စန်းနုရီ	[၅/စကန(နိုင်)၀၁၁၅၀၁]	စိန်စီတိုးဆီစက်	စက်မှုဇုန်-၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	မန္တလေး	အကျိုးတူ	၁၄. ၅၈၉
	စုစုပေါင်း						၁၂၂၈၃. ၀၉၆

စာဖတ်များလေ စာရေးကောင်းလေ

ကောင်းညွန့်ဝေ(ရေစကြို)

"ကလောင်ဖြင့် အသက်မွေးသည့် စာရေးဆရာလုပ်တော့မည်ကြံလျှင် တတ်နိုင်သမျှ စာများများ ဖတ်ခြင်းသည် မရှိမဖြစ်သော အင်္ဂါရပ်တစ်ခုဖြစ်သည်"ဟု ကျွန်ုပ်ယုံကြည်သည်။ အချို့စာရေးဆရာများက "ကျွန်တော်တို့တော့ စာများများမဖတ်ဖူးပေါင်"ဟု ထုတ်ဖော်ပြောကြားခြင်းကို ကြားရဖူးရာ ပျင်းရိသောအနေဖြင့် ဝန်ခံခြင်းဖြစ်လျှင်ပင် ဆိုးရွားလှလေပြီ။ ထိုကဲ့သို့ မဟုတ်မူ၍ စာဖတ်ဖို့မလို၊ သူကိုယ်တိုင် စာမဖတ်ဘဲ စာရေးဆရာတစ်ယောက်ဖြစ်လျက်ရှိသည်ဟု ပြောလိုခြင်းဖြစ်ပါမူကား အလွန့်အလွန် ဆိုးရွားသည်ဟု ဆိုသင့်သည်။ စာရေးဆရာ မဟုတ်သူများအဖို့ စာဖတ်ခြင်းသည် ဗဟုသုတအလို့ငှာ ဖြစ်သည်ဟု ဆိုနိုင်သော်လည်း စာရေးဆရာများအဖို့မှာ စာရေးပုံရေးနည်း လေ့လာရန်အတွက်ပါ ဖတ်ရှုလေ့လာကြရပေမည်။

ဆရာကြီး ရွှေဥဒေါင်း၏ **"တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ"**(ဒုတိယတွဲ)ဆဋ္ဌမကဏ္ဍ၊ **"စာပေ အရေးအသား"** စာပိုဒ်တွင် စာဖတ်အားနည်းသော စာရေးဆရာများအကြောင်း ရေးသားထားခြင်းဖြစ်ပါသည်။ ယခုခေတ်တွင် စာဖတ်ဖို့မလိုဟု ယူဆထားသော **(စာဖတ်အားနည်းသော)** စာရေးဆရာ သတင်းစာဆရာအချို့ ရှိနေပါသေးသည်။ စာရေးဆရာတစ်ဦး သို့မဟုတ် သတင်းစာ ဆရာတစ်ဦးအား စာဖတ်မဖတ်မေးကြည့်ဖို့မလိုပါ။ သူတို့ရေးသားသော စာတစ်ပုဒ်၊ သတင်းတစ်ပုဒ်ကို ဖတ်ကြည့်ရုံမျှဖြင့် သိနိုင်ပါသည်။ ယနေ့ခေတ် စာနယ်ဇင်းစာမျက်နှာများပေါ်မှ သတင်းရေးနည်း ပုံစံမကျသော သတင်းများ၊ စကားပြေအရေးအသား မမှန်သော စကားပြေများကို ရေးသားနေကြသည့် စာရေးဆရာ၊ သတင်းစာဆရာနှင့် မီဒီယာသမားများသည် စာမဖတ်သော **(စာဖတ်အားနည်းသော)** သူများဖြစ်ကြပါသည်။

ယနေ့ခေတ် စာဖတ်ပရိသတ်အများစုသည် ဝေဖန်စဉ်းစားတတ်ကြသော စာဖတ်ပရိသတ်များ ဖြစ်ကြသည်။ အချို့သော စာဖတ်ပရိသတ်များသည် စာပေရေးသားနေသူများ မဟုတ်ကြသော်လည်း စာရေးဆရာ **(သတင်းစာဆရာများ၊ သတင်းထောက်များအပါအဝင်)**များ ရေးသားသော စာပေများကို အချက်ကျကျ ဝေဖန်သုံးသပ်တတ်ကြသည်။ စာမဖတ်သော စာရေးဆရာများ ရေးသားထားသောစာများသည် ဝေဖန်စဉ်းစားတတ်သော စာဖတ်ပရိသတ်များ လက်ထဲသို့ ရောက်သွားသောအခါ မညှာမတာ ဝေဖန်ထောက်ပြခံရပြီး စာသိမ်စာဖျင်းများဟု သတ်မှတ်ခံရတတ်ပါသည်။ ထိုစာများကို ထည့်သွင်းဖော်ပြသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် အယ်ဒီတာများ၊ စာတည်းများသည်လည်း ဝေဖန်ပြစ်တင်ခံရတတ်ပါသည်။

"စာဖတ်ခြင်း၌ ပြည့်ဝမှသာ၊ စာရေးခြင်း၌တိကျပေမည်" ဆိုသော ပညာရှိများစကားသည် စာမဖတ်သော စာရေးဆရာများအား စာများများဖတ်ကြရန် ပြောကြားထားခြင်း ဖြစ်ပေသည်။ စာရေးဆရာများသည် စာဖတ်သည့်အချိန်ကို နှမြော၍ မရပါ။ စာဖတ်မပျင်းရပါ။ စာဖတ်ခြင်းသည် အကြားအမြင် ဗဟုသုတ တိုးပွားစေသည်။ အကြားအမြင် ဗဟုသုတကို ပညာဟုခေါ်၏။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၏။ ပညာသည် ခွန်အားဖြစ်၏။ ထို့ကြောင့် စာများများဖတ်သော စာရေးဆရာများသည်သာ **"ခွန်အားရှိသောစာ"** များကို ရေးသားတတ်ကြခြင်း ဖြစ်ပေသည်။

"ကမ္ဘာကြီးကို အကောင်းဆုံးနည်းနဲ့ လေ့လာလိုပါက စာဖတ်ပါ" ဆိုသည့် ဆိုရိုးစကားလည်းရှိသည်။ စာရေးဆရာများသည် ကမ္ဘာကြီးကို မျက်ခြည်မပြတ် လေ့လာနေဖို့လိုသည်။ စာများများဖတ်လေလေ ကမ္ဘာကြီးနှင့် နီးလေလေဖြစ်ပြီး စာဖတ်နည်းနည်းလေလေ ကမ္ဘာကြီးနှင့်ဝေးလေလေဖြစ်သည်။ ဝေးလွန်းလျှင် ကမ္ဘာကြီးနှင့် မျက်ခြည်ပြတ်သွားနိုင်သည်။ ကမ္ဘာကြီးနှင့် မျက်ခြည်ပြတ်သွားသော စာရေးဆရာသည် ကမ္ဘာကြီးအကြောင်း ဘာမျှမသိသည့် **"မျက်မမြင်၊ ဆွံ့အ၊ နားမကြား စာရေးဆရာ"** ဖြစ်သွားနိုင်သည်။

ထို့ကြောင့် စာရေးဆရာ၊ သတင်းစာဆရာများသည် တွေ့သမျှ၊ မြင်သမျှစာကို မပျင်းမရိနှင့် တာဝန်ဝတ္တရားတစ်ခုအဖြစ်သဘောထား၍ ဖတ်ရှုရန်လိုပါသည်။ **"စာအမြဲဖတ်တဲ့ခေါင်းဟာ အမြဲနုပျိုပြီး ခေတ်မီနေမှာပဲ"**ဟု အဆိုရှိသည့်အတိုင်း စာများများဖတ်သူသည်သာ စာရေးဆရာကောင်း၊ သတင်းစာဆရာကောင်းတစ်ယောက် ဖြစ်နိုင်ပြီး စာမဖတ်သောသူသည် ဘယ်အခါမျှ စာရေးဆရာကောင်း၊ သတင်းစာဆရာကောင်း တစ်ယောက်မဖြစ်နိုင်သောကြောင့် စာပေမိတ်ဆွေအပေါင်းတို့အား စာများများဖတ်ကြပါဟု တိုက်တွန်းလိုပါကြောင်း. . . . ။ ။

ဆောင်းပါးနှင့်သတင်း

ကျိုက်ထိုမြို့နယ်မှ ရွှေတွင်းသမား၏ဘဝ

ကျိုက်ထို ဇူလိုင် ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာအနီး ကျိုက်ထီးရိုးလေးစခန်းသွားရာ လမ်းဆုံမှ သုံးမိုင်ခန့်အကွာရှိ မဲရုံးကြီးကျေးရွာလမ်းဘေးကျောက်ပုံတောင်တွင် လေလံစနစ်ဖြင့် ရွှေတွင်းများကို လူအား၊ စက်အားများဖြင့် နွေရာသီတွင် အတောင်တစ်ရာကျော်တူး၍ တွင်းထွက်ရွှေများကို ရှာဖွေ လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

ယခုအချိန် မိုးရာသီတွင် တွင်းထွက်ရွှေများတူးရန် ခက်ခဲသဖြင့် ရေစုပ်စက်ဖြင့် မှုန်စုပ်စနစ်ကို ဆက်လက်၍ လုပ်ကိုင်ကြသည်။ မှုန်စုပ်လုပ်ငန်းတွင် တစ်ဦးလျှင် ငွေကျပ် နေ့တွက်ခ ၇၀၀၀မှ ၁၀၀၀၀အထိ ရရှိသည်။ ယခုအခါ မိုးများသည့်အတွက် ထိုမှုန်စုပ်လုပ်ငန်းကို ရပ်နားခဲ့ရပြီးနောက် သုံးဦးတစ်အုပ်စု၊ လေးဦးတစ်အုပ်စု၊ အုပ်စုများဖွဲ့ပြီး တာခွဲလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြသည်။

ရရှိသော ရွှေမှုန်များကို ရောင်းချခွဲယူရာ ငွေကျပ် တစ်ဦးလျှင် ၄၀၀၀မှ ၈၀၀၀အထိပျမ်းမျှခြင်း ငွေကျပ် ၆၀၀၀နှုန်းနေ့တွက်ခ ရရှိသည်ဟု အင်္ဂဘိုကျေးရွာအုပ်စု အောင်မင်္ဂလာကွက်သစ်မှ ဦးနေလင်းက ပြောကြားကြောင်း သိရသည်။

သုလင်း (ဟံသာမြေ)

အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၉-၇-၂၀၁၃ ရက်မှ ၂-၈-၂၀၁၃ ရက်အထိ နေ့စဉ် ၁၀း၀၀နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၃ ရက် ၁၅း၀၀ နာရီမတိုင်မီအတွင်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင် အနေအထားအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း- ၀၁-၃၉၂၂၂၆၊ ၀၁-၃၉၂၂၂၅ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်
အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (လားရှိုး)
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Officer table (L=6', B=4', H=2'6")	၂၀ လုံး
(၂)	Book Case	၂၀ လုံး
(၃)	File Shelfs	၂၀ လုံး
(၄)	Cabinet (Leeco 4 Drawers)-Width 3' Height 6'	၅ လုံး
(၅)	ဗိုင်တင်စင် (Leeco/taiyo/standard)	၂၀ လုံး
(၆)	Computer Table	၃၀ လုံး
(၇)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၈)	သစ်သားဆက်တီ	1 set
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၀)	သဟာယထိုင်ခုံ(ကျွန်း၊ဆိုဖာ၊ထိုင်ခုံ၊ကျောမှီဆိုဖာ၊ လက်တန်းပါနောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	၁၀ လုံး
(၁၁)	စကားပြောစင်	၃ လုံး
(၁၂)	Plastic Chair (Armed)	၂၀ လုံး
(၁၃)	Plastic Chair (Armiesst)	၃၀ လုံး
(၁၄)	Lab Table	၂၀ လုံး
(၁၅)	Bed stead (single)	၂ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃
ကွန်ပျူတာတက္ကသိုလ် (လားရှိုး)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Computer & Accessories	-	(11) Items
(ခ)	အိတ်ချိန်းစက်ပစ္စည်း	-	(12) Items
(ဂ)	Copier & Projector	-	(3) Items
(ဃ)	Camera & Voice Recorder	-	(5) Items
(င)	စက်ပစ္စည်း	-	(3) Items
(စ)	ရုံးသုံးပရိဘောဂ	-	(11) Items
(ဆ)	Carpet & Water Cooler	-	(2) Items
(ဇ)	Computer & Accessories	-	(9) Items
(ဈ)	Emboss Machine နှင့် Pressure Pump	-	(2) Items
(ည)	စက်ပစ္စည်း	-	(9) Items
(ဋ)	Language Lab Multimedia Unit for 24 Students နှင့် PA System	-	(2) Items
(ဌ)	Server & Accessories	-	(10) Items
(ဍ)	Fiber Cable & Accessories	-	(12) Items
(ဎ)	Transmission ပစ္စည်း	-	(17) Items
(ဏ)	Manhole Frame & Cover, Cement နှင့် MS Rod	-	(3) Items
(တ)	4" UPVC Pipe	-	(615) Nos
(ထ)	Cable နှင့် ဆက်စပ်ပစ္စည်း	-	(17) Items
(ဒ)	Computer & Accessories	-	(8) Items
(ဓ)	Fax Paper Roll (216mm x 30m)	-	(2000) Rolls
(န)	RT & Television	-	(2) Items
(ပ)	Laptop Computer & Printer	-	(2) Items
(ဖ)	Bandwidth Tester, E1 Tester, ODTR & Spare Parts	-	(4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အမည်ပြောင်း

ဦးအောင်မြင့်၏သား မုံရွေး၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းဝေဖြိုးကျော် ၈/ရစက(နိုင်)၂၁၁၂၁၁ အား ယနေ့မှစ၍ မောင်ဝေဖြိုးကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေဖြိုးကျော်**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ ထွန်စက်ကြီးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Tractor (90HP, 4WD)	၄၀ စီး
(ခ)	Tractor (70HP, 4WD)	၄၀ စီး
(ဂ)	Tractor (47HP, 4WD)	၄၀ စီး

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၆-၇-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၆ ရက်၊ ၁၆း၃၀ နာရီဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)
ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	အရေအတွက်
၁	Officer Table (L=6' R=4' H=2'6")	၂၀
၂	Book Case	၂၀
၃	File Sheelfs	၂၀
၄	Cabinet (Leeco 4 Drawer)(W=3' H=6')	၅
၅	ဗိုင်တင်စင် (Leeco/ Taiya/ Standard)	၂၀
၆	Computer Table	၃၀
၇	လက်တင်ပါကုလားထိုင်	၂၀
၈	သစ်သားဆက်တီ	၁
၉	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀
၁၀	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါ၊ နောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	၁၀
၁၁	စကားပြောစင်	၃
၁၂	Plastic Chair (Armless)	၂၀
၁၃	Plastic Chair (Arm)	၃၀
၁၄	Lab Table	၂၀
၁၅	Bed Stead (Single)	၂

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၃ ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)သို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၈၁-၃၀၄၅၃၊ ၀၉-၈၃၆၂၆၂၉
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကလေးသုံးမြွှာပူးမွေးသည့် မိခင်အား ဆေးဝါးနှင့် အာဟာရများ ထောက်ပံ့

ရန်ကုန်   ဇူလိုင်   ၂၇

ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက တောင်ဥက္ကလာပမြို့နယ် ၇ ရပ်ကွက် အမှတ် (၉၆၈) ၁၈ လမ်း(က)နေ အဖ ဦးအောင်သန်းဇော်နှင့် မိခင် ဒေါ်ခင်မာလာတို့က မွေးဖွားသည့် သုံးမြွှာပူး (ယောကျ်ားလေးတစ်ဦး၊ မိန်းကလေးနှစ်ဦး) ကလေးငယ်များ၏နေအိမ်သို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ အေးသီတာသားဖွားခန်းတို့က သွားရောက် အားပေးစကားပြောကြားသည်။ ထို့နောက် မိခင်နှင့်ကလေးအတွက် ငွေနှင့် လိုအပ်သော ကလေးအသုံးအဆောင် ပစ္စည်းများ၊ နို့မှုန့်၊ ဆေးဝါးပစ္စည်းများနှင့် အာဟာရမှုန့်များနှင့် လက်ဆောင်ပစ္စည်းများကို မိခင်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဝင်းမြင့်

ဖားကန့်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

ဖားကန့်   ဇူလိုင်   ၂၇

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လုံးခင်းကျေးရွာရှိ ယာယီဂေါက်ကွင်း မြေနေရာ၌ ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းထွန်းကျော်နှင့် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးစောဂျင်မီနီဟက်လပ်စ်တို့က ဦးဆောင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀ ဖြင့် ဖားကန့်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှု၊ သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လုံးခင်းကျေးရွာ ယာယီဂေါက်ကွင်းမြေနေရာ၌ ပျဉ်းကတိုးသစ်မျိုးအပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

လူကုန်ကူးမှုတိုက်ဖျက်ရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်   ဇူလိုင်   ၂၇

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝါသိန်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၄ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့်ဆိုင်သော အကြောင်းအရာများနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို လည်းကောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဆောင်ရန်ရှောင်ရန် လုပ်ငန်းစဉ် အကြောင်းအရာများကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အောင်မြင့်

မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ စည်းဝေး

တာချီလိတ်   ဇူလိုင်   ၂၇

မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် လူကုန်ကူးမှုများ လျော့နည်းပပျောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရန် တာချီလိတ်-မယ်ဆိုင် BCATIP (Border Co-operation Against Trafficking In Person)ရုံးကို ၂၂-၃-၂၀၁၂ ရက်တွင် တစ်ပြိုင်နက်တည်းဖွင့်လှစ်ခဲ့ပြီးနောက် နှစ်နိုင်ငံ BCATIP အဖွဲ့ဝင်များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ အဖွဲ့ဝင်များအား ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်တတ်ရန် ပူးတွဲသင်တန်းဖွင့်လှစ် တက်ရောက်စေခြင်း၊ နှစ်နိုင်ငံအလှည့်ကျ ပုံမှန်အစည်းအဝေးများ ပြုလုပ်ခဲ့သည်။

ယခု တတိယအကြိမ် အစည်းအဝေးကို ၁၁-၇-၂၀၁၃ ရက်မှ ၁၂-၇-၂၀၁၃ ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့ The Mantrinee Hotel ၌ ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များ သိရှိပြုပြင်သွားရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်း ဖြစ်ကြောင်း။

အဆိုပါ အစည်းအဝေးသို့ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဆက်ဆံရေးဥက္ကဋ္ဌ၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၁၃ ဦးနှင့် ထိုင်းနိုင်ငံဘက်မှ Mr.Am-nart Saengtong ဦးဆောင်သည့် BCATIP ၁၁ ဦး၊ ထိုင်းနိုင်ငံအတွင်း ဗန်ကောက်၊ ချင်းမိုင်၊ ချင်းရိုင်၊ ဖယောင်း၊ တာ့ချီခရိုင်များရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေကြသော ဌာနေကိုယ်စားလှယ် ၁၉ ဦး စုစုပေါင်း ၃၀ တက်ရောက်ခဲ့သည်။

အစည်းအဝေးပြုလုပ်ခြင်းဖြင့် အစည်းအဝေးသို့ BCATIP အဖွဲ့ဝင်များအပြင် ဗန်ကောက်၊ ချင်းမိုင်၊ ချင်းရိုင်၊ ဖယောင်း၊ တာ့ချီခရိုင်များရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေကြသော ဌာနေကိုယ်စားလှယ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းရရှိခြင်း၊ တရားမဝင် မြန်မာနိုင်ငံသားများအတွက် ရပိုင်ခွင့်များ ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ရရှိနိုင်မည့်ဖုန်း၊ Email လိပ်စာများ ရရှိခဲ့ခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၏ အခက်အခဲများကို ပြန်လည်ချပြနိုင်ခြင်း၊ VICTIM များကို ဂေဟာ၌ ထိန်းသိမ်းထားရှိစဉ် လိုအပ်ချက်များကို ချပြနိုင်ခြင်း၊ နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်နိုင်မှု ကျယ်ပြန့်လာခြင်း၊ BCATIP ရုံး ဖွင့်လှစ်ထားရှိခြင်းကြောင့် ပေါ်ပေါက်လာသော ပြဿနာများကို နှစ်နိုင်ငံညှိနှိုင်းရုံးထိုင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရှိရသည်။

ဇော်မျိုးနိုင်

တအုပ်တပေ လှမိုက်ဆွေ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပစ္စည်းသိုလှောင်ရေးနှင့်ဖြန့်ဖြူးရေးရုံး(ရန်ကင်း)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး မက်ထရစ်တန် ၂၂၉၀ကို သံမဏိစက်ရုံ(၃) ရွာမမှ ရန်ကုန်မြို့ တံတားလေး သိုလှောင်ဝင်းအရောက် သယ်ယူပို့ဆောင်ရန်အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၃ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ ရက် (၁၁း၀၀နာရီ)
၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ ရက် (၁၃း၀၀နာရီ)
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် နောက်ကျသည့်အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပစ္စည်းသိုလှောင်ရေးနှင့်ဖြန့်ဖြူးရေးရုံး(ရန်ကင်း)
ဖုန်း-၀၁-၅၅၅၃၉၄၊ ၀၁-၅၅၅၇၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Officer table (L=6' B=4' H=2' 6")	၂၀ လုံး
(၂)	Book Case	၂၀ လုံး
(၃)	File Shelf	၂၀ လုံး
(၄)	Cabinet (Leeco 4 Drawers) Width 3' Heigh 6'	၅ လုံး
(၅)	ဖိုင်တင်စင် (Leeco/ Taiyo/ Standard)	၂၀ လုံး
(၆)	Computer Table	၃၀ လုံး
(၇)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၈)	သစ်သားဆက်တီ	၁ လုံး
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၀)	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါ၊ နောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	၁၀ လုံး
(၁၁)	စကားပြောစင်	၃ လုံး
(၁၂)	Plastic Chair (Armed)	၂၀ လုံး
(၁၃)	Plastic Chair (Armless)	၃၀ လုံး
(၁၄)	Lab Table	၂၀ လုံး
(၁၅)	Bed Stead (Single)	၂ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၈-၂၀၁၃ ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၆၄-၂၄၄၁၇၊ ၂၄၂၁၇
ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)

စက်မှုဝန်ကြီးဌာန
အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)ရှိ ထုတ်လုပ်မှုသုံးစက်များတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ် - 10/HIE (2)/ HI (23)/ M&E/ 2013-2014
ဝယ်ယူလိုသည့်ပစ္စည်းအမျိုးအမည် - Mechnical & Electrical Spare Parts and Measuring Instrument (20)Items

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၂၅-၇-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၈-၂၀၁၃ရက် ၁၃း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (မန္တလေး)
ပရိဘောဂဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Office table (L=6' B=4' H=2'6")	၂၀ လုံး
(၂)	Book Case	၂၀ လုံး
(၃)	File Shelfs	၂၀ လုံး
(၄)	Cabinet (Leeco 4 Drawes)3'x6'	၅ လုံး
(၅)	File တင်စင် (Leeco, Taiyo, Standard)	၂၀ လုံး
(၆)	Computer Table	၃၀ လုံး
(၇)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၈)	သစ်သားဆက်တီ	၁ စုံ
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၀)	သဟာယထိုင်ခုံ(ကျွန်း၊ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
(၁၁)	စကားပြောစင်	၃ လုံး
(၁၂)	Plastic Chair (Armed)	၂၀ လုံး
(၁၃)	Plastic Chair (Armless)	၃၀ လုံး
(၁၄)	Lab Table	၂၀ လုံး
(၁၅)	Bed Stead (Single)	၃ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်နေ့ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မန္တလေး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၂-၈-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၉-၂၀၁၆၂၃၉၊ ၀၉-၂၀၅၉၆၀၅၊ ၀၉-၆၅၂၅၃၀၄
ကွန်ပျူတာတက္ကသိုလ်(မန္တလေး)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်း၊ စီမံကိန်းစခန်းမှ စီမံကိန်းနေရာများသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂-၈-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၈၇၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၁၂/ဒဂတ(နိုင်)၀၄၅၄၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၈၂၈၃ Yinxang 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဇော်လတ် ၉/မထလ(နိုင်) ၂၄၈၁၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လားရှိုးစည်ပင်အခွန်နှုန်းထားသစ် မြို့ခံပြည်သူအခက်အခဲဖြစ်

လားရှိုး ဇူလိုင် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် အခွန်အခအကောက်နှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည့်အကြောင်း လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြော်ငြာစာအမှတ်၁၂/၂၀၁၃ဖြင့် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

လားရှိုးမြို့ပေါ်ရှိ သတင်းမီဒီယာများက လားရှိုးမြို့စည်ပင်သာယာရေးအဖွဲ့သို့ သွားရောက်၍ အခွန်အခ အကောက်ကိစ္စများကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်က "၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သားသတ်လုပ်ငန်း လေလံရောင်းချခြင်းလုပ်ငန်းတွေ မလုပ်တော့ပါဘူး။ သားသတ်လိုင်စင်အစား သားသတ်ရုံတွေ ထောင်ပေးမှာဖြစ်ပြီး ခေါင်းခွန်အဖြစ် အခွန်ကိုသာကောက်ခံမှာပါ။ ဒီအခါမှာ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဝင်ငွေလျော့နည်းသွားမှာဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ရဲ့ အခွန်ကောက်ခံရမှုရဲ့ သုံးပုံတစ်ပုံဟာ သားသတ်လိုင်စင် လေလံလုပ်ငန်းက ရတာပါ။ သားသတ်လေလံမရှိတော့ရင် မြို့ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို ကောက်ခံရတဲ့အခွန်အခတွေနဲ့ လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒါကြောင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ဝိုင်းဝန်းဆွေးနွေးပြီး အခွန်အခအကောက်တွေကို ခေတ်နဲ့လျော်ညီစွာ ပြင်ဆင်သတ်မှတ်လိုက်တာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့အပြင် လားရှိုးမြို့သည် ခရိုင်အဆင့်ဖြစ်၍ စီမံခန့်ခွဲမှုကော်မတီက စည်းဝေးဆုံးဖြတ်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ထံ ဆက်လက်တင်ပြ အတည်ပြုချက် ရယူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ကြေညာချက်ကို လားရှိုးမြို့ပေါ် ၁၂ ရပ်ကွက်ရှိ ရပ်ကွက်များမှ နယ်မြေမှူးများသို့ ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာရပ်ကွက်ရုံး ကြော်ငြာဘုတ်များတွင် ကပ်ထားသည်ဟုဆိုသော်လည်း ရပ်ကွက်နေပြည်သူများက ရပ်ကွက်ရုံး ကြော်ငြာဘုတ်အား လာရောက်ဖတ်ရှုသူမရှိကြောင်း လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၉)ရှိ ပြည်သူတစ်ဦးက ပြောပြသည်။

"ကျွန်တော်နေထိုင်တဲ့ ရပ်ကွက်(၁)နယ်မြေ(၉)ဟာ လားရှိုးမြို့အဝင်မှာပါ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက မြို့တွင်းမှာပါ၊ အကြောင်းကြီးငယ်မရှိဘဲ ရပ်ကွက်ရုံးကိုမသွားနိုင်ပါဘူး၊ စားဝတ်နေရေးအတွက် လုပ်ကိုင်နေရလို့ ကြေညာချက်ကို မသိဘူး"ဟု ပြောပြသည်။

လားရှိုးမြို့ ဘူတာရပ်နေသူပြည်သူတစ်ဦးက "ကျွန်တော့်အိမ်က နံကပ်တစ်ထပ်အိမ်ပါ၊ ယခင်နှစ်က မြေခွန်၊ လမ်းခွန်၊ အမှိုက်ခွန် စုစုပေါင်း ငွေကျပ် ၇၅၆၀ ဆောင်ရပါတယ်၊ ယခုနှစ်ဆောင်ရမှာက ငွေကျပ် ၆၂၀၀၀ ဖြစ်လာတယ်၊ အဆမတန်တက်လာတယ်၊ ကျွန်တော်စီးပွားရေးအဆင်မပြေလို့ အခွန်ပေးဆောင်နိုင်ဖို့ ခက်ခဲပါတယ်၊ ဒါကြောင့် ကျွန်တော်က ဒီကြေညာချက်ကို အကြောင်းပြချက်နဲ့ ကန့်ကွက်သွားမှာဖြစ်တယ်"ဟု ပြောသည်။

လားရှိုးမြို့ ရပ်ကွက်(၁၁)နေပြည်သူတစ်ဦးက "ပြည်သူ တစ်ယောက်အနေနဲ့ အခွန်ထမ်းရမယ့်တာဝန်တွေရှိတာ သိပါတယ်။ သို့ပေမယ့် မတန်တဆဖြစ်နေရင် ပြည်သူက ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာပါ။ စိုက်ပျိုးရေးကို အခြေခံပြီး အသက်မွေးသူ တစ်ယောက်ဖြစ်တာမို့ စီးပွားရေးအဆင်မပြေလို့ အခွန်ကိစ္စအတွက် စိတ်ဒုက္ခခံစားနေရပါတယ်။ ဖြစ်နိုင်ရင်ပြင်ပေးစေလိုတယ်။ လောလောဆယ်မှာတော့ ကန့်ကွက်စာတင်ပါ့မယ်"ဟုပြောသည်။ **မမ(လားရှိုး)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

တောင်ငူ ဇူလိုင် ၂၇

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်ဦးကျောင်း ပဓာနနာယက ဆရာတော် ဦးစန္ဒောဘာသ၊ ဆရာတော် ဓမ္မကထိက ဦးသောပါကနှင့် ဆရာတော် ၁၈ ပါး ပါဝင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဦးဆောင်စီစဉ်မှုဖြင့် ကော်မတီဝင်များ လိုက်ပါကာ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေခြင်းအလို့ငှာ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက စတင်ပြုလုပ်ခဲ့သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

တောင်ငူမြို့ မိုင်တိုင် ၁၄၆မှ စတင်ရွတ်ဖတ်ပူဇော်ကာ နေပြည်တော်တိုးဂိတ် မိုင်တိုင် ၂၀၂ မိုင်သို့ ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်ဘက်သို့ ပြန်လှည့်ပြီး ၁၁ နာရီ မိနစ် ၃၀ ခန့် ၁၁၅ မိုင်သို့ အရောက်တွင် ဆရာတော်များအား ပိုင်အိုးနီးယားစားသောက်ဆိုင်၌ ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပရိတ်တရားတော်များရွတ်ဆိုကာ ဆက်လက်ထွက်ခွာလာရာ ပဲခူးလမ်းဆုံအထိသွားရန် စီစဉ်ထားသော်လည်း မိုးအဆက်မပြတ် ရွာသွန်းနေသောကြောင့် မိုင်တိုင် ၈၄ မိုင်အထိသာ သွားရောက်နိုင်ခဲ့သည်။

ထို့နောက်တောင်ငူဘက်သို့ ပြန်လာခဲ့ပြီး မိုင်တိုင် ၁၂၅/၄ တွင် မကြာခင်က ခရီးသည်တင်ယာဉ်တိမ်းမှောက်ခဲ့သည့်နေရာ အရောက်တွင် ခေတ္တရပ်နားပြီး တရားတော်များရွတ်ဖတ်ပူဇော်ကာ အမျှပေးဝေခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Panyapiwat Institute of Management (PIM) မှ Resource Speaker, Dr.Tang Zhi Min က" China AEC Relationship and Implications For Myanmar" ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

မွေးနေ့ဆုတောင်း

ဇူလိုင် ၂၈ ရက်တွင်ကျရောက်သော ဒုဗိုလ်မှူးကြီးစဝ်ခွန်မိန်း၏ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံအကျိုးတို့ကို သယ်ပိုးရင်း သက်ရှည်ကျန်းမာ စိတ်ပျော်ရွှင်စွာနေနိုင်ပါစေ။

ချစ်ဇနီး-စွဲ့ခမ်းမြတ်



မကွေးမြို့၊ မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ရက် အထိ (၁၄-၁၀-၂၀၁၃ရက်မှ ၂-၁၁-၂၀၁၃ရက်) အထိ ရက်(၂၀)ကျင်းပပါမည်။ ယခုနှစ် ဆိုင်ခန်း လျှောက်လွှာများကို ယခင်နှစ် ဆိုင်ခန်းပြေစာများနှင့်ပူးတွဲလျက် ရောင်းကုန်အမည်ဖော်ပြ၍ ဆိုင်ခန်းတစ်ခန်းလျှင် ကြိုတင်ငွေကျပ် ၁၈၀၀၀/-(ကျပ်တစ်သောင်းရှစ်ထောင်တိတိ)တင်သွင်း လျှောက်ထားရပါမည်။ ဆိုင်မထွက်လျှင် ငွေပြန်မအမ်းပါ။ ဈေးဆိုင်ဟောင်းများလျှောက်လွှာကို ၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၅ရက် (၂၁-၈-၂၀၁၃ရက်) နောက်ဆုံးထား၍လည်းကောင်း၊ ဈေးဆိုင်သစ်များလျှောက်လွှာကို ဝါခေါင်လပြည့်ကျော် ၆ရက်မှ တော်သလင်းလဆန်း၁၅ရက် (၂၇-၈-၂၀၁၃ရက်မှ၁၉-၉-၂၀၁၃ရက်)ထိ နောက်ဆုံးထား၍လည်းကောင်းတင်သွင်းကြရပါမည်။

ဇာတ်/အငြိမ့်/ဘားဆပ်ကပ်ကပွဲရုံ (၁) ရုံမြေနေရာကို ၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက် (၃-၈-၂၀၁၃ရက်)၊ မွန်းလွဲ ၁နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးခန်း၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

မြသလွန်စေတီတော်
ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ မကွေးမြို့၊
ဖုန်း-၀၆၃-၂၃၀၄၄၊ ၀၉-၆၅၆၁၃၃၁

ရောင်းမည်/ကားနှင့်လဲမည်

မြေတူးစက် KOMATSU PC-200-5
မြေထိုးစက် KOMATSU D-60-3
မြေထိုးစက် D-40

ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊ ၀၉-၃၃၀၅၅၉၂၉

ဖခင်အမည်မှန်

ကလောမြို့နယ်၊ အထက(၅) အောင်ပန်း၊ န၀မတန်း(ခ)မှ မောင်ရှင်းသန့်အောင်နှင့် ပဥ္စမတန်း(က)မှ မောင်ဖြိုးထက်ရွေတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်းဦး ၉/ဝတန(နိုင်) ၀၂၄၀၅၁ဖြစ်ပါကြောင်း။ **ဦးအောင်လင်းဦး**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျော်ရွာ၊ အထက(ခွဲ)န၀မတန်း(A)တွင် ပညာသင်ကြားနေသော မစုကြည်လင်း၏ ဖခင်အမည်မှန်မှာ ဦးခိုင်လင်း ၅/ကလထ(နိုင်) ၁၄၉၄၉၀ ဖြစ်ပါကြောင်း။

ဦးခိုင်လင်း ၅/ကလထ(နိုင်) ၁၄၉၄၉၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Plastic Chair (Armless)	၃၇ လုံး
၂	Plastic Chair (Armed)	၄၁ လုံး
၃	File Shelf	၂၀ လုံး
၄	Computer Table	၃၀ လုံး
၅	Lab Table (8'x4')	၂၀ လုံး
၆	Office Table (L=6' B=4' H=2'6")	၂၀ လုံး
၇	Book Case	၂၀ လုံး
၈	Cabinet (Leeco 4 Drawers)(3'x6')	၅ လုံး
၉	ဖိုင်တင်စင် (Leeco/ taiyo/ standard)	၂၀ လုံး
၁၀	လက်တင်ပါကုလားထိုင်	၂၀ လုံး
၁၁	သစ်သားဆက်တီ	1 Set
၁၂	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
၁၃	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
၁၄	စကားပြောစင်	၃ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၉-၈-၂၀၁၃ ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၉-၅၆၆၁၁၀၈၊ ၀၉-၃၁၄၈၈၇၉၂၊ ၀၉-၃၁၄၈၈၇၉၃၊ ၀၉-၃၁၄၈၈၇၉၄
ကွန်ပျူတာတက္ကသိုလ်(ဘားအံ)

တရားနာကြွရောက်ပါရန် ဖိတ်ကြားလွှာ

စစ်ကိုင်းတောင်ရိုး၊ ဇဋ္ဌိလချောင်၊ ရတနာသိင်္ဂီကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဆရာတော်ဦးသောဘဏမှ ရန်ကုန်မြို့သို့ ကြွရောက်လာမည်ဖြစ်ပါသဖြင့် တရားနာယူလိုသူ တရားချစ်ခင်သူတော်စင်အပေါင်းအနေဖြင့် အောက်ပါ အစီအစဉ်အတိုင်း တရားနာကြွရောက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

နေ့ရက် - ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့)
အချိန် - မွန်းလွဲ ၁:၀၀နာရီ
နေရာ - ဘောဇနသာလာမွှောရုံ
အလယ်တောရပရိယတ္တိစံပြစာသင်တိုက်
ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
(A& T ကိတ်မုန့်တိုက်အနီး)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (A.၅၉၇/A.၅၉၈/A.၅၉၉)၊ မြေကွက်မှာ ဦးသန်းနိုင်ဦး (ဘ) ဦးအေးဝင်း ၉/မထလ(နိုင်)၂၃၆၁၅၅အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသန်းနိုင်ဦးက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုလတ် ၉/ပဥလ(နိုင်)၀၁၇၇၁၁
အမှတ် ၇၅၇၊ ပါတ်ကုန်း၊ ပျော်ဘွယ်ရပ်ကွက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၈၃၀၂၂၀၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (A.၆၀၀)၊ မြေကွက်မှာ ဦးသန်းနိုင်ဦး(ဘ)ဦးအေးဝင်း ၉/မထလ(နိုင်)၂၃၆၁၅၅အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသန်းနိုင်ဦးက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဟွမ်စီဟန် ၁၃/လရန(နိုင်)၀၀၄၁၆၃
အမှတ် ၁၀၅၊ ၃၄×၃၅ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၈၃၀၂၂၀၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၃၃၁၄၀)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်စန်းစန်းဦးအမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဒေါ်စန်းစန်းဦး ၁၂/မဂဒ(နိုင်) ၀၈၇၉၀၁ (ဘ)ဦးသက်ဦးမှ မြေကွက်နေရာ(ယာယီ)ချထားသည့် လက်မှတ်မူရင်းပျောက်ဆုံး၍ မြေကွက်နေရာ(ယာယီ)ချထားသည့်လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

အမျိုးသမီးတစ်ဦးကို လိမ်လည်စည်းရုံးအယုံသွင်း တစ်ဖက်နိုင်ငံသို့ ရောင်းစားသူအား အရေးယူ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ အသက်(၄၂ နှစ်) အရွယ်အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံတွင် သီးနှံရောင်းရငွေသိမ်းသည့် အလုပ်လုပ်ရမည်ဟု လိမ်လည်စည်းရုံးကာ ခေါ်ဆောင်သွားပြီး တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့သဖြင့် ဇူလိုင် ၃ ရက်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ အမှုဖွင့်ခဲ့ကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလခန့်က ဒေါ် . . သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ နေအိမ်တွင်ရှိနေစဉ် မောင်အရင်းဖြစ်သူ၏ နေအိမ်တွင် ခေတ္တနေထိုင်ဖူးသူ မအေးအေးမွန် (၄၀နှစ်)နှင့် အပေါင်းအပါ အမျိုးသမီးတစ်ဦးတို့ ရောက်ရှိလာပြီး အသက်(၄၂နှစ်)အရွယ် သမီးဖြစ်သူသည် တရုတ်နိုင်ငံတွင် အသီးအနှံ ရောင်းရငွေသိမ်းအလုပ်ကို တစ်လလျှင် ငွေကျပ်နှစ်သိန်းဖြင့် လုပ်ကိုင်ရမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်မှတစ်ဆင့် ခေါ်ဆောင်သွားကြောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ၎င်းထံသို့ မအေးအေးမွန်တို့ နှစ်ဦး ထပ်မံရောက်ရှိလာပြီး သမီးဖြစ်သူမှာ တရုတ်နိုင်ငံတွင် အိမ်ထောင်ကျနေကြောင်း အဆင်ပြေကြောင်း ပြောဆိုကာ ငွေကျပ် ငါးသိန်းနှင့် မင်္ဂလာဆောင် ဓာတ်ပုံ လေးပုံပေးပြီး မအေးအေးမွန်က ပွဲခငွေကျပ်ငါးသောင်းတောင်းသဖြင့် ပေးခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန်လ၌ တရုတ်နိုင်ငံတွင် ရောက်ရှိနေသော သမီးဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ သမီးဖြစ်သူက ယခုအိမ်ထောင်ကျနေသူ တရုတ်အမျိုးသားကနှိပ်စက်ကြောင်း၊ ပို့ဆောင်ပေးသူကလည်း မြန်မာနိုင်ငံသို့ ပြန်ရန်မကြိုးစားဖို့ ပြောဆိုထားကြောင်း သိရှိရသဖြင့် သမီးဖြစ်သူကို လိမ်လည်စည်းရုံးကာ တရုတ်နိုင်ငံသို့ခေါ်ဆောင်သွားပြီး တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့သူ မအေးအေးမွန် (၄၀နှစ်) ကရုဏာ ၂ လမ်း (၄) ရပ်ကွက် မြောက်ဥက္ကလာပနေသူနှင့် အပေါင်းအပါ အမျိုးသမီးတစ်ဦးတို့အပေါ် အရေးယူပေးရန် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံနယ် မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာ ရွှေပေါက်ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

အမှုမှ မအေးအေးမွန် (၄၀ နှစ်)ကို ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးရမိပြီး ကျန်တစ်ဦးအား ဖမ်းဆီးရမိရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၄၅)**

တရားမဝင် အကောက်ခွန်မဲ့ အထည်ချုပ်စက်ရုံသုံးပစ္စည်းများ သိမ်းဆည်း

နေပြည်တော် ဇူလိုင် ၂၇

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရန်အတွက် ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများကို X-Ray စက်ဖြင့် စစ်ဆေးခြင်း၊ ကုန်သေတ္တာများကို မျက်မြင်ဖွင့်ဖောက်စစ်ဆေးခြင်းများ ပြုလုပ်နေရာ ဇူလိုင် ၁၅ ရက်က မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ AMG Factory Limited က တင်သွင်းလာသော Fabric and Accessories (1.4) Items ကို X-Ray စက်ဖြင့် စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားခြင်းမရှိသော CMP စက်ရုံသုံးပစ္စည်းကိုးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ သိန်းခန့် တွေ့ရှိရသဖြင့် အကောက်ခွန်ဥပဒေအရ အရေးယူသိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုရင်ကြီးတစ်ပါး ရေတွင်းထဲပြုတ်ကျသေဆုံး

ရွှေတောင် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့မရဲစခန်းတွင် ဒုရဲအုပ်သန်းလင်းဦးသည် တာဝန်မှူး တာဝန်ထမ်းရွက်နေစဉ် ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီခွဲက ဒုရင်ဂဗိုလ်အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ ရောက်ရှိလာပြီး ဒုရင်ဂဗိုလ်အုပ်စု ယော့ဒေါင့်ကျေးရွာရှိ ပေါ်တော်မူဘုန်းကြီးကျောင်းဝင်းအတွင်း၌ အကျယ်ခြောက်ပေ အနက် ၂၅ ပေရှိရေတွင်းထဲသို့ ကိုရင်ကြီးတစ်ပါး ပြုတ်ကျသေဆုံးနေကြောင်း သတင်းပေးပို့သဖြင့် ရွှေတောင်မြို့မရဲစခန်းက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းလှိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူသည် ကိုရင်ကြီး ဦးတေဇိန္ဒဖြစ်ပြီး ကိုရင်ကြီးစည်းရက် ကိုးရက်၊ (၅၁)နှစ်၊ ပေါ်တော်မူ ဘုန်းကြီးကျောင်း ယော့ဒေါင့်ကျေးရွာနေသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အလောင်းကို ရွှေတောင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ယင်းအမှုကို နံနက် ၁၁ နာရီတွင် ရွှေတောင်ရဲစခန်းမှ အမှုဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၁၆)**

ကောလင်းမြို့နယ် တောင်ကြီးရွာအနီး တောထဲ၌ လူတစ်ဦးသေဆုံး

ကောလင်း ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် တောင်ကြီးရွာအနီးတွင် လူတစ်ဦးသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီခွဲက တရားလို ဦးထွန်းသိန်းသည် တောင်ကြီးရွာအနီး လယ်ထွန်နေစဉ် တူမတော်စပ်သူ မဆင့်(၂၈နှစ်)သည် အပြေးအလွှားရောက်ရှိလာပြီး "လေးလေးဒေါ်သီတာ တောင်ကြီးရွာမြောက်ဘက်နှစ်မိုင်လောက်ဝေးတဲ့လယ်တောထဲမှာ မြွေကိုက်ခံရလား မသိဘူး၊ လဲနေတယ်"ဟု ပြော၍ သွားရောက်ကြည့်ရှုရာ ဦးထွန်းသိန်း၏ဇနီးဖြစ်သူ ဒေါ်သီတာ(၄၂ နှစ်)သည် တောထဲတွင် မြေကြီးပေါ်လဲနေပြီး မျက်နှာတွင် ဓားခုတ်ဒဏ်ရာ နှစ်ချက်၊ လည်ပင်းနောက်တွင် ပြတ်ရှဓားခုတ်ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဇနီးဖြစ်သူကို ဓားဖြင့်ခုတ်သတ်သူကို စုံစမ်းဖော်ထုတ်ပေးပါရန် ဦးထွန်းသိန်းက တရားလိုပြုကာ တိုင်တန်းထားသော အမှုဖြစ်ကြောင်း သိရသည်။

ကောလင်းရဲစခန်းက အမှုမှန်ပေါ်ပေါက်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **လှအောင်(ကသာ)**

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ၄-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ (ပြည်နယ်ထမင်းဟင်းလျာဖြင့် ဧည့်ခံပါမည်။)

(၁)ဦးစောန့်သန်းစိန် ဖုန်း-၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆၊ (၂)ဒေါ်ဘောဘီ ဖုန်း-၅၇၇၈၁၂၊ ၀၉-၅၁၇၃၃၇၈၊ (၃)ဦးတင်မောင်ဝင်း ဖုန်း-၃၈၃၀၃၁၊ (၄)ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉၊ (၅)ဒေါ်ခင်မကြီး ဖုန်း-၃၇၁၁၉၇၊ (၆)ဒေါက်တာအေးအေးစူး ဖုန်း-၃၉၃၀၆၃၊ (၇)ဒေါက်တာ ခင်ညိုညို ဖုန်း-၅၅၉၂၆၉၊ (၈)ဒေါ်ကြည်ကြည်ဆွေ ဖုန်း-၀၉-၅၁၆၆၂၄၈၊ (၉)ဒေါ်ညိုမာသွယ် ဖုန်း-၀၉-၅၀၂၁၈၁၅၊ (၁၀) ဒေါ်ခင်မြဝေ ဖုန်း-၅၆၁၈၂၄၊ (၁၁)ဒေါ်လှလှချိန် ဖုန်း-၀၉-၅၀၇၇၉၂၃၊ (၁၂)ဒေါ်ကြည်ကြည်နိုင် ဖုန်း-၀၉-၅၁၄၃၀၈၂

အမှုဆောင်အဖွဲ့

NUS ISS Institute of Systems Science

Graduate Dip. in Systems Analysis (GDip.SA)

(4 Aug 2013)

www.nus.iss.edu.sg

ORION

ဦးကျော်စွာမြင့် ၁၂/ဗတထ(နိုင်)၀၀၉၉၂၇ ဥက္ကဋ္ဌ၊ အရှေ့ဖျားမဟာမိတ်လုပ်ငန်းစု ကုမ္ပဏီလီမိတက်၊ အမှတ် ၂၁၅၊ ၄၀လမ်း၊ ၃၀ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆ/ရပ်ကွက်၊ သုနန္ဒာ ၁၂ လမ်း၊အမှတ် ၁၉၅နေ ဦးစောသိန်း ၁၂/ရကတ(နိုင်)၀၀၆၀၈၀နှင့် ဦးကျော်စွာမြင့်တို့သည် ၉-၁၂-၂၀၁၂ ရက်စွဲပါ လုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ပဋိညာဉ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီး မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်ခန်းလောင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ ဦးပိုင်အမှတ် ၄/၅က၊ မြေဧရိယာ ၀၁၃သမ၁၇၉ ဧကပေါ်တွင် တည်ဆောက်ထားသော Smile World Hotel (or) Princess Amayar အမည်ရှိ ဟိုတယ်အဆောက်အအုံကို အကျိုးတူပူးပေါင်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြကြောင်း ညွှန်ကြားချက်အရလည်းကောင်း၊ စာချုပ်အရလည်းကောင်း သိရှိရပါသည်။

သဘောတူညီချက်အပိုဒ်(၅)အရ ဌာနဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် ဦးကျော်စွာမြင့်က ဆောင်ရွက်ပေးရန် တာဝန်ယူထားပါသည်။

ယခုအခါ ဟိုတယ်လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်မှာ ၂၅-၃-၂၀၁၃ ရက်မှစ၍ ပိတ်သိမ်းခံထားရသဖြင့် ဦးကျော်စွာမြင့်မှ သက်ဆိုင်ရာဌာနများတွင် ရှင်းလင်းပေးရမည့် တာဝန်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်စွာမြင့်သည် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသော ပုဂံမြို့သစ်ရှိ Smile World Hotel (or) Princess Amayar ၏ လုပ်ပိုင်ခွင့်လိုင်စင်ကို ဤကြော်ငြာထည့်သွင်းပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ဖြေရှင်းပေးရန် အကြောင်းကြားလိုက်ပါသည်။

ဦးကျော်စွာမြင့်အနေဖြင့် ဤကြေညာပါစာအတိုင်း လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက ဟိုတယ်ပိတ်ထားရသည့်အတွက် ဦးစောသိန်းတွင် ဖြစ်ပေါ်ခံစားခဲ့ရသော ဆုံးရှုံးမှုများအတွက် နစ်နာကြေးငွေကို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲတောင်းဆိုတော့မည်ဖြစ်ကြောင်း ဦးကျော်စွာမြင့်အား သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာထွန်း: B.A, R.L	**ဒေါ်ဝတ်ရည်ဝင်း: LL.B**
တရားလွှတ်တော်ရှေ့နေ(၁၉၀၁)	**အထက်တန်းရှေ့နေ(၂၈၂၁၅)**
အမှတ် ၂၀၂၊ ဥက္ကာ ၇လမ်း၊ ဂ/ရပ်ကွက်၊	**အမှတ် ၁က၊ မေဓာဝီလမ်းမ၊**
မြောက်ဥက္ကလာပမြို့နယ်	**စ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**



လူပျောက်ကြော်ငြာ

နေပြည်တော်၊ ပျဉ်းမနား၊ ကင်မွန်းတန်းကျေးရွာတွင်နေထိုင်သော ဦးအောင်စိန် (၇၈)နှစ်သည် ၁၇-၇-၂၀၁၃ ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-၀၉-၈၃၅၁၂၉၉၊ ၀၉-၄၂၈၂၁၄၉၇၀၊ ၀၆၇-၃၈၃၅၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၁၃၄ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရင် ၁/မမန(နိုင်)၀၃၁၇၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဌ/၆၉၉၃ ထရော်လာဂျီလယ်ယာသုံး ထရပ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခွန် ၁၃/လရန(နိုင်)၀၃၃၇၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်အပိုင်း (၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၃၊ စက်မှုမြေကွက်အမှတ် (၁)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လွင်လွင်အေး ၆/မအရ(နိုင်) ၀၂၈၀၆၁ ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဦးဘင်သစ် ၁၂/ကမတ(နိုင်) ၀၆၄၀၂၃ က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေငှားဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

နယ်သတင်းနှင့်ကြော်ငြာ

တင်းနစ်အားကစားနည်း တိုးတက်ရေး ပဲခူးမြို့၌ သင်ကြား

ပဲခူး ဇူလိုင် ၂၇

ပဲခူးမြို့ လူငယ်တင်းနစ်ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးသင်တန်းမှ နည်းပြဆရာ ဦးတင့်လွင်(ခ)ဆရာပွိုင့်နှင့် ရန်ကုန်မြို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်များ၊ အမေရိကန်နိုင်ငံမှ နည်းပြဆရာ မစ္စတာရော်ဘင်တို့ပူးပေါင်း၍ ပဲခူးမြို့မှ ကျောင်းသား ကျောင်းသူ ၈၀ ကျော်တို့အား တင်းနစ်ကစားနည်း တိုးတက်လာစေရန် သရုပ်ပြခြင်း၊ လေ့ကျင့်ခြင်းများကို ဇူလိုင် ၂၁ရက်က ပြုလုပ်ပေးခဲ့သည်။ **(ဝဲပုံ)** (၁၂၁)

(၃)ကြိမ်မြောက် အာရှမသန်စွမ်းဘိုးလင်းပြိုင်ပွဲ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ကြေးတံဆိပ်ရရှိ

ရန်ကုန် ဇူလိုင် ၂၇

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၃) ကြိမ်မြောက် အာရှမသန်စွမ်းဘိုးလင်း အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်အတွင်း ရေးမှူး ဦးမျိုးအောင် ခေါင်းဆောင်သော မသန်စွမ်းဘိုးလင်းအားကစားသမားအဖွဲ့သည် ဇူလိုင် ၂၁ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဦးကျော်စိုး၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမား မိသားစုများ ကြိုဆိုကြသည်။

ယှဉ်ပြိုင်

အဆိုပါ မသန်စွမ်းဘိုးလင်းအားကစား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ကိုရီးယား၊ ဒုတိယဖိလစ်ပိုင်၊ တတိယမြန်မာတို့ရရှိသည်။ ထိုပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ ကိုရီးယား၊ မြန်မာ၊ ဘရူနိုင်း၊ တိုင်ပေ၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံတို့ ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)** **တင်စိုး(မြန်မာ့အလင်း)**

အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်

ခင်ဦး ဇူလိုင် ၂၇

ခင်ဦးမြို့နယ် မဒေါင်းကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ကို ယခင်သာသနာ့မြေပေါ်မှ ယခုအလှူရှင် လှူဒါန်းသည့် ကျေးရွာပိုင်မြေပေါ်သို့ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့် မြို့နယ်သာသနာရေးဦးစီးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျောင်းဖွင့်ပွဲ အခမ်းအနားပြီးစီးပြီးနောက် နံနက် ၁၀ နာရီတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် အခက်အခဲမရှိ ပညာသင်ကြားလျက်ရှိသည်။ အဆိုပါကျောင်းကို ပင်မကျောင်းဆောင်၊ တိုးချဲ့ဆောင်နှင့် ကျောင်းသုံးအိမ်သာများ၊ ပြောင်းရွှေ့ဆောက်လုပ်ထားပြီးဖြစ်သည်။ ၎င်းကျောင်းဆောင်သစ်မြေနေရာကို အလှူရှင် ဦးအောင်သန်း ဦးပိုင်အမှတ် (၅၀)မှ ဝဒသမ၈၂ဧက ရှိလယ်မြေကို စာသင်ကျောင်းမြေအတွက် လှူဒါန်းကြောင်း သိရသည်။ **(ခင်ဦး စိုးဝေ)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အခြေခံပညာ အလယ်တန်းအဆင့် အခွန်ဆိုင်ရာပညာပေးဟောပြောပွဲကို ဗိုလ်မင်းရောင်ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းခန်းမတွင်ဇူလိုင်၂၄ရက်က မြို့နယ်အခွန်ဦးစီးမှူး ဒေါ်မေဇော်ဦးက အခွန်အကြောင်း သိကောင်းစရာများကို ဟောပြောစဉ်။ (၀၂၁)

အမည်ပြောင်း

ဦးကျော်ကျော်၏သား တာမွေမြို့နယ် အမက (၇) စတုတ္ထတန်း ခ-၂ မှ မောင်အာကာမိုးမင်းအား မောင်ဝေယံဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံဟိန်း**

မွေးသက္ကရာဇ်အမှန်

ဦးစိုးလွင်၏ သမီး မော်ဘီမြို့ နည်းပညာတက္ကသိုလ်ဝင်တန်းမှ မအေးချမ်းမေ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၄-၁၉၉၅ ဖြစ်ပါသည်။

မနောရမ္မ ပညာဒါနသင်တန်းများဖွင့်မည်

ဝါရင့် ဆရာ/ဆရာမကြီးများကိုယ်တိုင် အင်္ဂလိပ်၊ ပြင်သစ်၊ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ စပိန်၊ မလေး၊ ထိုင်း၊ အီလက်ထရွန်နစ်၊ ဆေးဝါးသုတ၊ ကွန်ပျူတာသင်တန်းများနှင့် စာရင်းကိုင် LCCI -I+ II + III သင်တန်းများကို ပညာဒါနအဖြစ် သင်ကြားပေးမည်။

သင်တန်းအားလုံး - ၃-၈-၂၀၁၃ ရက်ဖွင့်မည်။
စုံစမ်းရန် - ၅၁၈၀၂၄၊ ၅၃၇၀၂၆ (စမ်းချောင်း)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် လယ်ဝေးမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ကြေးမုံရပ်၊ ဦးပိုင်အမှတ် (၄ဃ)၊ ဧရိယာ ၀ ဒသမ ၈၉၈ဧက၊ မြေကွက်တည်နေရာအမှတ် (၄ဃ)၊ ၃၂/ကြေးမုံရပ်၊ အမှတ်(၁)၊ လယ်ဝေးမြို့ရှိ ဦးစန်းကိုအမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေအား အမည် ဦးစန်းကို ၉/လဝန(နိုင်)၀၇၇၇၉၁ (ဘ)ဦးလှစိန်ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံနှင့် မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၊ အိမ်အမှတ် (ခ/၁၂၈)နေ ကျွန်မ ဒေါ်ရင်ရင်အေး၏သား မောင်ဝေဖြိုးအောင်သည် ကျွန်မ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ၂၄-၇-၂၀၁၃ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း။

ဒေါ်ရင်ရင်အေး
၁၃/နဆန(နိုင်)၀၀၃၃၅၄

နန်းထိုက်သူ အဆင့်မြင့်ဟိုတယ်
ကမ်းနားလမ်း၊ မကွေးမြို့
(၂၁.၇.၂၀၁၃)ရက်နေ့တွင် အောင်မြင်စွာ
ဖွင့်လှစ်နိုင်သည့်အတွက်
လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း
ဦးသန်းစိုး + ဒေါ်တင်စိန်(ခ)ဒေါ်တင်ဝေ
ထူးပိုင်ဝေ ကုမ္ပဏီလီမိတက်
မိတ္ထီလာမြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

အမည်မှန်

ဦးထွန်းထွန်းဦး၏သမီး၊ ဖျာပုံမြို့၊ အမက (၇) ပထမတန်းတွင် ပညာသင်ကြားနေသော မထွန်းအိန္ဒြာဦး၏အမည်မှန်မှာ မအေးချမ်းဖြိုးဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်သူလွင်၏ သင်္ဘောသား အသိအမှတ်ပြု (SID) Card သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၄၁၁၇၄

MICO

T-SHIRT : 650 Ks

01-430916,09-5141086,09-33337126

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၁၇၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၇၃/ခ၊ (၇)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးသန်းမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင်ကွယ်လွန်သဖြင့် ဒေါ်ကြည် ၁၂/ရကန(နိုင်)၀၃၁၆၅၈ က တရားဝင်တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ၆၁၄၅/၁၀-၄-၂၀၁၃ ရသူ ဒေါ်ကြော့ကြော့ခင် ၁၂/သဃက(နိုင်)၀၀၇၆၈၃က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရပ်၊ မြေကွက်အမှတ် ၂၄၀၊ မြေကွက်တည်နေရာအမှတ် ၂၄၀၊ ငမိုးရိပ်စလမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း ဦးစောမောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစောမောင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ၁။ ဦးအောင်ထွန်း ၈/မမန(နိုင်) ၁၀၈၇၃၅၊ ၂။ ဦးဇော်ဝင်း ၁၄/ဒဒရ(နိုင်) ၀၇၀၂၆၄တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သောင်ကြီးတောင်၊ အဆင့်-၂) မြေတိုင်း(၃)၊ မြေကွက်အမှတ်(၆၉၆)၊ မြေဧရိယာ ၂ဒသမ ၄၇၁ ဧကအား အမည်ပေါက် ဦးဇော်မင်းထွန်း MGK-၀၅၃၅၃၂နှင့် ဒေါ်စိုးစိုးသီ ၇/ကဝန(နိုင်)၀၉၃၃၇၁တို့ထံမှ နောက်ဆုံးပြန်လည်ဝယ်ယူထားသူ ဦးစောဝင်း ၁၂/ကတတ(နိုင်) ၀၀၉၆၅၀က ၄င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၆၀၈၊ မြေကွက်တည်နေရာအမှတ် ၆၀၈၊ သမြေလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးတင်မောင် ၁၂/ဥကမ(နိုင်)၀၃၆၅၅၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးတင်မောင်ကွယ်လွန်သဖြင့် ဒေါ်ဝင်းကြည် ၁၂/ဥကမ(နိုင်)၀၃၆၅၅၆က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၀၃/၂၉-၅-၂၀၁၃)ဖြင့်ရရှိသူ ဦးဇော်မင်းထွဋ် ၇/အဖန(နိုင်)၀၅၈၉၉၃က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁B², မြေကွက်အမှတ် Southern Fifth of II-20 and Southern ½ of 2nd Southern 1/5 of II-20 ၊ မြေကွက်တည်နေရာအမှတ် ၃၁/၃၃၊ ရွှေတိဂုံဘုရားလမ်း၊ Ma Khin Chain @ Ma Mya Sein, Ong Beng Hong @ Mg Kyaw Aye and Ong Beng Hwee @ Mg Tin Aye အမည်ပေါက် မြေပိုင်မြေအား ဘီးလစ်ဦးအေးထွန်းသာ ၁၁/ကဖန(နိုင်)၀၀၃၀၉၅က ဖော်ပြပါမြေ၏ မြေအမည်ပေါက်ခဲ့သည့် အရောင်းအဝယ်စာချုပ် ၈၂၄/၁၉၅၈(၂၈-၁၀-၅၈)၊ မြေအမည်ပေါက်တစ်ဦးဖြစ်သူ Ma Khin Chain @ Ma Mya Sein မှ ကျန်မြေအမည်ပေါက်နှစ်ဦးအား ပေးကမ်းသည့်စာချုပ် ၁၄၈၉/၁၉၆၁ (၉-၁-၆၁)၊ ဦးလှဝင်းက ကျန်မြေအမည်ပေါက်နှစ်ဦးဖြစ်သည့် အွန်ဘိန်ဟောင်(ခ)ဦးကျော်အေးနှင့် အွန်ဘိန်ဗွီး(ခ)ဦးတင်အေးတို့အား အရောင်းအဝယ်ကတိစာချုပ်မှတ်ပုံတင်အရ မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသည့် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၂၀၁၂၏ ၇-၁-၂၀၁၃ရက်စွဲပါ စီရင်ချက်၊ အနိုင်ဒီကရီ၊ ၄င်းအား တရားရုံးများကိုယ်စား အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရာတွင် ဆောင်ရွက်ရန်ခန့်အပ်သည့် ၃၀-၄-၂၀၁၃ ရက်စွဲပါ လသာမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၁/၂၀၁၃၏ ထုံးပုံကျအပြီး သတ်အမိန့်၊ တာဝန်ခံ မိတ္တူမှန်တို့တင်ပြ၍ အရောင်းအဝယ်နှင့်အမှားပြင်စာချုပ်ရန်မြေပုံကူးယူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဝင်းစိုး ၁၀/မလမ(နိုင်)၁၈၄၇၀၇
(အုပ်ချုပ်မှုဒါရိုက်တာ လမင်းခန့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် LC-377)နှင့်
ဒေါ်နှင်းအိဖြူ ၁၂/ပဘတ(နိုင်)၀၂၇၆၈၁၊ အမှတ် ၉၅၊ ရွှေတောင်တန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ သိသာရန်

ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးဝင်းစိုး(ကန်ထရိုက်တာ)အဖြစ် ဆောက်လုပ်လျက်ရှိသော

(၁) အမှတ် ၆၃၊ ၁၀လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ သုံးလွှာအခန်း
(၂) အမှတ် ၆၃၊ ၁၀လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ လေးလွှာအခန်း
(၃) အမှတ် ၆၃၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ ငါးလွှာအခန်း
(၄) အမှတ် ၆၃၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ ခြောက်လွှာအခန်း
(၅) အမှတ် ၄၆၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ ငါးလွှာအခန်း
(၆) အမှတ် ၄၆၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ ခြောက်လွှာအခန်း
(၇) အမှတ် ၄၆၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ရှစ်ထပ်တိုက်၊ ထိပ်ဆုံးလွှာအခန်းများနှင့်

ဒေါ်နှင်းအိဖြူ(ကန်ထရိုက်တာ)အဖြစ် ဆောက်လုပ်လျက်ရှိသော အမှတ် ၁၂၄၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်ရှိ ခြောက်ထပ်တိုက်၊ လေးလွှာအခန်းတို့ကို ကျွန်ုပ်၏မိတ်ဆွေများမှ အခန်းအရစ်ကျ ဝယ်ယူသူများအဖြစ် စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ကြပါသည်။ စာချုပ်ပါအတိုင်း သဘောတူထားသည့် စရန်ငွေများကိုလည်း ပေးချေပြီးဖြစ်ပါသည်။

လူကြီးမင်းတို့နှစ်ဦးမှ ကျွန်ုပ်၏မိတ်ဆွေအသီးသီးနှင့် ချုပ်ဆိုသော စာချုပ်များပါအတိုင်း ဆောင်ရွက်ခြင်းတစ်စုံတစ်ရာမပြုလုပ်ဘဲ စရန်ငွေများကိုသာရယူလျက် ကျွန်ုပ်၏မိတ်ဆွေများကို ဆက်သွယ်ခြင်းမပြုသည့်ပြင် ရှောင်တိမ်းနေကြောင်း သတင်းအရသိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ဆက်သွယ်ဖြေရှင်းပါရန်နှင့် ဖြေရှင်းခြင်းမပြုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဖေခင် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၆၄)
အမှတ် ၁၇၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၈၃၀၃၁၆၇

အမည်ဖြည့်စွက်ခေါ်ပါရန်

ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်၊ ဦးနာရာရ်ရမ်း၏သား အထက ရပ်စောက်၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဆူနီးလ် ၁၃/ရစန(ပြု) ၀၀၀၃၁၅အား မောင်ဆူနီးလ်(ခ)မောင်ကျော်နိုင်ဦးဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ဆူနီးလ်(ခ)မောင်ကျော်နိုင်ဦး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်းအကွက်အမှတ် ၈၉၊ အကွက်အမည် မုံတဝရွာအနောက်၊ မြေကွက်အမှတ် ၄၄၊ ဧရိယာ ၀ဒသမ ၀၅၇၊ အမျိုးအစား (အိပ်ချ်)၊ ဂရန်အမှတ်တွဲအမှတ်(၉၁၅/၁၉၉၃)ဂရန်ပျောက်ဆုံးသွား၍ ပိုင်ရှင်မှ ဂရန်မိတ္တူလျှောက်ထားမည်ဖြစ်ပါ၍ ၁၅ ရက်အတွင်းကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ခင်မိုးမိုးသန်း
၁၃/တကန(နိုင်)၀၁၅၀၁၁
ဖုန်း-၀၉-၅၂၄၁၀၁၉

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

FROM EXPERIENCE - BASED TRADITIONAL MEDICINE TO EVIDENCE - BASED TRADITIONAL MEDICINE

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

Future Engineer Generation Training School

M&E Working Drawing
M&E Service Drawing
Units, Layers, Colors, Line types, Text sizes, File names
M&E AutoCAD
Revit MEP

M&E Electrical Design
Electrical Services Knowledge
One Line Drawing
Complete Estimate

M&E Mechanical Design
ACMV
Drawing
Cooling (heat) Load
Duct Design
Pipe Sizing (Plumbing)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-အိပ်ချ်)၊ မြေကွက်အမှတ် ၃၅အယ်လ်/၂၊ ဧရိယာ ၀.၁၁၁၁ မ ၆၉၇ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၁-စီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်စာမော်နိုင်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၃၁၆/၂၀၁၃ကိုရရှိထားသူ ဒေါ်တင်သီမော်နိုင် ၁၂/ဗဟန(နိုင်)၀၅၄၅၅၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း B.A(Law), LL.B (စဉ်-၃၅၅၇) — **ဒေါ်ကြည်ကြည်ငွေ B.A(Law), LL.B** (စဉ်-၂၃၆၇)

တရားလွှတ်တော်ရှေ့နေများ

အိသီရိမွန် LL.B အထက်တန်းရှေ့နေ(စဉ်-၃၆၉၄၇)

အမှတ်(၆စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁၊ အလျား×အနံပေ(၃၀×၅၀)၊ ဧရိယာစတုရန်းပေ ၁၅၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄၅)ရပ်ကွက်၊ ပုန်းညက်လမ်း၊ အမှတ်(၁)နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီ ၁၂/ဥကမ (နိုင်)၀၂၃၅၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းရီ(စဉ်-၁၄၈၀) တရားလွှတ်တော်ရှေ့နေ

အမှတ် ၅၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၁-၂၂၁၁၇၇၊ ၀၁-၂၁၅၄၃၉၊ ၀၉-၅၀၀၅၄၈၇

ကန့်ကွက်နိုင်ပါသည်

